www.burmeseclassic.com



|ပန်းဝေဘာ|

# မျှော်လင့်ခြင်း တေးသံ

ဒီဇိုင်း မောင်နေမျိုး

www.burmeseclassic.com

www.burmeseclassic.com



အနုပညာလုပ်ငန်း

တိုက်(ဖ)၊ အခန်း(၃)၊
ကြို့ကုန်းရိပ်သာ၊ အင်းစိန်
ရန်ကုန်
ဖုန်း၊ ၀၁၊ ၆၆၃၄၇၅ . . .



BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com

စာမူခွင့်ပြုချက်
၂၄၈/၉၈ (၆)

မျက်နှာဖုံးခွင့်ပြုချက်
၂၂၀/၉၈ (၆)

ထုတ်ဝေသူ
ဦးမြသန်း

အသိုင်းဝိုင်းစာပေ
(မြ-၀၁၅၀)
ဇွဲစုံရပ်၊ ကမ္ဘာအေး
၁၉၉၈၊ ဇွန်၊ ပထမအကြိမ်





# မောင်ညိုအေး (ပန်းတော)

## မျှော်လင့်ခြင်းတေးသံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာစာစီ
ရွှေစမ်းချောင်း
၁၂၄/၂၊ စမ်းချောင်းလမ်း၊
စမ်းချောင်း။

မျက်နှာဖုံး
နှင့်
ရေခဲပန်းချီ
မောင်နေမျိုး

ကာလာခွဲ
မြကျွန်းသာ

စာတုပ်ချုပ်
ကိုသန်းငွေ

မျက်နှာဖုံးနှင့်
စာတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း၊ ကလျာအော့ဖ်စက်
(မြ - ၀၂၆၇၀၊ ၁၅၂)
ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ





## မောင်ညိုအေး မိတ်ဆက်

(၁)

BURMESE CLASSIC .com

မောင်ညိုအေး-ကိုကျွန်တော်စတင်သိကျွမ်းရသည့် ကာလသည် ၁၉၈၈ ပတ်ဝန်းကျင်ဟုမှတ်မိနေပါသည်။

ထိုညကကျွန်တော်နှင့် နွမ်ဂျာသိုင်းတို့ အသိတစ်ယောက်၏ အိမ်ကိုသွားကြသည်။ ထိုမှအပြန် အင်းစိန်တွင်ရှိသောစာအုပ်ဆိုင်လေးတစ်ဆိုင်ကို ဝင်သည်။ ထိုစာအုပ်ဆိုင်မှ လူငယ်တစ်ဦးနှင့် ကျွန်တော့်ကိုနွမ်ဂျာသိုင်းက မိတ်ဆက်ပေးခဲ့ပါသည်။ သူ့နာမည် မောင်ညိုအေး (ပန်းတော )၊ နွမ်ဂျာသိုင်း၏ ' ပန်းနုသစ်သီ ' မှ မွေးဖွားပေးလိုက်သည့် ကလောင်သစ်တစ်ချောင်း။ မဂ္ဂဇင်းအချို့ စာမျက်နှာမှာ ဝတ္ထုတို၊ ကဗျာများရေးနေသူ။

ကျွန်တော်တို့လဘက်ရည်ဆိုင်ထိုင်ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

၁၉၉၀ ခုနှစ် နောက်ပိုင်းကာလမှာ သူသည်အရှက်ပန်းများ ပွင့်ရာ၊ ညမွှေးပန်းများရှိရာအရပ်သို့ခရီးရှည်ထွက်သွားပြီဖြစ်ကြောင်း ကြားရသဖြင့်စိတ်မကောင်း ။

သို့သော်လည်း သူ့ခရီးရှည်ဗာစမှာပင် သူ့နောက်ကြောင်းလှည့်ပြန်လာခွင့်ရခဲ့ပါသည်။

သူနှင့်မဆုံဖြစ်၊ မတွေ့ဖြစ်သော်ငြားသူ့ကိုစာတွေဆက်ရေးဖို့ နှမ်ဂျာနှင့်ဆုံတိုင်းကျွန်တော်မှာဖြစ်ခဲ့သည်။

(၃)

၁၉၉၅ - ၉၆ ပတ်ဝန်းကျင်ကထင်ပါသည်။

ကျွန်တော့်ဆီကို မောင်လှမျိုး ( ချင်းချောင်းခြံ ) ရောက်လာပြီး သူနှင့် တွဲဖို့ ဝတ္ထုလတ်တောင်းသည်။ မောင်လှမျိုးကို ငွေကြေးကိစ္စမပါဘဲ ကျွန်တော် ကူညီလိုက်ပါသည်။ မောင်လှမျိုးနှင့် မောင်ညိုအေးက သူငယ်ချင်းတွေမို့ မောင်ညိုအေးကိုပါ စာဆက်ရေးဖို့ လူကြုံမှာရပြန်သည်။



(၄)

တစ်နေ့ လှည်းတန်းလက်ဖက်ရည်ဆိုင်ကို မောင်ညိုအေး ရောက်လာပြီး နှမ်ဂျာရဲ့ ခေါင်းယာဉ်ပျံစာပေမှာ သူ ဝင်ကူလုပ်နေကြောင်းနှင့် သူ့စာအုပ်တွေကို ထိုစာပေမှ နှမ်ဂျာကထုတ်ပေးမည့်အကြောင်း ပြောသည်။

သူနှင့်တွဲရန် ကျွန်တော်ဝတ္ထုလတ်တစ်ပုဒ်ပေးကာ အမြန်ထုတ်နိုင်းလိုက်သည်။ ထိုစာအုပ်ထွက်အပြီး နှမ်ဂျာနှင့်တွဲကာ နောက်တစ်အုပ်ထွက်လာသည်။

၁၉၉၇ မှစပြီး လှည်းတန်းလက်ဖက်ရည်ဆိုင်မှာ သူနှင့် ကျွန်တော် အတွေ့များလာခဲ့သည်။

သူနှင့်ဆက်နွယ်ပြီး သူနှင့် စိတ်တူကိုယ်တူ လူငယ်တစ်ဦးဖြစ်သော ညီမင်းနှင့် သိကျွမ်းရင်းနှီးခွင့် ရခဲ့သည်။ သူက အစစကူညီပြီး ညီမင်းကထုတ်ဝေသူလုပ်သော 'မိုးမခ' စာပေအတွက် ကျွန်တော် စာအုပ်တွေ ရေးပေးဖြစ်ခဲ့သည်။

သူတို့နှင့်ကျွန်တော် လက်ဖက်ရည်ဆိုင်မက ဘီယာဆိုင်မှာပါ ထိုင်ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ့အစ်ဦးတည်းရေးသည့် သူ့ပထမဆုံးလုံးချင်းစာအုပ်မှာ အမှာစာရေးပေးဖို့ ပြောလာသည်။

ကျွန်တော်သည် သူနှင့်လူချင်းရင်းနှီးသည်မှာကြာပြီဖြစ်သဖြင့် သူ့စေတနာ၊ သူ့ခံယူချက်ကို အကြွင်းမဲ့ နားလည်ထားခဲ့ပါသည်။ သူ့ရပ်တည်ချက်ကို သိထားခဲ့ပါသည်။

သူသည် မဂ္ဂဇင်းစာမျက်နှာများကို ဖြတ်သန်းလာခဲ့သည့် ပင်ကိုယ်ရေးကလောင်စစ်စစ်ဖြစ်သဖြင့်လည်း သူ့ကို ကျွန်တော်တို့ လက်ကမ်းကြိုဆိုရပေမည်။

လုံးချင်းလောက၏အားနည်းချက်များကို သူသည်တစ်ဒေါင့်တစ်နေရာမှ ဖြည့်စွမ်းပေးနိုင်မည်ဟုလည်း ကျွန်တော်ယုံသည်။

(၄)

" ရသကောင်းဟူသည်၊ သက်ရှိသက်မဲ့၊ ပတ်စန်းကျင်ဘဝ၌မြင်နေကြရသော၊ ကြားနေကြရသော၊ အာရုံတို့အပေါ်၌ စာရေးဆရာ၏စေတနာသက်ရောက်၍ သူ့အမြင်၊ သူ့အကြား၊ သူ့အကြံတို့ကို သူ့စေတနာအလိုက် သရုပ်ဖော်ဖွဲ့ဆိုထားသော စာမျိုးဖြစ်သည်ဟု ယူဆပါသည်။ တနည်းဆိုရသော် ရသစာပေကောင်းဟူသည်၊ စာရေးဆရာ၏စိတ်စေတနာကို ရေးထားသော စာမျိုးဖြစ်သည်ဟု ဆိုလိုပါသည်၊ "



ရသစာပေ၏သဘောကို ဆရာဇော်ဂျီကအထက်ပါအတိုင်း ဖွင့်ဆိုခဲ့ပါသည်။

မောင်ညိုအေး၏ စေတနာ၊ စိတ်တို့နှင့် ရင်းနှီးကျွမ်းဝင်စွာ ပေါင်းမိသူတစ်ဦးအဖြစ်ကျွန်တော်သိနေ၊ ယုံနေပါသည်။

သူ့စာ၊ အနုပညာမြောက်မမြောက်ကိုကား သူ့စာဖတ်ပရိသတ်က ဆုံးဖြတ်၍၊ သူနှင့်ထိုက်တန်သော နေရာတစ်ခုကို သူ့စာဖတ်ပရိသတ်က သူ့အားပေးလိမ့်မည်ဟုသာ ယုံကြည်နေမိပါသည်။

ကျွန်တော်တို့ကတော့ ကိုယ့်နောက်မှ လိုက်လာသူများကို ဝမ်းမြောက်ဝမ်းသာ လက်ကမ်းကြိုဆိုနေမိမည်သာ . .။

မောင်စိန်ဝင်း ( ပုတီးကုန်း )
၁၉၉၈ မေလ ၂၇ ရက်

www.burmeseclassic.com

www.burmeseclassic.com



**မောင်ညိုအေး ( ပန်းတော )**

**သို့**

**ဝမ်းမြောက်စကား**

၁၉၈၈ ပတ်ဝန်းကျင်တွင် ပန်းနုသစ်သီကဏ္ဍမှ တဆင့် ပန်းဝေသီစင်မြင့်ပေါ် သို့ ရောက်ရှိလာခဲ့သည့် မောင်ညိုအေးသည် ခုခါမှာ ဝတ္ထုရေးသက်ဆယ်နှစ်နီးပါးရှိခဲ့ပြီဟုဆိုနိုင်ပါသည်။

ပြီးခဲ့သည့်နှစ် (၁၉၉၇ ခုနှစ်) တွင် ဒေါင်းယာဉ်ပုံနှိပ်မှ ကျွန်တော့် အစီအစဉ်ဖြင့် မောင်စိန်ဝင်း(ပုတီးကုန်း) နှင့်တွဲဖက်၍တစ်ခါ၊ ကျွန်တော့်ဝတ္ထုလတ်တစ်ခုဖြင့် တွဲဖက်၍တစ်ခါ မောင်ညိုအေးကို ပရိသတ်နှင့်မိတ်ဆက်ပွဲထုတ်ပေးခဲ့ပါသည်။

ယခုအခါမှာတော့ ပရိသတ်များနှင့် အတော်အတန်ရင်းနှီးပြီးဖြစ်သည့်အပြင်၊ စာဖတ်ပရိသတ်အတော်များများ၏ လက်ခံအားပေးမှုကို ရရှိပြီဖြစ်သည့်အတွက် . . .



ယခု " မျှော်လင့်ခြင်းတေးသံ " ကိုစာဖတ်ပရိသတ်ရှေ့မှောက်သို့ တစ်ပင်တိုင်လုံးချင်းအဖြစ်ထုတ်ဝေလိုက်ပြီဖြစ်ပါသည်။

မောင်ညိုအေး (ပန်းတော )၏စာအရည်အသွေးကိုကျွန်တော်ဘာမှ ထပ်မံမွှန်းချဲ့နေစရာမလိုပါ။

မောင်စိန်ဝင်း(ပုတီးကုန်း) နှင့်တွဲဖက်၍ ထုတ်ဝေခဲ့သော မောင်ညိုအေး၏ဂဏ္ဍ ' ချစ်သူရေးသောသမိုင်း ' သည်ဝတ္ထုထွက်ပြီးရက်ပိုင်းအတွင်း ဗီဒီယိုရုပ်ရှင်ရိုက်ကူးရန်ဝယ်ယူခြင်းခံခဲ့ရပါသည်။

မောင်ညိုအေး၏ဝတ္ထုများကို ဒေါင်းယာဉ်ပုံနှိပ်မှ အဆက်မပြတ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

ပရိသတ်၏လက်ခံအားပေးမှုသည်လည်း တဖြည်းဖြည်းဆထက်တပိုးများပြားလာလိမ့်မည်ဟု ယုံကြည်ပါသည်။

ဝမ်းသာပါသည် မောင်ညိုအေး . . .

ကြိုးစားပါ . . . အားထုတ်ပါ . . .

ကြိုးစားအားထုတ်မှုနှင့် ပင်ကိုယ်အရည်အသွေးပေါ် မူတည်၍

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ပရိသတ်ကြီးက ထိုက်တန်သော စာပေနေရာတစ်ခုကို သတ်မှတ်ပြဋ္ဌာန်းပေးပါလိမ့်မည်။

ဆက်လက်၍အောင်မြင်ပါစေဟု . . . ဆန္ဒမွန်ဖြင့် . . .

နွမ်ကျာသိုင်း

၁၉၉၈ မေလ ၂၇ ရက်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ တေးကောင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းတိုက်ညီ အေးကောင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ - ခုနှစ်
စက်တင်ဘာလ
နှစ်ဆယ့်ကိုးရက်
တနင်္လာနေ့

www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းစိမ်းများကို ဖြတ်သန်းတိုက်ခတ်လာသော နံနက်ခင်းပြေက သူ့ကိုအေးမြစွာ ဆီးကြိုနေ၏။

မျက်စိတစ်ဆုံးမြစိမ်းရောင်လွှမ်းမိုးထားမှုသည် အမြင်ကို ကြည်နူးစေလေ၏။

တာကြီးပေါ်မှဆင်းပြီးနောက် မြေနီလမ်းအတိုင်းသူဆက်လျှောက်လာခဲ့သည်။ စပ်လုမ်းလှမ်းဆီမှ ရျိုးကျသံသည် ပင်ပန်းနွမ်းနယ်မှုကို နှစ်သိမ့်အားပေးနေသယောင်ရှိနေလေ၏။

သူ့အတွေးထဲ အာရုံထဲဝယ် စကားသံတို့ ပြန့်ဝဲ ထင်ရစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲအထိအမှတ်ရနေသော စကားသံတို့ကြောင့်ပင် စို့နေသောချွေးတို့ကို သူမသုတ်ဖြစ်တော့ပေ။

"ရာသီဥတုကအစကိုယ်တို့နှစ်ယောက်အတွက် အကောင်းဆုံးအနေအထားပဲ။ ဒါမှလဲကိုယ်တို့ရဲ့မင်္ဂလာဦးညတွေဟာ ပိုပြီးတော့ အဓိပ္ပါယ်ရှိသွားမှာပေါ့စိုး"

အတွေးကြောင့်ပင် ရိပ်ခနဲဝင်လာသော သဏ္ဍာန်ကို ကမန်းကတန်း ရှောင်လိုက်ရသည်။ ဘောင်းပန်သည့်အနေဖြင့် ဦးအောင်ပြုံးပြလိုက်သည်။ ဆေးပြင်းလိပ်ခဲထားသောဦးကြီးက ခပ်ပြုံးပြုံးဖြင့် သူ့ကိုကြည့်နေသည်။

ခြေလှမ်းငါးလှမ်းလောက်အရောက်တွင် စောစောကဦးကြီးကိုပြန်လှည့်ကြည့်သည်။

နေရာတွင်ရပ်နေဆဲဖြစ်ပြီး အကြည့်ကိုလည်းမရွှေ့သေး။ သူ့ကိုသိသိသာသာကြီး ရပ်ကြည့်ခြင်းကို သိရသောအခါ တမျိုးတော့ အနေခက်ရသည်။

ဟုတ်မှာပေါ့လေ . . . .

နှစ်တွေကြာခဲ့ပြီပဲ။

တစ်ခါက ရင်နှီးခဲ့ဖူးသောဒေသ။

အခုတော့. . . . အချိန်ကာလကြောင့်ပင် ပထမဆုံးတစိမ်းဆန်ည့်သည်ဖြစ်ခဲ့ရလေ၏။





ကောင်းကင်အရောင်ပြောင်းသွားပြီး နေမြင့်တက်လာသည်ထင်၏။ အိုက်စပ်စပ်အရသာနှင့်အတူ အာခေါင်ခြောက်သွေ့လာသည်။ သူလျှောက်လာသော ခရီးသည် သုံးပုံနှစ်ပုံကျိုးခဲ့ပြီ။ ရေချမ်းစင်နားတွင် ခရီးဆောင်အိတ်ကို အသာချလိုက်သည်။ အုတ်မှုတ်ခွက်ဖြင့်သေသပ်စွာပြုလုပ်ထားသော ရေခွက်ကို နှစ်ခပ်လိုက်သည်။

ဟန်ဆောင်မှုကင်းစွာဖြင့် အားပါးတရ သူသောက်လိုက်သည်။ အတွေးထဲ၊ အာရုံထဲဝယ် စကားသံတို့ကြားယောင်လာပြန်၏။

"ဟိုမှာ. . . ဘီယာတော့ရှိမှာ မဟုတ်ဘူးနော်။ ငယ်ငယ်တုန်းကလိုပဲ ထန်းရည်မူးကြရအောင်။ ဘီယာကြိုက်တဲ့ 'စိုး'ကို ဟိုတုန်းကလိုတွဲခေါ်စရာမလိုတော့တာတော့ နှမြောဖို့ကောင်းတယ်။"

သူတစ်ချက်ပြုံးလိုက်ပြီး ခရီးဆောင်အိတ်ကို ဘက်ပြောင်းလွယ်လိုက်သည်။ ရွာတန်းထဲသို့ စဝင်သည်နှင့် သူ့ကို အထူးတဆန်းကြည့်ကြသည်။

လွတ်လပ်စွာလမ်းလျှောက်လိုသည့်အတွက် သူ စတိုင်လ်ဘောင်းဘီကို ဝတ်ဆင်ခဲ့သည်။ လူတွေအကြည့်ကြောင့်ပင် ပုဆိုးမဝတ်ခဲ့ခြင်းကို နောင်တရချင်သလိုလိုပင်။

"ရင်းတောလေးကို သွားမှာထင်တယ်"

"ဟုတ်ချင်မှဟုတ်မှာပါအေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်မ ဖြေးဖြေးငမ်းဦး"

အသီးသီး၏မှတ်ချက်ချသံများ၊ နောက်ပြောင်သံများကို ရှောင်ရှားရင်း ကျွင်းပြင်သို့ရောက်မှန်းမသိရောက်လာခဲ့သည်။

ဟော ကုက္ကိုပင်အုပ်အုပ်တို့ကိုမြင်နေရပြီ . . . .

ဟိုမှာ . . . ရွာထိပ်ကဘုန်းတော်ကြီးကျောင်းပဲ . . . .

r r r

စူးစမ်းသောအကြည့်များကို ဒုတိယမြောက်ရင်ဆိုင်ရချိန်၌ ခြေလှမ်းတို့သည်ကျွင့်သားရနေပြီ။

ရှေ့ခပ်လာသောအပျိုတစ်သိုက်က မရဲတရဲဖြင့် နောက်သွားသည်။

ကွင်းပြင်၏ရနံ့၊ သစ်ရိုပ်ဝါးရိပ်တို့၏ လွှမ်းမိုးထားမှု၊ အမြင်၊ အကြား၊ မှန်သမျှတို့သည် စိတ်ကိုလွတ်လပ်ပေါ့ပါးစေ၏။

တစ်ချိန်၊ တစ်ခါကသူတို့နှစ်ယောက်ကျင်လည်ခဲ့ရာအရပ်ဒေသ . . . .

တနည်းအားဖြင့် သူ၏ချစ်သောသူမွေးဖွားကြီးပြင်းရာဇာတိ။





ရွာထဲကိုချင်းနင်းဝင်ရောက်ချိန်မှာပင် . . . စကားသံတို့နှားမှာကြားယောင်လာပြန်၏။

"ရှုပ်ထွေးပွေလီတဲ့ မြို့ပြမှာတော့ကိုယ်တို့ဖုံတွဲက မထင်မရှားပဲ ဖြစ်မှာစိုး။ ပြီးတော့ကိုယ်တို့ မင်္ဂလာအခမ်းအနားကလည်း သိပ်ပြီးအထူးအဆန်းဖြစ်လာမှာ မဟုတ်ဘူး။ ကိုယ့်ရွာမရောက်တာ စိုးနဲ့တူတူလောက်ပဲ။ ကိုယ်တို့ကို အားကျချီးကျူးကြမှာလဲ သေချာတယ် စိုး. . ."

ပတ်ဝန်းကျင်အနေအထားက မှတ်ဉာဏ်ကို ဇဝေဇဝါဖြစ်စေသည်လား။ ရုတ်တရက် ထွက်ကြည့်သောသူကို တွေ့မှ ဇဝေဇဝါဖြစ်မှုသည် အဆုံးသတ်သွားတော့၏။

"ဒါ . . ဦးကြီးကျော်တို့အိမ် ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်"

သူထက်အနည်းငယ်မျှသာ အသက်ကြီးမည်ဖြစ်သော လူရွယ်ဖြေ၏။ မျက်နှာကိုမှတ်မိပေမယ့် နံမည်ကိုတော့ပိုးတိုးဝါးတားဖြစ်နေ၏။ လူရွယ်ကိုသေချာကြည့်ပြီး သူမေးလိုက်သည်။

"ကျွန်တော်ကိုသိလား။ ကျွန်တော် 'စိုး' လေ" . .

ဇဝေဇဝါဖြင့် သူ့ကို လူရွယ်စိုက်ကြည့်နေခိုက်မှာပင် နောက်တစ်ယောက်ထပ်ထွက်လာ၏။

"လူလေး ညှိသည်ကိုအိမ်ထဲခေါ်လေ . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မမှတ်မိတာတော့သေချာသွားပြီ။

"ဦးကြီးကျော် . . . ကျွန်တော်စိုးလေ"

ဦးကြီးကျော်လည်း သူ့ကို ဇဝေဇဝါဖြစ်နေသည်။ ခရီးဆောင်အိတ်ကိုမြေပေါ်သို့ သူချလိုက်သည်။

"ဒေါ်လေး"

ထပ်ထွက်လာသော ဒေါ်လေးကလည်း သူ့ကိုမသိ။ သူကသာအားလုံး၏မျက်နှာကို အလွတ်ရနေ၏။

"စိုးလေ" ဟုပြောပါက သူ့ကိုအလွယ်တကူသိမှာပဲ. . . ဆိုသောအထင်သည် လုံးဝမှားယွင်းနေလေ၏။ နောက်ဆုံးမှာတော့ အစအဆုံးသူပြောရတော့၏။

"ကျွန်တော်ကို မမှတ်မိဘူးထင်တယ်။ ကျွန်တော်က ဦးစိုးဟန်ရဲ့သား စိုးနောင်လေ . . "

"ဟာ . . . ဟုတ်လား"

ဦးကြီးကျော့်နှုတ်မှ စကားသံထွက်လာပြီး မရှေးမနှောင်း ဆိုသလို ဒေါ်လေးပြော၏။

"အေးကွယ် . . နှစ်တွေကြာတော့ ဒေါ်လေးတို့က သိပ်မမှတ်မိချင်ဘူး ဖြစ်နေကြတာ . ."

စောစောကလူရွယ်သည် အနားတိုးလာပြီး ပုခုံးကိုခပ်ဖွဖွကိုင်၏။





"မင်းတို့မိသားစုအားလုံး နေကောင်းကြတယ် မဟုတ်လား"

"ဟုတ်သားပဲ ကိုကျော် . . သူ့ကို စိုးလို့ပဲခေါ်ကြတာ။ သူသာကျွန်မတို့ကို အခင်ဆုံးပဲဥစ္စာ . ."

စကားသံများကို နားထောင်ရင်း ကိုယ်တိုင်ပီတိဖြစ်ရသည်။

"မင်းညီကို ရေအေးအေးတစ်ခွက်ခပ်ပေးလိုက်ပါဦး"

"ခဏနေရင်ရေချိုး၊ ဒေါ်လေးတို့ ထွင်းစောစောစားကြတာပေါ့"

အစီအစဉ်များကို တိုင်ပင်မနေပဲ ပျာပျာသလဲ ပြုလုပ်ကြသည်။ အခုချိန်အထိ သူဒီကိုရောက်လာရခြင်းအတွက် ဘာစကားတစ်ခွန်းမှ မမေးဖြစ်မပြောဖြစ်သေးပေ။

အားလုံး၏လှုပ်ရှားနေပုံကိုကြည့်ရင်းက သူ့အတွေးထဲမှာပင် စကားသံတို့ကြားယောင်ရပြန်၏။

"အောက်တိုဘာတစ်ရက်နေ့ကို စိုး . အရောက်သွား၊ စိုးနဲ့ရွှေဆင့်နောက်ဆင့် ရောက်ရင်ရောက်မှာ။ နှစ်ဦးသားဆုံမှ အစီစဉ်တွေ ဆွဲကြတာပေါ့။ ကိုယ်တို့နှစ်ယောက်ဘဝအတွက် လိုအပ်တာတွေကို လည်း စိုး ကြိုစဉ်းစားထားနော် . ."

ΙΙΙ



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခြင်းကို အလျှင်စလိုပင် ပြုမူလိုက်သည်။ အိမ်ထဲသို့ ပြန်ဝင်ချိန်၌ ထွန်းဝိုင်း စတင်ပြင်ဆင်နေပြီ။

"စိုးရေ . . ထမင်းစားကြရအောင်"

ထမင်းဝိုင်းထိုင်ရင်းက မျက်နှာများကို သူသေချာကြည့်မိသည်။ အသင့်ခပ်ထည့်ပေးလာသော ကြက်သားဖတ်ဖြင့် ထမင်းပွဲကို စတင်လိုက်သည်။

"ဦးကြီးကျော်နဲ့ ဒေါ်လေး"

"ပြောလေ . . စိုး"

"စိုး ဒီကိုရောက်လာတဲ့အကြောင်းကို မမေးကြတော့ဘူးလား . ."

မေးခွန်းထုတ်လိုက်ခြင်းကြောင့် ထမင်းဝိုင်းသည် အနှောင့်အယှက်ဖြစ်သွားပုံရသည်။

"ဘာဖြစ်လို့လဲ စိုး"

"စိုး ပြောပြမှာပါ"

ခွေးတောက်ရွက်ဟင်းချို မြည်းစမ်းရင်းက အားလုံးကို သူအကဲခတ်ကြည့်သည်။ သူပြောမည့်စကားကို အာရုံစိုက်နေကြ၏။

"စိုးကို အမှတ်မဲ့တွေ့လိုက်ရတော့ 'မသက်' ကိုသတိမရကြဘူးလား"

မသက်ခေါ် သက်သက်မိုး၏ အမည်နာမကို ကြားလိုက်





ရသဖြင့် ထမင်းဝိုင်းသည် ပကတိ ငြိမ်သက်သွား၏။

မျက်နှာများသည်ချက်ခြင်းဆိုသလို အရောင်ပြောင်းပြီး အိုစာသွားကြ၏။

"သက်သက်မိုးကို သေသွားပြီလို့ပဲ အားလုံးကတမင်တကာ သတ်မှတ်ထားကြတာ"

သံယောဇဉ်မကင်းသော လေသံဖြင့် ဒေါ်လေးပြောသည်။

"မဟုတ်တာ ဒေါ်လေးရာ . . မကြာခင်မှာ ဒေါ်လေးတို့ ရှေ့ကို မသက်ရောက်လာလိမ့်မယ်"

"မဖြစ်နိုင်တာစိုး . . သူဟာ သစ်ရွက်တစ်ရွက်ပဲ . . လွင့်ချင်ရာလွင့်နေမဲ့ မိန်းကလေး။ တို့ဆီကထွက်သွားတာ နှစ်နဲ့ချီပြီး ကြာခဲ့ပြီ . ."

ခပ်သွက်သွက်လေးဖြစ်အောင် သူရယ်လိုက်သည်။ အားလုံးအတွက်အထူးဆန်းဆုံးစကားကို သူပြောရတော့မည်။

"စိုးပြောမဲ့ စကားကို ကြားရင် အားလုံးဝမ်းသာကြမှာ သေချာတယ်"

ဟောကြည့် . . . .

ဒေါ်လေးကမြည်းပြီးသား ရေနွေးခွက်ထဲကို ရေနွေးထပ်ဖြည့်နေပါလား။ မသက်သည် သူတို့အားလုံးအတွက်အလွန်တုန်လှုပ်ဖွယ်ကောင်းသော သတ္တဝါဖြစ်နေပြီထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်၊ နှစ်ရက်အတွင်းမှာ မသက်ရောက်လာလိမ့်မယ်။ ပြီးတော့ . . စိုးနဲ့မသက်တို့ လက်ထပ်ကြမယ်"

"ဘာ"

တပြိုင်နက်ထွက်လာသော အသံများကြောင့် အနည်းငယ် တုန်လှုပ်သွားမိသည်။ သူ့စကား လောသွားပြီး၊ ရိုင်းပျသွားလေသည် လားမသိ။

"စိုးစကားပြောတာလောသွားလို့ပါ၊ ဒေါ်လေးတို့ကိုအသိ ပေးရင်းနဲ့ ခွင့်တောင်းတာပါ . ."

"မဖြစ်နိုင်ဘူးစိုး . . မင်းရူးနေလား ကလေး"

အားလုံး၏အကြည့်သည် ချက်ခြင်းဆိုသလို စုပြုံပြီးကျ လာ၏။

"ဟုတ်တယ်စိုး၊ သက်သက်မိုးဆိုတာ ဒေါ်လေးတို့အကြား အရ ယောကျ်ားတစ်ယောက်တည်းမကဘူး။ ဒေါ်လေးတို့ရဲ့သမီး အရင်းပါပဲကွယ်၊ ဒါပေမယ့် မင်းနဲ့ . . အိုး . .ဘယ်လိုမှမဖြစ်နိုင် ဆုံးပါ"

"အဖြစ်နိုင်ဆုံးကိစ္စကို စိုးပြောတာပါ။ အချစ်ဟာလူမှုရေး ကိစ္စတွေထက်ကြီးကျယ်မြင့်မြတ်တဲ့အရာပါ။ ပြီးတော့အလွန်တစ်ရာ အံ့သြဖို့လဲကောင်းပါတယ် . ."

"မင်းမိဘတွေ သိကုန်ရင်ခက်မယ်စိုး"





"ဒေါ်လေးတို့ဆီကို သတင်းစာမရောက်လို့ပါ။ စိုးကို သူတို့ အမွေပြတ်စွန့်လွှတ်ပြီးပါပြီ။

"စိုး"

"အားလုံးအတွက်စိုးပြင်ဆင်ပြီးပြီ။ ဒီဆုံးဖြတ်ချက်ဟာ စိုး ဘဝရဲ့ အဓိကတောင်းဆိုမှုပါပဲ . ."

အားလုံးသည် ငူတူတူဖြင့် သူ့ကိုကြည့်နေကြသည်။ အောင်နိုင်သူတစ်ယောက်ပမာ ထမင်းဝိုင်းကို အဆုံးသတ်လိုက်၏။

၊ ၊ ၊



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းခြင်းကြောင့် သံသရာရှည်တတ်တယ်လို့ ကြား ရှးတယ်စိုး . .

အရာခပ်သိမ်း အတွက်သာ ဆုတွေတောင်းနေရင် သဘာဝ ကျတဲ့ စိတ်ထင်ယောင်ထင်မှား ပြုမှုတွေသာဖြစ်နေမှာ ပေါ့ . .

ဘဝမှာ ဆုတောင်းခြင်းကို တစ်ကြိမ်တစ်ခါသာပြုရမယ် ဆိုရင် . .

အဲဒီဆုတောင်းခြင်းဟာ သံယောဇဉ်အတွက်ပဲဖြစ်ရမယ်။

ဒါကလည်း . . . .

စိုးနဲ့ပြန်တွေ့ကြဖို့ဖြစ်ကောင်းဖြစ်လိမ့်မယ် . . . .

သက်သက်မိုး

www.burmeseclassic.com

www.burmeseclassic.com



၁။

ဇူလိုင်လ ဒုတိယပတ်၏ စနေနေ့မိုးသည် အလိုက်မသိ တတ်စွာ ရွာကောင်းနေ၏။

တာမကြီးပေါ်တွင်ရပ်ထားသော မာဇဒါဂျစ်ကားပေါ်သို့တွန့် ဆုတ်သော အမူအယာဖြင့် သက်သက်မိုးလှမ်းတက်လိုက်သည်။

သူမအားလိုက်ပို့ကြသူများသည် မိုးဖွဲဖွဲအောက်တွင် ငုတ်တုတ်ဖြင့် ရပ်နေကြ၏။

"ခင်ဗျားသမီးအတွက်စိတ်ချသာနေကိုကျော်"

ခြောက်နှစ်သမီးအရွယ် မျိုးမျိုးဟာန်၏ခေါင်းကို ပွတ် သပ်ရင်းက ဦးစိုးဟာန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မသက်အတွက်အစစ အရာရာကို ကျွန်မတို့ကတာဝန်ယူပြီးပြီ။ ဒီလိုမှမဟုတ်ရင် ကျွန်မပြောသလို ပျိုးနှုတ်၊ ကောက်နှုတ် သံသရာထဲမှာပဲ ဒီကလေးမ ကျင်လည်နေရမှာ . .”

သူမ၏မိဘများအား မသိမသာငေးကြည့်နိုက်မှာ ကားစက်နှိုးသံက အလျှင်စလိုထွက်လာ၏။

“မသက် စိုးနောင်ဘက်မှာလေ”

ကားခေါင်းပိုင်းမှ ဒေါ်အိအိ၏ စကားသံကြောင့်ပင် ကဗျာကယာပြောင်းထိုင်လိုက်သည်။

“ကိုကျော် ကျွန်တော်တို့သွားမယ်”

လိုက်ပို့ကြသူများသည် အလွန်တရာမှ အေးစက်နေကြတုန်းပင် . . ကားထွက်သောအခါမှ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

“မသက်မငိုဘူးလား”

“ဟင့်အင်း”

“စိုးသာဆိုရင်ငိုမိမှာ သေချာတယ်”

“မသက်ဖြစ်ချင်တာတွေ မကြာခင်ဖြစ်ရတော့မယ်။ အန်တီအိ ပြောသလိုပဲ။ ဒီလယ်ကွက်တွေလို စိမ်းစိမ်းစိုစိုတလှည့်ပက်ကြားအက်တလှည့်နဲ့ပဲ ဘဝကိုအဆုံးမသတ်ချင်ဘူးစိုး . .”

သူမ၏စကားများကို ဆယ်နှစ်သားကောင်လေးတစ်ယောက်အဖို့သိပ်နားလည်မည်မဟုတ်ပေ။





တရိပ်ရိပ်ဖြင့် ကျန်ခဲ့သော မြင်ကွင်းတို့ကိုငေးကြည့်ရင်းက “သူတို့လမ်းမှာတင်ရှိကြဦးမှာ” ဟု မှန်းဆတွေးကြည့်နေမိသည်။

“မသက်”

“ပြောလေစိုး”

“ရောက်ခါနီးပြီ”

ရေနံတူးစင်များကိုလှမ်းမြင်နေရ၏။

မကြာမီမှာပင် ရေနံမြေအဝန်းဝိုင်းထဲသို့ ရောက်လာခဲ့သည်။

“မသက်ပါလာတာ စိုးတော့အရမ်းပျော်တာပဲ”

မျက်နှာတွင်ဝဲနေသော ကပိုကရိုဆံစများကို သပ်တင်လိုက်သည်။

“မေမေပြောသလို မသက်ဆံပင်ကို နည်းနည်းလောက်ပုံကျသွားအောင်ညှပ်လိုက်မှကြည့်ကောင်းမှာ . .”

အရာရှိများနေသောကုန်းမြင့်ဝိုင်းလေးသို့ ရောက်လာခဲ့၏။

ɪɪɪ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိအိ၏ အစီမံများကို မျက်စိအကြောင်သားဖြင့် နာခံနေရသည်။ စိုးကတော့ အနားတွင်လက်ပွန်းတနီးပင် နေ၏။

"ရေချိုးပြီးရင် စိုးကိုပါ သနပ်ခါးလိမ်းပေးရမှာနော်"

အနည်းငယ်ချွဲပြစ်ပြီး စိုးပြောလိုက်သည်။

"မင်းအတွက်တော့ စိုးနောင်က အဖော်ရမှာသေချာတယ်"

"ကျွန်မတောင်စဉ်းစားနေတာ . . စိုးနောင်အခန်းထဲက ပစ္စည်းထားတဲ့နေရာကိုရှင်းပြီး မသက်ကို ထားမလားလို့"

"ကောင်းတယ် ဒါမှ စိုးပိုပြီး အဖော်ရတာပေါ့"

"မသက်ရေ စိုးနောင်ကတော့ မင်းမြင်တဲ့အတိုင်းပဲ . . မိန်းမလျာမွေးထားမိလားမပြောတတ်ပါဘူး။ အငယ်မကအစ သူ့ကိုကြည့်ရတာမဟုတ်ဘူး . . မင်းရောက်လာတော့ သူ့အတွက် တော်တော်ကံကောင်းသွားပုံရတယ်"

ဘယ်သူ့စကားကိုမှ ဂရုစိုက်မနေတော့ပဲ ပစ္စည်းများကိုသာ အပူတပြင်း စိုး သယ်ထုတ်နေတော့၏။ သူမလည်းမနေသာတော့ပဲ ထိုင်ရာမှထသည်။

"မင်းမောပြီလားစိုး"

"ရပါတယ် မသက်ရာ . . ဒီကာထားတဲ့သုံးထပ်သားကြီးကိုပါ ဖျက်လိုက်ရင်ကောင်းမှာ"

အခန်းရှင်းလင်း၍ပြီးသောအခါပစ္စည်းများကို နေရာချသည်။





အမောပြေခိုက်မှာပင် ရေချိုးဖို့ ဒေါ်အိအိပြောသည်။

"ဟယ် စိုး"

ရုတ်တရက်ဝင်လာသောစိုးကြောင့်ပင် အလန့်တကြားဖြစ်သွားသည်။ ကောင်လေးက အလိုက်မသိတတ်စွာပင် ပြုံးစစဖြင့် ကြည့်နေလျက်ရှိသေး၏။

မျက်နှာသုတ်ပုဝါကို ကမန်းကတန်းဆွဲယူကာခြုံထားလိုက်သည်။

"မသက်အရင်ချိုးမှာလား"

"အေး"

ကောင်လေးအဖို့ကတော့ သိပ်ပြီးတွေတွေထူးထူး ဖြစ်နေခြင်းမရှိပေ။ မျက်လုံးများသည် ပကတိ အပြစ်ကင်းလျက်ရှိ၏။ သက်ပြင်းကို မှုတ်ထုတ်ရင်း "သိပ်လိုအပ်တဲ့အကြောင်းအရာမှ မဟုတ်ပဲ" ဟုတွေးလိုက်သည်။

ရေချိုးခြင်းပြီးစီး၍ အခန်းတွင်းသို့ပြန်လည်ဝင်ရောက်လာသောအခါသနပ်ခါးလိမ်းသည့် အသုံးအဆောင်ပစ္စည်းများကို အဆင်သင့်တွေ့ရ၏။

သနပ်ခါးစသွေးပြီးမကြာခင်မှာပင် ခြေသံကြားရ၏။

"ဟယ်ကြည့်စမ်း၊ ရေစင်အောင်မသုတ်ခဲ့ဘူး"

"မသက်သုတ်ပေးလေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသုတ်ပဝါကို ကိုယ်မှခွာပြီး ဆံစများကို သုတ်ပေးချိန်မှာတော့ စောစောကစိတ်မျိုး ဖြစ်မပေါ်ခြင်းမရှိတော့ပေ။ ငြိမ်သက်နေသော စိုးကြောင့်နည်းနည်းတော့ သက်သာမကင်း ဖြစ်မိသည်။

ကြည့်စမ်း . .

စိုးမျက်လုံးတွေက သူမ၏ဖြူဖွေးသော အသားရေကို သိသိသာသာကြီးစိုက်ကြည့်နေ၏။

"စိုး ဘာကြည့်နေတာလဲ ခေါင်းမော့စမ်း"

"မသက်ရဲ့ မှဲ့ကြီးကိုကြည့်နေတာ"

တရားခံကိုမျက်ခြင်းဆိုသလို သိသွားခဲ့သည်။ ရင်ညွန့်ထက်နားဆီက အမှတ်စိမ်းကို စိတ်ဝင်စားနေခြင်းပဲ . .

"အဲဒါ မှဲ့မဟုတ်ဘူးစိုး . . မွေးရာပါအမှတ်လို့ခေါ်တယ်"

စိုး၏မျက်လုံးများသည် ဆက်လက်စူးစမ်းမှုပြုလုပ်နေဆဲ ပင် . . တစ်ခုခုဆီ အာရုံပြောင်းဖို့ကြိုးစားလိုက်သည်။

"သနပ်ခါးလိမ်းရအောင်စိုး"

ချက်ခြင်းဆိုသလို မျက်နှာကို ရှေ့တိုးပေး၏။ အခုကျတော့လည်း စိုးအတွက် ဘာမှ မဖြစ်တော့သလိုလို . .

"ဒါတွေမင်းယူလာတာလား"

"အင်းပေါ့"

"မင်းမေမေဆီက တောင်းလာတာလား"





"စိုးပစ္စည်းတွေလေ . . သူတို့နဲ့မပတ်သက်ချင်လို့ အစောကြီးကတည်းက သတ်သတ်နေတာ . ."

"မင်းကတော့ကွာ"

ပါးပြင်ကို ခပ်ဖွဖွလေး လိမ်ဆွဲလိုက်သည်။ လက်မလွှတ်ခင်မှာပင် ချစ်စဖွယ်ဖြစ်အောင် အနည်းငယ်မဲ့ပြီး စိုးအော်၏။

"အား . .နာတယ် မသက်ရ"

"ကဲပါကွာ"

ငိုမဲ့မဲ့မျက်နှာသည် အရောင်မပြောင်းသေးပေ။

"ကဲ ကဲ ပျောက်စေ"

ပါးပြင်ကို နမ်းသောအခါမှ မျက်နှာရွှင်လာ၏။

တော်တော်ချွဲတတ်တဲ့စိုး . .

သေးသေးညက်ညက် ကောင်လေးသည် သူ့အမြင်၌ ချစ်စဖွယ်ကောင်းနေ၏။

"ပါးကွက်သေးသေးလေးချပေးနော်"

ကြည့်ပါဦး . .

စိုးပြောလိုက်သောစကားကြောင့်ပင် လွတ်လပ်ပေါ့ပါးစွာ ရယ်မိသည်။ နယ်မြေသစ်ကို ခြေချသောနေ့သည် စိုးကြောင့်ပင် မင်္ဂလာဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



၂။

ဆံစများမျက်စိရှေ့တည့်တည့်သို့ တဖွဲဖွဲကျချိန်၌ ဝမ်းနည်းသလိုတော့ဖြစ်မိသည်။

ဒေါ်အိအိဖွာထုတ်နေသော စီးကရက်ငွေ့တွေကြောင့်ပဲလားတော့မပြောတတ်ပေ . . မျက်ရည်တို့ဝဲသယောင် ဟုထင်ရသည်။

"မသက်သာဖြစ်နေတာလဲ"

မျက်နှာဆီသို့ မီးခိုးငွေ့များမှုတ်ထုတ်ရင်းမေးလိုက်သည်။

"မီးခိုးငွေ့ကြောင့်အနေခက်လို့ပါ အန်တီအိ"

နောက်ဆုံးစကားလုံးကြောင့် ဒေါ်အိအိမျက်နှာ တမျိုးဖြစ်သွားသည်။





"အဖျားညီသွားအောင်တိရုံတင်ပါ . ပြီးတော့ပုံကျသွား
အောင် နည်းနည်းညှပ်ရုံပဲ။ ညီမလေးကဒီထက်ပိုလှသွားမှာနော်
ဟုတ်တယ်မဟုတ်လား မမအိ . ."

ဆံပင်ညှပ်နေသော မိန်းမလျာက စကားသံလေးလေးဖြင့်
ပြောလိုက်သည်။

"သူ့တောပုံနဲ့ဆိုရင် ကျောင်းကကောင်လေးတွေ ဝိုင်းငမ်းကြ
မှာ မဟုတ်ဘူး"

ခေါင်းငုံ့နေမိသည်။

အခေါ်အဝေါ်နှင့်ပက်သက်ပြီး ဒေါ်အိအိစိတ်ခုသွားခဲ့ပြီ
နောက်တခါ 'မမအိ' ဟုခေါ်ဖြစ်အောင် သတိထားဖို့ အရေး
ကြီးသည်။

"တော်ပြီလား မမအိ"

"ဒီရှေ့နားက နည်းနည်းလေးတိပေးပါဦး။ ဒါမှပိုးပြီး ကြည့်
ကောင်းမှာ"

"တစောင်းရပ်စမ်းသက် . . ညည်းရှာပြန်ရင်ဟိုကလူတွေ
ဝိုင်းငေးကြမှာ သေချာတယ်"

ဒေါ်အိအိစိတ်တိုင်းကျ ခန္ဓာကိုယ်ရွှေ့ပြောင်း ပေးရခြင်း
ကြောင့် ခေါင်းထဲမှာရီတီတီဖြစ်လာသည်။ ဆံပင်ညှပ်ရာတွင်
အသုံးပြု သော ကော်ရည်၏အနံ့အသက်ကြောင့်လည်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအတွက် ခေါင်းစည်းကြိုးလှလှလေး တွေ့ဝယ်ပေးရမယ်။ ငါကညည်းလို ဆံပင်မျိုးလိုချင်တာ"

ဒေါ်အိအိ စိတ်တိုင်းကျခြင်းနှင့် အရိုန်ကိုက်ပင်ကား ပြန်ရောက်လာ၏။

"စိုး . . မင်းမသက်ကိုကြည့်ပါဦး"

ဟော တစ်ယောက်လာပြန်ပြီ . .

လေး ငါးခါလောက်ကြည့်ပြီးသောအခါမှ စိုးမှတ်ချက်ချ၏။

"မသက်ကပိုလှလာတယ် မေမေ"

"နဂိုကတည်းက မင်းမသက်ကလှပြီးသားပါ . . ဒါကြောင့် ကပိုကရိုလေးတွေကို သုတ်သင်လိုက်ရတာ . ."

ဆံပင်ညှပ်ဆိုင်မှထွက်ခွာလာသောကြောင့် စိတ်လွတ်လပ်မှုရတော့၏။ မှန်ထဲတွင်မြင်ရသောမျက်နှာသည် ပြောင်စိစိကြီး ဖြစ်နေသည်လား။

သူတို့ကြည့်ကောင်းသည်ဆိုမှ ဘာလိုဦးမည်နည်း။ အသက်လေးဆယ်ခန့်ရှိသော်လည်းလှပပျိုပျစ်ဆဲဖြစ်သော ဒေါ်အိအိ၏ ကောက်ချက်ချသံသည် ယုံမှားသံသယဖြစ်ဖို့လိုမည်မထင်ပေ . .

rrr





တစ်ခါနှစ်ခါလောက်အထိတော့ 'မမအိ' ဟုခေါ်ရသည်မှာ နှုတ်မကျိုးပဲရှိနေသည်။ ဒါပေမယ့် . . ခေါ်ပါများလာတော့လည်း သိပ်မထူးဆန်းတော့ပေ။

"ကိုစိုးဟန်ကို အစ်ကိုကြီးလို့ခေါ်ရမယ်နော်မသက်"

"ဟုတ်ကဲ့ မမအိ"

"မင်းရောက်လာတာငါ့အတွက်တမျိုးသက်သာတယ်။ အိမ်ဖော်ရှိပေမယ့် မင်းမြင်တဲ့အတိုင်းပဲ မနက်နေမြင့်မှရောက်လာ၊ ပြီးတော့မိုးမချုပ်ခင်က ပြန်ချင်နေပြီ။ ကိုစိုးဟန်က ညနေဆို ဘီယာသောက်နေကျ။ အမြည်းကအစဝိုင်းပြင်တာအထိ ငါပဲလုပ်နေရတာ။ ဒီအတွက်မင်းတာဝန်ဖြစ်သွားပြီ မသက် . ."

"ဟုတ်ကဲ့ပါ မမအိ"

ကျေနပ်ပြုံးပြုံးပြီး စီးကရက်မီးညှိလိုက်သည်။ ဒေါ်အိအိ စီးကရက်သောက်ဟန်သည် ကြည့်ကောင်းသည်။ သူ့မတို့ကျေးလက်တွင် မိန်းမတော်တော်များများ ဆေးလိပ်သောက်တတ်ကြသည်။

ဆေးလိပ်ဖွာပုံချင်း . . မီးခိုးငွေ့ကိုမှုတ်ထုတ်ပုံချင်း . . ပြီးတော့ လက်ကြားညှပ်ပြီး နှုတ်ခမ်းဆီမှာ တည်နေပုံတို့သည် ဒေါ်အိအိနှင့် များစွာကွာခြား၏။

"မိန်းကလေးဆိုတာ ရိုးတာမကောင်းဘူး။ နဲနဲတော့ဆန်းရတယ်။ ရိုးသားခြင်းဟာတို့အလုပ်မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရိုးသားမှုကိုသာ တို့ကရှာရမှာ . . မိန်းမတစ်ယောက်ရဲ့ရိုးသားမှုဟာ တကယ်တော့ အောက်ကျခံခြင်းသက်သက်ပဲ . .”

ဒေါ်အိအိ၏စကားများသည် သူမအဖို့ မှင်သက်မိနေပေမယ့် စိုးကတော့စိတ်ပါဝင်စားမှု မရှိလှချေ။ ဒေါ်အိအိကို စိတ်ထဲမှ ချီးကျူးနေမိသည်။ သူမမိခင်နှင့်များစွာ ကွာခြားသူတစ်ယောက်လည်းဖြစ်၏။ တွေ့ဖူးသောမိန်းမများထဲတွင် ထူးဆန်းသောစကားကို ပြောဆိုတတ်သူဖြစ်၏။

“ယောကျာ်းလေးတွေရှေ့ရောက်ရင် ဘာမှရှက်ကြောက် နေစရာမလိုဘူး။ အိမ်တွင်းပုန်းတယ်ဆိုတာ တကယ်တော့ တဖက်သက်ဆန်တဲ့ ကိုယ့်ဖို့အခွင့်အရေးဆုံးရှုံးတဲ့အယူအဆဟောင်းတွေပဲ . .”

“မင်းဆီမှာပဲ သူတို့အကြည့်တွေရောက်နေလိမ့်မယ်။ ကိုယ်ကရိုးသား ရှက်ရွံ့မှုကို ပြနေရင် သူတို့ရဲ့လက်အောက်ကို အလိုလို ရောက်သွားလိမ့်မယ်”

စိတ်ပါဝင်စားမှုရှိစေရန် ဟန်ပန်အပြည့်ဖြင့် ရှင်းပြနေ၏။

စိုးကတော့ဒိုးဆက်ဆော့ကစားရန်အတွက် ကဒ်များကို အစီစဉ်ချနေ၏။

“မင်းမျက်လုံးတွေကို အရည်လဲ့အောင်လုပ်ထား ရမယ်။ မင်းရဲ့ပင်ကိုယ်ရုပ်ကလည်း ယောကျာ်းတစ်ယောက်ကို ကောင်းကောင်းဖမ်းနိုင်တာပဲ။ ပြီးတော့မျက်လုံးကို အသေကြီးမထားနဲ့။





ဒါမှမင်းကိုသူတို့ လျှော့မတွက်ကြမှာ။ ဒါအကောင်းဆုံးကြိုတင်ကာကွယ်ခြင်းတွေပဲ . .”

ဒေါ်အိအိက စကားပြောကောင်းသော အရည်အချင်းရှိရုံမက ဘဲ လူကဲခတ်လည်းတော်သူတစ်ယောက်ပင် . .

စကားတွေများပြီးအိပြီဟု သိသည်နှင့်တပြိုင်နက် လိမ္မာပါးနပ်စွာဖြတ်တောက်လိုက်သည်။

ဒေါ်အိအိစကားကြောင့် စိုးကတော့ တော်တော်ဝမ်းသာသွားပုံရသည်။

“မင်းတို့မောင်နှမတွေ ဒိုးဆက်ဆော့နှင့်ကြဦး . .”

“မမအိလဲ ဝိုင်းသွားလိုက်ဦးမယ်။ မင်းအစ်ကိုကြီးနဲ့မှ တူတူပြန်လာခဲ့မယ် . .”

အိအိဟန်ကို စိုးကလှမ်းခေါ်သည်။

အမေတစ်ယောက်အပြင်ထွက်သွားသည်ကို ငိုယိုကန့်ကွက်ခြင်းမရှိဘဲ သူမတို့ဆီကိုသာ အိအိဟန်လာ၏။

“မသက်ခြောက်ကဒ်ယူ”

တစ်ခါနှစ်ခါ ကစားထားဘူးခြင်းကြောင့် ကြောင်အမ်းအမ်းဖြစ်နေခြင်းမရှိ။

“ဝမ်းကဒ်နော်”

စိုးကအောင်မြင်စွာ အော်လိုက်ချိန်၌ အိအိဟန်ဆီမှာနှစ်ကဒ်၊



www.burmeseclassic.com

www.burmeseclassic.com



သူမဆီမှာသုံးကဒ်ကျန်နေသေး၏။ တစ်ဖက်ဆက်ရမည်ဟု ကန့်သတ် ထားခြင်းကြောင့် ချိန်နေရသည်။

သူမပြီးလျှင် အိအိဟန်၊ အိအိဟန်ပြီးလျှင် စိုး . .

"မသက်ခဏ၊ မေမေတို့ဖဲရိုက်တဲ့ဝိုင်းလို ပိုပြီးစည်သွားအောင် တစ်ခုခု လောင်းကြေးထားရအောင်"

"ပြောလေ . . စိုး"

"ဒါဆို ကျန်တဲ့နှစ်ယောက်က ဂိမ်းသွားတဲ့လူကို နမ်းကြေးနော် . . ကျန်တဲ့ကဒ်အရေအတွက်နဲ့ နမ်းရမှာ"

စိုး၏လောင်းကြေးကို အိအိဟန်ကပါ ကန့်ကွက်ခြင်းမရှိပေ။

သူမတို့၏ ကစားဝိုင်းလေးသည် လောင်းကြေးကြောင့်ပင် စိတ်လှုပ်ရှားမှုများစွာကို ဖြစ်ပေါ်စေ၏။

၊၊၊





၃။

သူမ၏ အိပ်ယာဝင်ခြင်းသည် တွေးတောစရာတွေနှင့် ပြည့်နက်နေ၏။ ကာရံထားသော သုံးထပ်သား၏ တစ်ဘက်တွင် စိုးရှိနေသည်။ အခုချိန်ဆို စိုး အိပ်ကောင်းအိပ်နေပေလိမ့်မည်။

ရှစ်ဆယ်ဝပ် မီးလုံး၏ အလင်းရောင်၏ အနှောင့်အယှက်ပေးမှုကြောင့် အိပ်စက်မရခြင်းလဲ ဖြစ်နိုင်သည်။

အတွေးထဲ၌ အလွန်ခန့်ညားထယ်ဝါသော အဝါရောင်တသင်ဆောင်ကြီး ဦးစွာပေါ်လာ၏။

"မဆိုးဘူးကွ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားပေါ်က ဆင်းတာ အရင်ကမြင်မိပါဘူး"

"ကျောင်းသူသစ်ထင်တယ်ကွ"

"ဖြစ်နိုင်တယ် . . အိမ်ကလူကြီးတွေပါလာတယ်"

ဝေဖန်သံများကြားမှပင် ခြေလှမ်းမမှားအောင် သတိထားပြီး လျှောက်ခဲ့ရသည်။

ဒေါ်အိအိနှင့် စိုးသာမပါရှိခဲ့ပါက မနက်ကအဖြစ်ပျက်သည် တော်တော်လေးအနေခက်မှာ သေချာ၏။

"တွေ့လားမသက် . . မင်းအပေါ် အာရုံစိုက်နေကြတဲ့ ကျောင်းသားတွေ . ."

ဒေါ်အိအိကတော့ ထုံးစံအတိုင်းပင် ဂုဏ်ယူနေလိုက်သေးသည်။

"မသက် အိပ်ပျော်နေပြီလား"

တင်ဖက်ခန်းမှ စိုး၏ အသံပေးမှုကြောင့် အတွေးပြတ်သွားပြန်သည်။

"မအိပ်သေးဘူးစိုး . . မင်းရော"

"ဒီနေ့လှုပ်ရှားတာများလို့လားမသိဘူး . . အိပ်လို့မရဘူး ဖြစ်နေတယ် . ."

စိုးဆီမှ စကားသံကို ဆက်လက်ပြီးစောင့်ကြည့်သေးသည်။ စိုးအသံတိတ်သွားသည်။ သူမမျက်လုံးကို အတင်းမှိတ်ကြည့်သည်။





မြင်လွှာပေါ်တွင်နေ့စင်းကပုံရိပ်တွေသာ မြင်နေရ ပြန်သည်။

ɪɪɪ

ဘီယာဘူး၏ သတ္တုကွင်းလေးကို ရဲတင်းကျင်လည်စွာ ဆွဲဖွင့်တက်သောအခါ၌ တမျိုးတော့ ပျော်စရာကောင်းလာသလိုရှိ သည်။

'ဖေါင်း'ခနဲမြည်သံနှင့်အတူ အမြှုပ်များလျှံတက်လာခြင်း၊ ဖန်ခွက်ထဲသို့လောင်းထည့်ပေးရသည်မှာလည်း အရင်ကလောက် အခက်အခဲဖြစ်မနေတော့ပေ။

ဒီလုပ်ရပ်တွေကျွမ်းကျင်မှု ရလာစေရန်အတွက် ညွှန်ကြားမှု ပြုခဲ့ခြင်းမှာ ဒေါ်အိအိပင်ဖြစ်သည်။

ဦးစိုးဟန်အတွက် မြည်းစရာအာလူးကြော်ကိုလည်း ခပ်ရှရှ လေးဖြစ်အောင်ကြော်တတ်နေပြီ။

"ဘာတွေပါသလဲ ဖတ်ပါဦးကွ"

ဘီယာ တကျိုက်သောက်ပြီး ဒေါ်အိအိကို ဦးစိုးဟန် မေးလိုက်သည်။ စာတစ်စောင်ကြောင့် လင်မယားနှစ်ယောက်အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်တော့ စိတ်လှုပ်ရှားနေကြသည်။

ခဏကြာသောအခါ ဦးစိုးဟန်လက်ထဲသို့ စာထည့်ပေးလိုက်သည်။ စာပါအကြောင်းအရာများသည် ဒေါ်အိအိအတွက် ပြောစရာမရှိပေမယ့် ဦးစိုးဟန်အတွက်တော့ ဖတ်ပြီးပြီးခြင်းပင် ဆွေးနွေးမှုပြုတော့၏။

"သားကြီးမောင်တိုးအောင်ပြောတာဟုတ်တယ်အိ . . ကိုတို့ရန်ကုန်ပြန် ပြောင်းဖို့ . ."

"ဒါများရှင် . ."

"ကိုစကားမဆုံးသေးဘူး . . သားကြီးကလဲ ဆေးကျောင်းတဖက်နဲ့ ပြီးတော့ ဒီကလေးနှစ်ယောက်ရဲ့ ပညာရေး"

"ဘယ်မှာ နေနေ ငွေဝင်ဖို့အဓိကပဲ အခုလဲဆေးကျောင်းမှာ သားကြီးမျက်နှာငယ်ရလား . . ပိုက်ဆံပုံပေးနေနိုင်တာပဲ . . ရန်ကုန်လိုနေရာမျိုးမှာဆိုရင် ရှင့်လိုရာထူးတွေအများကြီးပဲ"

ဒေါ်အိအိ၏စကားကြောင့် ဦးစိုးဟန်ရုတ်ခြည်း ငြိမ်သက်သွားသည်။ ဒါကြောင့် ဒေါ်အိအိကို သူမအားကျခြင်းပေါ့ . . ကြည့်ပါလား စီးကရက်အသောက်မပျက်ဖဲ ဦးစိုးဟန်နောက်ထပ်စကားသံထွက်မလာစေရန် ပြောစွမ်းနိုင်သူပဲ . . . .

"ဒီမှာကအားလုံးနေသားတကျဖြစ်နေတာ . . ကျွန်မဖဲကစားတာအလကားမဟုတ်ဘူး၊ ရှင်တို့ချင်းပြောမဖြစ်တဲ့စကားတွေ





ကိုကျွန်မတို့ချင်းဆွေးနွေးလို့ရတယ်။ ဒီအသိုင်းဝိုင်းမှာ ရှင့်လူတွေရဲ့မိန်းမတွေက ကျွန်မကို မကျော်နိုင်ကြဘူးဆိုတာ ရှင်သိသားပဲ ဥစ္စာ"

ကဲ . . ဦးစိုးဟန် ဘာတတ်နိုင်သေးလဲ . .။ စီးကရက်မီးသတ်လိုက်ရသည့်အတွက် စကားပြတ်သွားသည်။

"ကိုစိုးဟန် ရှင်အိပ်ချင်ရင် သွားအိပ်နှင့်လေ"

"ကိုမေးချင်တာတော့အမှန်ပဲ . . အိရော"

"ကျွန်မလုပ်စရာလေးတွေ ရှိသေးတယ်လေ"

ဦးစိုးဟန်သည် အိပ်ယာဆီသို့ထွက်သွား၏။

ဒေါ်အိအိကတော့ ဖိုင်တွဲတွေ စာရွက်တွေနှင့် အလုပ်ရှုပ်နေ၏။

ꩻ ꩻ ꩻ



www.burmeseclassic.com

www.burmeseclassic.com



၄။

ပန်းကမ္ဘာ မိန်းမစီးကို လွတ်လပ်ပေါ့ပါးစွာဖြင့် ခပ်ပြင်းပြင်း နင်းရသည်မှာ အရသာရှိလှသည်။

စိုးနှင့်စက်ဘီးပြိုင်စီးရန် စိမ်ခေါ်မှုသည် သိပ်မကြာခင်မှာပင် အဆုံးအဖြတ်ပေးနိုင်ခဲ့သည်။ ပထမတော့ စိုးသည် ခပ်ခွာခွာမှလိုက်နိုင်သေးသည်။ အခုတော့ နောက်ဆီမှာ စိုးပြတ်ကျန်ခဲ့သည်။

အရှိန်ကိုသိသိသာသာလျှော့လိုက်ပြီး သိပ်မကြာခင်မှာပင် အားကုန်နင်းလာသော စိုးမီလာ၏။

"မသက်ကအရမ်းနင်းတာပဲ"

"စိုးပဲပြိုင်မယ်ဆို"





"ဟုတ်တယ်လေ"

"ကိုယ်နိုင်ပြီနော် စိုး"

စိုးသည်မောပန်းစွာဖြင့် ခေါင်းညိမ့်ပြရှာသည်။

ညောင်ပင်ရိပ်သို့ရောက်သောအခါ အရှိန်သိသိသာသာလျှော့လိုက်၏။

"ခဏနားရအောင်စိုး"

တိမ်တို့သည် အုံ့မှိုင်းမှိုင်းသဏ္ဍာန်ရှိနေကြသည်။

"ရေသောက်တာအရသာရှိလိုက်တာမသက်ရာ"

"မင်းအရမ်းမောနေလို့နေမှာပါ"

စိုးကမြက်ခင်းစပ်ပေါ်တွင်လှဲချလိုက်သည်။ ပက်လက်လှန်ပြီး မှိန်းနေပြန်သည်။

"စိုး ထ . . ထ။ နေမမြင့်ခင်ရွာရောက်မှ"

စိုးကခပ်ဆက်ဆက်လေး လူပ်ရှားလိုက်ပြီး စက်ဘီးရှိရာသို့ ဦးဆောင်ထွက်ခွာသွား၏။

"မသက် ရွာရောက်ရင် ထန်းရည်တိုက်နော်"

"မင်းတကယ်သောက်မှာလား"

"အင်းပေါ့"

"ထန်းရည်ရနိုင်ကောင်းမှာပါ"

အဖြေပေးသံကို စိုးကအားရကျေနပ်ပုံ မပေါ်ပေ။

"မသက်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထန်းရည်ပေါ်တဲ့ကာလ မဟုတ်သေးဘူးစိုး"

"ရအောင်ရှာပေးပေါ့၊ ထန်းပင်ရှိရင်ထန်းရည်ရှိရမှာပေါ့ မသက်ရ"

"မင်းဒီလောက်ဖြစ်နေမှတော့ ရအောင်ရှာတိုက်မှာပေါ့"

ချက်ခြင်းဆိုသလို စိုးပျော်မြူးသွားသည်။

ပကာတိချစ်စရာကောင်းသော ကောင်ကလေး . .

စိုးသည် အရောင်မဲ့သော ငှက်ဖြူလေးတစ်ကောင်နှင့် တူသည်၊ ဒါဆို . . သူမကရော . . . .

၊၊၊

ရွာထဲသို့ဝင်ဝင်ခြင်းပင် ရှုးစမ်းသော အကြည့်များနှင့် နှုတ်ဆက်မေးမြန်းသံတို့က အလိုလို ဆီးကြို၏။

"ဟယ် သက်သက်မိုးတို့ လှလာလိုက်တာ"

"မြို့ကြီးသူဖြစ်ပြီပေါ့"

"ပုံစံပြောင်းသွားလိုက်တာနော်"

များစွာသော ထင်ကြေးပေးသံ၊ စပ်စုသံများကို သင့်လျော်





သလို တုန့်ပြန်ရင်းပင် အိမ်ဆီသို့ရောက်လာခဲ့သည်။ နောက်ပါးဆီမှ စိုးကတော့ ကြောင်စီစီနှင့် ကပ်ပါလာခဲ့သည်။

"လုံမလာတယ်ဟေ့"

မိခင်၏အော်ဟစ်အသံပေးမှုက ဦးစွာထွက်ပေါ်လာသည်။ အပြေးတပိုင်းဖြင့်ရောက်ရှိလာသော အငယ်ကောင်နှစ်ယောက်ကြောင့် ရင်ထဲမှာ တမျိုးဖြစ်သွားသည်။

"စိုး မင်းအတွက်အဖေါ်တွေလေ"

စိုးကဘာတစ်ခွန်းမှပြန်မဖြေပဲ အနားတွင်သာ ကပ်နေ၏။ စိုးကအနားမှမခွာသောကြောင့် အငယ်ကောင်တွေ အနားကပ်ဖို့ အခွင့် အရေး ဆုံးသွားခဲ့သည်။

"ကဲ . .ကဲ မင်းညီလေး စားဖို့ ထန်းလျက်တို့ ပဲကြီးလှော်တို့ သွားယူပါဦး"

"စိုးက ထန်းရည်သောက်ချင်တာ"

ဖခင်က ခပ်ပြုံးပြုံးဖြစ်သွားသည်။ အမေကတော့ ထုံးစံအတိုင်းပင် ချက်ပြုတ်ဖို့ စိုင်းပြင်းနေ၏။ သူမ ကြိုက်သော ခွေးတောက်ရွက်နှင့် ကြက်သားဟင်းကို မဖြစ်မနေစီမံမှာ ပြောစရာ မလိုပေ . .

"ဒါဆိုလဲခဏကြာရင် ထန်းတောထဲကို လိုက်ပို့ပေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြားလားစိုး"

စိုးရယ်၏။

သိပ်မကြာခင်မှာ စိုးသည် အငယ်ကောင်နှစ် ယောက်နှင့် အဖွဲ့ကြသွား၏။

မိခင်၏မီးဖိုချောင်သို့ထွက်လာခဲ့သည်။

"သမီးလုလာတယ်"

အနားသို့ရောက်ရောက်ခြင်းပင် မိခင်ကပြောလိုက်၏။

"အမေနည်းနည်းပိန်သွားတယ်"

စကားနည်းသော မိခင်၏ထုံးစံအတိုင်း ခေါင်းညိမ့်ပြသည်။

ဒေါ်အိအိနှင့် မိခင်မှာ များစွာကွာခြားနေသည်မှာ ထင်ရှားလှ၏။

" အမေ ဒီထက်ပိုပြီး ပြင်ပြင်ဆင်ဆင်နေပါလား"

မြို့သူဖြစ်သွားသည်မှာ လပိုင်းမျှသာရှိသေးသော သမီးငယ်၏စကားကို ရှက်ပြုံးဖြင့် ပြန်ပြောသည် ။

" သမီးတို့သာလိုတာပါ။ ဒီမှာက ဒါတွေက မလိုပါဘူးကွယ် ... ပြီးတော့ သီလရှိဖို့ပဲ အဓိကမဟုတ်လား

တရားဓမ္မဆန်သော စကားကို သူမချေပဖို့ မစွမ်းသာတော့ပေ ။

" သမီး ရေချိုးရင်ချိုးတော့လေ "





" သမီးတို့ ရေတွင်းသွားပြီး ချိုးမှာအမေ"

အတွေ့အကြုံအသစ်တစ်ခုရရန် ရည်ရွယ်၍စိုးကို ရေတွင်းဆီသို့ ခေါ်ဆောင်သွားခဲ့သည်။

ရေတွင်းဆီသို့ သွားရာမှာလည်း သူမလက်ကို တွဲကာ စိုးအပျော်ကြီးပျော်နေ၏။

" မသက် "

" ပြောလေစိုး "

" စိုးလဲ မသက်လို ရေငင်ချင်တယ် "

မောင်းတက်ကို ပြန်မတင်ရင်း ရယ်လိုက်မိသည်။

" မသက်ကလည်း ဒါရယ်စရာလား "

" အော် စိုးရယ် ၊ ဒီမောင်းတက်ကို စိုးဘယ်နိုင်ပါ့မလဲ၊ ဒါကြောင့် မသက်ရယ်တာပေါ့ "

နေ၏အပူကြောင့် သူမဆံစတို့တွင် ချွေးများစို့နေ၏။

မောပန်းမှုတို့သည် စိုး၏အပြစ်ကင်းသော မျက်နှာလေးနှင့် စကားသံလေးများကြောင့်ပင် လွင့်စင်ပပျောက်ကုန်လေ၏။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝလေးတွင် ပျော်စရာများ စိတ်ကျေနပ်ဖွယ်များ ပြည့်လို့နေ၏။

အိမ်မှာနေရင်းလည်းစိုး ရှိနေ၍ပျင်းရိမှုမရှိ။

ကျောင်းသွား ကျောင်းပြန်ချိန်များတွင်လည်း စိုးနဲ့အတူတူ ပျော်ရပြန်သည်။ ကုန်ဆုံးသွားသော ရက်လတို့ကို သူမသတိမထား မိတော့ပေ။

ကျောင်းစာများ . . .

အိမ်မှုကိစ္စများ၊ စိုး၏နှဲ့ဆိုး ဆိုးသော ချစ်စရာအလေ့အထ များ ကြားမှာပင် ပျော်နေခဲ့ရသည်။

တခါတရံတွင်သာ အမေ့ကို သတိရစိတ်ဖြစ်ရသည်။ ထိုရက်မျိုးမှာလည်း စိုးနဲ့အတူအမေတို့ဆီသွားလည်ဖြစ်သည်။

စိုးနဲ့အတူအကွ ပျော်ရွှင်နေရ၍ . . .

နွေမှာလည်းကောင်း . . .

မိုးမှာလည်းကောင်း . . . ၊ ဆောင်းမှာလည်းကောင်း . . . ပျင်းရိခြင်းသည် သူမထံသို့ အလည်အပတ်မျှပင် မရောက်ရှိခဲ့ပေ။

" မသက်မရှိတုန်းကဆို စိုးအိမ်မှာ နေရတာ အရမ်းပျင်း တာပဲ မသက်သိတဲ့အတိုင်းပဲ . . . အိမ်ကလူတွေက စိုးကို ဂရုစိုက် ကြတာမဟုတ်ဘူး ၊ မျိုးမျိုးဟန်လေးနဲ့ ဘွားဘွားတို့ဆီမှာသွားနေတဲ့ ကိုကိုကြီးကိုသာ မေမေတို့က ချစ်တော့ . . . . "





" ဒီလိုဟုတ်မယ်မထင်ပါဘူးကွယ် "

" သိပ်ဟုတ်တာပေါ့ မသက်ရာ "

" ကဲ . . . ဒီလိုဆိုလည်း မသက်တစ်ယောက်လုံးမင်းအနား မှာရှိနေပြီပဲ . . . ကျေနပ်ပြီမဟုတ်လား "

စိုး၏ အပြုအမူပြောဆိုပုံလေးများသည် ကရုဏာသက်စရာ ပင်။ အဝေးတွင်ရောက်နေသော စိုး၏အစ်ကိုကတော့ ဘယ်လိုနေမည် မသိ ။ မျိုးမျိုးဟန်လေးက စိုးကို အမြဲလိုလို ဗိုလ်ကျနေတတ် သေးသည်။

အတွယ်အတာနည်းရှာသော စိုးကိုရင်မှာ သံယောဇဉ်တွယ် မိသည်။ သံသရာသည် လည်ပတ်နေသည့် သဘောရှိသည်ဆိုပါက အရင်ဘဝကပင်သူမတို့နှစ်ယောက်သည် သံယောဇဉ်ရှိသူများဖြစ် ကောင်းဖြစ်နေလိမ့်မည်။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



၅။

" မသက်က စိုးအမြင်မှာ အရမ်းလှနေတာသိလား "

" ဟုတ်လား . . . မင်းကအခုမှ တရေးထနိုးတာလား ကျောင်းကလူတွေအားလုံးက ဒီအတိုင်းပဲပြောကြတာပဲ... မင်းပြောတာကတောင်နောက်ကျနေသေးတယ် "

" ဟုတ်မှာပေါ့ . . . သူ့ကိုငမ်းတဲ့လူတွေက ပိုပြီးမြှောက်ပင့်ပြောကြတာ... စိုးက အရှိအရှိအတိုင်း အမြင်အမြင်အတိုင်းပြောတာ "

သူမ ဆယ်တန်းနှစ်သို့ ရောက်သောအခါစိုးကခြောက်တန်း





တက်နေရပြီ ၊ ခြောက်တန်းကျောင်းသားလေးစိုးတစ်ယောက် စိတ်ကောက်နေ၏။

" ကဲပါ... မသက်ကစိုးပြောတဲ့စကားကိုပဲ ယုံကြည်တာပါ။ ကျန်တဲ့လူတွေပြောတဲ့စကားကိုမယုံပါဘူး ၊ ဒါကြောင့်မို့ သူတို့က ဘယ်လောက်ပဲကြိုက်ကြိုက်၊ ဘာတွေပဲပြော နေပြောနေ မသက်ပြန်စိတ်ဝင်စားလို့လား... မသက်တို့အရွယ်မှာ ဒီကိစ္စတွေ စိတ်မဝင်စားရဘူးလို့ ကျောင်းမှာလဲ စည်းကမ်းချက်ထုတ်ထားတယ်၊ ပြီးတော့ မမအိကလည်း သင်ထားတာပဲ "

စိုးတစ်ယောက်ကျေနပ်သွားပုံရသည်။ သူမစာကြည့်စားပွဲမှ လှစ်ခနဲပြေးထွက်သွားသည်။ စိုးတစ်ယောက်အိပ်ရာထဲဝင်ပြီးထင်၏။ သူမကတော့ စာတွေနဲ့နပန်းလုံးနေရသည်။ မမအိပြောထားသော စကားများခေါင်းထဲသို့ ဝင်လာသည်။

" မိန်းကလေးတစ်ယောက်ဟာ အရမ်းရုပ်ကြောက်နေစရာမလိုဘူး၊ မိန်းမတွေကို မာယာများတယ်လို့ သူတို့စွပ်စွဲကောင်းစွပ်စွဲလိမ့်မယ်၊ အဲဒီမာယာဟာ မိန်းကလေးတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ အကာအကွယ်တစ်ခုပဲ။ မင်းတစ်ချိန်မှာတော့ အိမ်ထောင်ပြုရမှာပေါ့၊ အဲဒီအခါ မင်းရဲ့ရွေးချယ်မှုဟာ ခမ္မခိဋ္ဌာန်ကျဖို့လိုမယ်။ အခုလို ပညာသင်ချိန်မျိုးမှာတော့ အချစ်ရေးတို့ အိမ်ထောင်ရေးတို့ကို စိတ်ဝင်စားဖို့ မလိုဘူး "



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ထိုကိစ္စမျိုးကို စိတ်ဝင်စားမှုမရှိပေ။

သို့သော် သူမဘဝထဲသို့ တစိမ်းယောကျ်ားလေးတစ်ယောက် ဝင်လာ၏။ သူမနားသို့ မြတ်သူရောက်လာသည်ကလည်း စိုးကြောင့်ပင်ဖြစ်သည်။ မြတ်သူသည် စိုးကိုပထမဦးစွာ ရင်းနှီးမှုရယူလိုက်၏။

၊၊၊

သူမနှင့် သူငယ်ချင်းဖြစ်လိုကြောင်း မြတ်သူတိုက်ရိုက်မပြောခဲ့ ...။ သူမနှင့် ရင်းနှီးချင်သော ယောကျ်ားလေးများစွာလို မြတ်သူမကျင့်ကြံခဲ့ပေ ...။

" မသက်ဆီ လာရတာ တစ်ခါတစ်ခါ အရမ်းစိတ်ညစ်တာပဲ "

" ဘာဖြစ်လို့လဲ စိုး "

" တစ်ယောက်ယောက်က စောင့်ပြီးစာပေးနိုင်းရင်နိုင်းမယ်၊ နောက်ရင်နောက်မယ် "

ခြောက်တန်းကျောင်းသားလေးစိုး၏ စိတ်ညစ်ပုံကိုကြည့်ပြီးသဘောကျမိပြန်သည်။





" မသက်ဆီလာရင်းက ဆယ်တန်းက အစ်ကိုကြီးတစ်ယောက်နဲ့ခင်နေမိပြီ "

" သူကရော မင်းကို မနောက်ဘူးလား "

" မသက်လူတွေလို မဟုတ်ပါဘူး၊ မသက်ဆိုတဲ့နာမည်ကိုယောင်လို့တောင်မပြောဘူး၊ သူနှင့်ခင်သွားမှ နည်းနည်းသက်သာရာရသွားတာ "

စိုးစကားကြောင့်ပင် ထိုလူကို စိတ်ဝင်စားမိသည်၊ အားလုံးလိုလိုက သူမကို စိတ်ဝင်စားနေချိန်မျိုးမှာ ဂရုမထားဘူးဆိုတော့။

" မင်းသူ့ကို ခေါ်လာပါလား "

" ခေါ်ခဲ့မယ်လေ "

စိုးနဲ့အတူ သူမထံသို့ရောက်လာလိမ့်မည်ဟု တွေးထင်ထားခြင်းသည် မှားယွင်းခဲ့၏။ နောက်တနေ့ မုန့်စားဆင်းချိန်၌ စိုးတစ်ယောက်တည်းသာရောက်လာ၏။

" မင်းရဲ့လူ ပါမလာဘူးလား စိုး "

" မလိုက်ချင်ဘူးတဲ့ မသက် "

" ကြီးကျယ်လိုက်တာ "

" မသက်အခန်းကို လာမတွေ့ချင်ဘူးတဲ့ "

ပိုပြီး မချင့်မရဲဖြစ်သွားမိသည်။ စိုးကတော့ သိပ်ပြီးအလေးမထားပေမယ့် သူမတော့ မြတ်သူကိုတွေ့ချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌မြတ်သူနှင့် မျက်နှာချင်းဆိုင်ဖို့ သူမကပင်စတင်ရတော့၏။

၊ ၊ ၊





၆။

သူမတို့မြို့နယ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတစ်ခု ဖြစ်သည့် ဧရာဝတီမြစ်ကမ်းနဘေးတွင်တည်ရှိသော ဆိပ်ကမ်းမြို့ ဖြစ်သည်။ သူမတို့ အထက်တန်းကျောင်းသည်လည်း ဧရာဝတီနှင့် မနီးမဝေးတွင် ယှဉ်လျက်တည်ရှိနေသည်။

ကျောင်း၏အနောက်ဘက်ထောင့်နားတွင် ကပ်လျက် ရေကန်တစ်ခုရှိသည်။ ယင်းရေကန်ထဲတွင် မိုးအခါ၌ ပုဒုမ္မာကြာများ ပြည့်နှက်လျက်ရှိနေတတ်သည်။ ရေဆုတ်သောဆောင်းကာလမျိုး၌ လှေကားထစ်များမှ ကန်ထဲသို့ဆင်း၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ အလွန်အမင်းစည်းကမ်းထုတ်ထား၍လား၊ ဒါမှမဟုတ် ကန်နဘေးတွင်တည်ရှိနေသော ရုပ်ထုများကြောင့်လား တော့မပြောတတ်ပေ။ ထိုကန်ကို ကျောင်းသားကျောင်းသူများ စိတ်ဝင်စားမှုနည်းပါးတာတော့ သေချာ၏။

မြတ်သူနဲ့ တွေ့ဆုံဖို့ထိုကန်စပ်ကိုပင် တမင်ရွေးချယ်မှုပြုခဲ့သည်။

" နောက်ကလူလား စိုး "

" ဟုတ်တယ်မသက်၊ ကန်ထဲဆင်းကြည့်ရအောင် "

စိုး၏ခေါ်ဆောင်မှုကြောင့် နောက်ဆံတင်းခြင်းမှာ ပြုတ်တောက်သွား၏။ လှေကားထစ်ဆုံးသည်အထိ ဆင်းမိသောအခါ မြတ်သူက ကန်နှုတ်ခမ်းသို့ရောက်နေပြီ။

မြင်ဖူးတာ သိပ်သေချာတာပေါ့။

" စိုးနောင် ... မင်းရေညှိတွေတက်နင်းပြီး ချော်လဲနေဦးမယ် "

ကြည့်စမ်းပါဦး . . .

တကယ်ဆို . . . သူမကို ဦးစားပေးစိုးရိမ်သင့်သည်ပေါ့။

ရုပ်ရည် သင့်တင့်မှုသည် ဝတ်စားဆင်ယင်တတ်မှုကြောင့် ကြည့်ကောင်းနေသည်။

နေ့တိုင်းလိုလိုမှာ ဒီအတိုင်းသပ်ရပ်တောက်ပြောင်စွာ





ဝတ်ဆင်တတ်သည်လား။

သူမနှင့်တွေ့ရန်အတွက် ရွေးချယ်ဝတ်ဆင်လာခြင်းလည်း ဖြစ်နိုင်ကောင်းသည်။

လျှပ်တပြက်ရလိုက်သော ရေမွှေးနံ့ကတော့ သူမနှင့် တွေ့ဆုံရန်အတွက် အသုံးပြုခြင်းမှာ သေချာသလောက်ရှိသည်။

" ရှင်က ဘယ်အခန်းကလဲ "

" ကျွန်တော်က ဆယ်တန်းစီကပါ သက်သက်မိုး "

" ရှင့်ကို တွေ့ဖူးသလိုတော့ရှိတယ် "

" ဟုတ်ပါလိမ့်မယ်... စိုး အဲ့ဒီအရုပ်ကြီးတွေ အကြောင်း မသိချင်ဘူးလား "

ကြည့်စမ်း . . .

သူမကို အဖြေပေးခြင်းနှင့်ရောထွေးပြီး စိုးကိုဖြားယောင်းနေပြန်ပြီ . . .

ဆက်ဆံပုံကြောင့် ရင်ထဲမှာ အောင့်သက်သက်ရှိလှ၏။

" ပြောပြပေါ့ ကိုမြတ်သူရဲ့ "

စိုးဆိုသည် ကောင်လေးကလည်း အလိုက်မသိတတ်လွန်းသည်။ မြတ်သူ၏မျက်လုံးများသည် လိမ်ညာမှုကို ဖော်ပြနေ၏။ စိုးအလစ်မှာဖြစ်စေ၊ သူမတခြားသို့ ငေးနေချိန်မျိုးမှာဖြစ်စေ တိတ်တဆိတ်ကြည့်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



" ဒီကန်နှင့် ဒီအရုပ်တွေကို ဟိုးမှာမြင်နေရတဲ့မင်းသမီးက ကျိန်စာပြုထားခဲ့တာဆိုပဲကွ "

" ဟို နတ်သမီးရုပ်ထုကြီးလား "

" အေး "

" ဒါနှင့် မြင်းစီးနေတဲ့စစ်သူကြီးကရော "

" သူရဲ့မောင်တော်လား၊ ဒါမှမဟုတ် ... "

စိတ်မရှည်နိုင်တော့ပဲ၊ စကားဖြတ်ပြောလိုက်သည်။

" ဒီမှာ..ရှင် ကလေးကိုပေါက်ကရတွေ ပြောပြမနေပါနှင့်၊ ကြိမ်စာနဲ့ဒီကန် ၊ ပြီးတော့ရုပ်ထုတွေဟာ သက်ဆိုင်မှုရှိတယ်လို့ ရှင် အတတ်ပြောနိုင်လား "

" ဒါကတော့ ... ကျွန်တော်လည်း လူကြီးတွေရဲ့ပြောစကား..... "

" မသေချာဘဲနဲ့ ဘာမှအသိမရင့်ကျက်သေးတဲ့ ကလေးကို ခေတ်နောက်ပြန်တဲ့အကြောင်းအရာတွေနဲ့ ကျုံးမသွင်းချင်စမ်းပါနဲ့ရှင် "

စိုးက သူမတို့နှစ်ယောက်၏အခြေအတင်စကားပြောခြင်းကို ရုတ်တရက်တော့ အံ့သြမှုဖြစ်သွား၏။ ပြီးသောအခါ သူမကို အပြစ်တင်စကားပြော၏။

" မသက်ကလည်း ကိုမြတ်သူကသိလို့ပြောပြနေတဲ့ဟာကို "





" မင်းက ကလေးပဲရှိသေးတယ် စိုး "

ခပ်ငေါက်ငေါက်လေး ပိတ်ပြောလိုက်ခြင်းကြောင့် စိုးပါ စကားသံတိတ်သွားသည်။ သူနဲ့တွေ့ဆုံမှုသည် နည်းနည်းတော့ ပျူးဆန်းသည်ဟု ပထမတော့ အထင်ရှိခဲ့၏။

ဤကန်ထဲတွင် သုံးယောက်သားဆုံကြတိုင်း စိုးကိုရာဇဝင်တစ်ခုခုအကြောင်း၊ ဥစ္စာစောင့်အကြောင်းများပြောပြတတ်သည်။

သူပြောပြသော အကြောင်းအရာများထဲတွင် စိုး စိတ်အဝင်စားဆုံးကတော့ ကျောင်းနဲ့မနီးမဝေးတွင်ရှိသော သုသာန်နဲ့တွဲစပ်နေသည့် ဘုရားကြီးအကြောင်းပင်ဖြစ်သည်။ ထိုဘုရားကြီးတွင် သူ့ စကားအရ နေ့ခင်းကြောင်တောင်ပင် ဥစ္စာစောင့်လိုလို သူယောင်မယ် လိုလို တွေ့ရတတ်ကြောင်း အမြဲပြောလေ့ရှိသည်။

" ရှင် ကလေးကို ပေါက်ကရတွေ ပြောပြန်ပြီလား၊ ရှင်က ဆယ်တန်း၊ ကလေးက အစုမှခြောက်တန်းပဲရှိသေးတာ ရှင် ဆင်ခြင်ဖို့ကောင်းတယ်၊ နဂိုကမှ စိုးစိတ်က ပေျာ့ချင်နေတာ "

" တကယ်ပြောတာပါ ... ကျွန်တော်လိုပဲ ဒီနားပတ်ဝန်းကျင်ကလူတွေပြောပြတာပါ "

" ကျွန်မတော့ မယုံဘူး၊ မနက်ဖြန်လိုနေ့မျိုးမှာ ကျွန်မတို့ အဲ့ဒီကိုသွားရအောင်၊ စိုး သူပြောသလောက်တော့ ခြောက်ခြားစရာ မရှိလောက်ဘူး၊ ဘုရားရိပ်ဆိုတာ စိတ်အေးချမ်းမှုကို ရတဲ့နေရာပဲ "



www.burmeseclassic.com

www.burmeseclassic.com



အုံ့မှိုင်းမှိုင်းရှိနေသောစေတီကိုလှမ်းကြည့်ပြီးပြောလိုက်သည်။

r r r

သရဲများအကြောင်းကိုဖြစ်စေ .. ဥစ္စာစောင့်များ၊ သူယောင်မယ်များ အကြောင်းများကို ဖြစ်စေ၊ စိုးစိတ်ဝင်စားပြီး ခြောက်ခြားမှုဖြစ်လာစေရန် သူစွမ်းဆောင်နိုင်ခဲ့သည်။ အနားတွင် အမြဲလိုလိုကပ်ပါနေပေမယ့် မျက်လုံးများ၏ အကြည့်မှလွဲ၍စကားရိပ်သန်းခြင်းမျိုးမရှိခဲ့ချေ။

ဥစ္စာစောင့်များ၏ ချောမောလှပခြင်းကိုတော့ ထပ်တလဲလဲပြောတတ်၏။

" စိုး မင်းဘုရားကို ရောက်ရောက်ချင်းဦးချနော် "

စောင်းတန်းသို့မရောက်ခင်မှာပင် အသည်းငယ်တတ်သောစိုးကို သတိပေးလိုက်သည်။

စိုးသည် သူ့အနားသို့သိသိသာသာပင်တိုးကပ်သွားခဲ့၏။ သူမကတော့ ခပ်ကျော့ကျော့ပင် ရှေ့မှလျှောက်ခဲ့သည်။

သူ့စကားကို လိုက်နာမည်ထင်သောကြောင့် ဘုရားဦးချခြင်း





မပြုတော့ပဲ စိတ်ထဲကသာ ရှိခိုးလိုက်သည်။

" သုသာန်နားနိုးတဲ့ဘုရားဟာ လူအရောက်အပေါက်နည်းတာသိပ်မထူးဆန်းပါဘူး "

" ဒီလိုတော့ မပြောနဲ့ဗျ၊ တစ်နှစ်တစ်ခါတော့ ဒီဘုရားမှာလူစည်ကားတယ်၊ ဘုရားပွဲရက်တွေမှာပေါ့ဗျာ၊ ဥစ္စာစောင့်တို့၊ နာနာဘာဝတို့လည်း ပြည့်နေတာပေါ့ "

" ဟဲ့ . . . "

ကျီးတစ်ကောင် ရုတ်တရက်ထပြန်ပြီး အသံခပ်ကျယ်ကျယ်အော်လိုက်မှုကြောင့် သူမ၏ ထိတ်လန့်မှုသည် အနည်းငယ်တော့ပေါ်သွားခဲ့သည်။

" ဒီကောင်လေးက အလန့်အကြား ဘာဖြစ်တာလဲ "

" ခင်ဗျား ကလေးကို သက်သက်မဲ့စွပ်စွဲတာပဲ ကျီးအော်လို့ လန့်တာက ခင်ဗျား "

သူမအဖြစ်အပျက်ကိုကြည့်ပြီး စိုးနှင့်မြတ်သူတို့ရယ်ကြသည်။ စိတ်ဆိုးမှန်းသိသောအခါ ကပျာကယာချော့သည်။

" စကားမပြောပဲတော့ မနေပါနဲ့ တစ်ခါတစ်လေ ပျော်စေချင်လို့နောက်မိတာပါ "

" ဒါဆို ရှင်ကလေးကိုပဲဖြစ်ဖြစ်၊ ကျွန်မကိုပဲဖြစ်ဖြစ်ပေါက်ကရတွေ မပြောပါဘူးလို့ ကတိပေးမလား "



www.burmeseclassic.com

www.burmeseclassic.com



" ထားပါ၊ ကျွန်တော်ပြောခဲ့တဲ့အကြောင်းအရာတွေက လက်တွေ့ပြဖို့ ခက်တယ်ဆိုတာ ဟုတ်မယ်၊ ဒါပေမယ့် ဒီမြို့ကို အလောင်းဘုရားလို့ခေါ်တဲ့ တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့တဲ့ ဦးအောင်ဇေယျ ခြေချဖူးတယ်ဆိုတာကို ခင်ဗျားငြင်းမလား "

သမိုင်းအထောက်အထားနဲ့ ကိုင်ပေါက်လိုက်သောအခါ ငြိမ်သက်သွားရသည်။ စိုးကတော့ ရှုံးနိမ့်သွားမှုကို လျှောင်ပြုံးပြုံး၏။

" ဒါကို လူတွေပေါက်ကရပြောတာပါလို့ စွပ်စွဲလို့မရတာ သေချာတယ်၊ ခင်ဗျားတို့ရေနံမြေကို ပြန်တဲ့လမ်းဘေးမှာရှိတဲ့ဘုရား၊ ရွှေဘုံသာ၊ ညစျေးနားကဘုရားပေါ့ . . . ၊ မသိရင်မှတ်ထားအဲ့ဒီဘုရားကို အလောင်းဘုရားကိုယ်တိုင်တည်ခဲ့တာ "

" ဒီအချက်တစ်ခုတည်းနဲ့ ရှင်ပြောခဲ့တဲ့စကားတွေ အားလုံး မှန်ကန်ကြောင်းသက်သေပြလိုက်တာလား "

" ကျွန်တော့်စကားတွေမဟုတ်ဘူး၊ အရပ်စကား။ ပါးစပ်ရာဇဝင်တွေအကြောင်းပါ "

မြတ်သူလောက်စကားပြောမကောင်းခြင်းကြောင့် သူမသည် စိုးအတွက် စိတ်ဝင်စားစရာကောင်းနေခြင်းမှာ ဆုံးဆန်းသည့်ကိစ္စ မဟုတ်တော့ပေ။

၄၄၄





၅။

ဆယ်တန်းစာမေးပွဲ နီးလာသည်နှင့် မြတ်သူထံမှအကူအညီများစွာရလာသည်။ မြတ်သူက သူမအားစေတနာ သန့်သန့်ဖြင့် ကူညီသောအခါ အားနာရပြန်သည်။ အိမ်ကိုပင် စိုးနဲ့အတူ လေးခါလောက် မြတ်သူလိုက်လာတတ်သည်။ မြတ်သူနှင့် မိတ်ဆွေဖြစ်သည်ကို ဒေါ်အိအိရော ဦးစိုးဟန်ပါ ဘာမှ အပြစ်မပြောကြပေ။

" မသက်တို့ စာကျက်ရတာကို ပြေးရလွှားရတာကို ကြည့်ပြီး စိုးတောင် သနားလာပြီ . . . စိုးသာဆရာဖြစ်ရင် မသက်ကို သနားလို့အအောင်ပေးလိုက်ပြီ "

" ဆယ်တန်းဆိုတာ ဘဝကို တဆစ်ချိုးပေမယ့် စာမေးပွဲတဲ့၊ ဒါကြောင့်မို့ . . . မသက်တို့ကြိုးစားနေရတာပေါ့ " မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တဲ့လူတွေရော၊ စာစစ်မယ့်လူတွေပါ မသက်တို့ကို သင်တဲ့ဆရာ၊ ဆရာမတွေမဟုတ်ကြဘူး ”

စိုးတို့ကတော့ စာမေးပွဲတွေပြီးသွား၍အနားရနေသည်။

“ စိုးကတော့ မသက်တို့စာမေးပွဲ မြန်မြန်ပြီးစေချင်ပြီ ”

“ ဘာဖြစ်လို့လဲ စိုး ”

“ စိုး ပျင်းလာလို့ ”

“ ခဏလေး သည်းခံစောင့်လိုက်ပါကွယ် ”

“ မသက် ဒီနေ့ကိုမြတ်သူတို့ဆီသွားရမှာ မဟုတ်လား ”

“ အင်းလေ ... ဆရာဆီကို သူနဲ့အတူသွားရမှာ ”

“ စိုးပါလိုက်ခဲ့မယ် ”

“ ထူးထူးဆန်းဆန်းစိုးရယ်၊ မသက်တို့သွားတဲ့နောက် စိုးဘယ်တုန်းက မလိုက်ပဲနေလို့လဲ ... ဒီသင်္ချာတစ်ပုဒ်တွက်ပြီးရင်သွားမှာ စိုး ”

အပြင်ထွက်ရမည်ဆိုသောကြောင့် စိုးမျက်နှာဝင်းပသွားသည်။

နေရာမှ ထပြေးပြီးအဝတ်အစားသွားလဲသည်။

သူမစာကျက်နေသည့် အချိန်တိုင်းစိုးအနားမှာ ရှိနေတတ်သည်။ မျိုးမျိုးဟန်ကဆော့ဖို့ခေါ်လည်း စိုးမသွားပေ။





သူမလိုအပ်တာတွေ စားစရာတွေကို အဆင်သင့်ဖြစ်အောင် စိုးဖန်တီးပေးတတ်သည်။

* * *

သတ်မှတ်ချိန်ထက် ၁၀ မိနစ်ခန့်စောပြီးဖြေဆိုပြီးနေ၍ အစအဆုံးတစ်ခေါက်ပြန်စစ်ကြည့်နေမိသည်။

အခန်းအပြင်ဘက်ကို အကြည့်ရောက်သောအခါ ဝရံတာတွင်မြတ်သူရပ်နေသည်ကိုတွေ့ရ၏။

အခုချိန်လောက်ဆို စိုးလည်းကျောင်းအပြင်ဘက်မှာစောင့်နေတော့မည်။

ဖြေဆိုထားသည်များကို ပြန်စစ်နေဆဲမှာပင် ဘဲလ်သံထွက်လာသည်။ ကျောင်းဝင်းတစ်ခုလုံးလှုပ်လှုပ်ရွရွနှင့် ဆူညံသွား၏။

“ ဆရာမတွေလက်ထဲကို အဖြေလွှာတွေအပ်ပြီးမှ အပြင်ထွက်ကြပါ ”

အခန်းစောင့်ဆရာမကို အဖြေလွှာအပ်ပြီးသည်နှင့် မြတ်သူရှိရာသို့ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနှောင်အဖွဲ့မရှိတော့သဖြင့် သူမ၏ ခြေလှမ်းများနှင့် အတွေးတို့သည် အရင်နေ့များထက်များစွာ လွတ်လပ်ပေါ့ပါးနေ၏။

" အိုကေတယ်မဟုတ်လား သက်သက်မိုး "

" အိုကေတယ်၊ ကိုမြတ်သူရော "

" ဖြေနိုင်တယ်၊ ကျွန်တော်တို့သွားကြရအောင်၊ စိုးတစ်ယောက်ကျောင်းပေါက်ဝက မျှော်နေရှာတယ် "

ကျောင်းသားကျောင်းသူများ၏ အချင်းချင်းနှောက်ပြောင်သံ အော်ဟစ်သံများကို ရှောင်ရှားရင်းထွက်လာခဲ့ကြသည်။ စာမေးပွဲနောက်ဆုံးနေ့ထုံးစံအတိုင်းပင် လည်ပတ်ကြရန် အစီအစဉ်တွေဆွဲနေကြ၏။ သူမတို့ကိုလှမ်းမြင်သောအခါ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ စိုး ပြေးဝင်လာသည်။

" မသက်ရေ ဒီနေ့ စိုးတို့လျှောက်သွားရအောင်နော် "

" သွားကြတာပေါ့ ... မင်းရဲ့ကိုမြတ်သူကိုလည်းခေါ်ဦးလေ "

" စိုးမခေါ်လည်း ကိုမြတ်သူကလိုက်မှာ မဟုတ်လား "

မြတ်သူက ... စိုးအမေးကို ပြုံးပြီး ခေါင်းညိမ့်ပြ၏။

သုံးယောက်သားစက်ဘီးကိုယ်စီဖြင့် ကတ္တရာလမ်းပေါ်နင်းလာခဲ့ကြသည်။





" စိုးတို့ရုပ်ရှင်သွားကြည့်ရအောင်၊ ရှိမီယိုနဲ့ဂျူးလီယက်တဲ့ အရမ်းကောင်းတယ်လို့ပြောတယ် "

စိုးက စက်ဘီးကိုယှဉ်နင်းရင်းပြောလိုက်သည်။ သူမကတော့ ရုပ်ရှင်မကြည့်ချင်.. ကိုမြတ်သူကို မသိမသာအကဲခတ်ကြည့်လိုက်သည်။ နှစ်မဲတစ်မဲဆိုပါက စိုး၏အစီအစဉ်ကို လက်မခံလို့ မဖြစ်ပေ ... ။

" စိုးကြည့်ချင်ရင်နောက်နေ့မှ ကိုယ်လိုက်ပြမယ်၊ ဒီနေ့ရုပ်ရှင်ရုံမှာ လူအရမ်းများမှာ စိုး "

စိုးစကားကို မကန့်ကွက်စဖူးကန့်ကွက်လိုက်သောကြောင့် သူမကိုလှမ်းပြီး စိုး စစ်ကူတောင်းသည်။

" မသက်ရော မကြည့်ချင်ဘူးလား "

" မကြည့်ပါနဲ့စိုးရာ ... မြစ်ဆိပ်မှာ အညာဆန်သင်္ဘောကြီး ဆိုက်နေတယ်ပြောတယ်၊ မမအိမ်ဖို့ရော အမေ့အတွက်ပါ သနပ်ခါးတုံးတွေသွားဝယ်ရအောင် "

" ကောင်းတယ် အဲ့ဒီအစီအစဉ်ကောင်းတယ်၊ အညာဆန်မှာဈေးဝယ်ပြီးရင် ကမ်းပါးထိပ်မှာ ဗူးသီးကြော်စားမယ်၊ ပြီးမှ စိုးတို့ ကိုပြန်လိုက်ပို့ပေးမယ် "

သူမနှင့်မြတ်သူတို့ အတိုင်အဖောက်ညီသွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



စိုး၏ရုပ်ရှင်ကြည့်မည့်အစီအစဉ်သည် အလိုလိုပျက်သွားတော့၏။

" ဒါဆိုလည်း သဘော်ဆိပ်ဘက်ကို နင်းရတော့မှာပေါ့"

ရှေ့မှဦးဆောင်နေသော စိုးကပါးစပ်မှပြောရင်း သဘော်ဆိပ်ဘက်ကိုချိုးကွေ့လိုက်သည်။ စိုးကိုအမီလိုက်ရင်း မျက်နှာကို ကြည့်ရသေးသည်။

" ဘာလဲ မသက်ကပြိုင်ချင်ပြန်ပြီလား . . . ဒါဆိုစိုးနဲ့ မပြိုင်နဲ့ ကိုမြတ်သူနဲ့ပြိုင်နင်း "

စိုးကပြုံးပြုံးရွှင်ရွှင်ဖြင့် သူမကိုစလိုက်သေးသည်။

ဒါဆို စိုးစိတ်မကောက်တာသေချာသွားပြီ။

အပြန်လမ်း၌ အောင်မြေဘုံသာဘုရားရှေ့သို့ရောက်သောအခါ ဘုရားဝင်ဖူးရန် မြတ်သူပြောသည်။ စိုးကလည်း လိုလိုချင်ချင်ပင်ဖြစ်နေ၏။

မြတ်သူတစ်ခုခုပြောချင်မှန်း သိ၍အင်တင်တင်လုပ်နေခြင်းကို စိုးကရိပ်မိပုံမပေါ်ပေ။

" မသက်ကလည်းဗျာ ဘုရားဖူးမှာကို ငြင်းနေတယ်။ ငရဲကြီးမှာနော် "

ဘုရားပရဝုဏ်အပြင်ဘက်တွင် စက်ဘီးနှင့် ပစ္စည်းများကို ထားရစ်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်ဦး၏သာသနိကအမှတ်အသားသည်





တစ်ချို့နေရာများ၌ ယို့ယွင်းစပြုနေပြီ။

အရန်စေတီငယ်များ သို့မဟုတ်ဇရပ်ပျက်၊ကျောင်းပျက်များ၏ကုန်းဘောင်ခေတ်အုပ်ကျိုးပဲ့ပုံများကို ငေးကြည့်နေမိသည်။

" သက်သက်မိုး....ဘုရားဦးချဦးလေ၊ ဘာတွေတွေးနေတာလဲ"

မြတ်သူအသံကြောင့် အသိဝင်လာ၍လှည့်ကြည့်သောအခါ ဦးမရှိတော့ပြီ . . .

ဘုရားဝတ်ပြုပြီး ထလိုက်သည်။ မြတ်သူက သူမနဘေးမှာ ကပ်ပါရင်းလျှောက်လာသည်။

" သက်သက်မိုး ဘုရားမှာ၊ ဘာဆုတောင်းလဲ ကျွန်တော်ကတော့ ကိုယ်ချစ်ရသူနှင့် အမြဲမြင်တွေ့ချစ်ခင်ရပါစေလို့ဆုတောင်းတယ်။ ဒီဘုရားက ဆုတောင်းပြည့်တယ်လေ . . . ကုန်းဘောင်သမိုင်းမှာ ဘုန်းတန်ခိုးအကြီးဆုံးဦးအောင်ဇေယျ တည်ခဲ့တဲ့ဘုရားပေါ့ မြို့ကို အောင်မြင်တဲ့အထိမ်းအမှတ်နဲ့တည်ခဲ့တာ "

" ကျွန်မကတော့ . . . ဘုန်းတန်ခိုးကြီးတာတွေ ဦးအောင်ဇေယျတွေ ဆုတောင်းပြည့်တာတွေထက် မြတ်စွာဘုရားကို ကြည်ညိုရှိခိုးဝတ်ပြုလိုက်တာပါပဲ။ တကယ်တော့ ဆုတောင်းတယ်ဆိုတာကလည်း စိတ်ဆန္ဒအလိုပြည့်လိုမှုတစ်ခုပါပဲ "

မြတ်သူစကားလမ်းကြောင်းသည်ကို သူမကဖြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။

မြတ်သူမျက်နှာအနည်းငယ်ပျက်သွား၏။

" ဒါဆို သက်သက်မိုးမှာ ကျွန်တော့်လို ဆုတောင်းစရာ ကိစ္စမရှိဘူးပေါ့ "

" ဆိုပါတော့ "

ဘုရားတစ်ပတ်ပြည့်ခါနီးတွင် စိုးတစ်ယောက်ဘွားကနဲပေါ် လာသည်။

" မင်း ဘယ်ပျောက်သွားနေတာလဲ စိုး "

" ရှဉ့်ညိုလေး အုတ်ပုံကြားထဲဝင်သွားလို့လိုက်ကြည့်တာ "

ထိုအခြေအနေအတိုင်းပင် သူမတို့အိမ်ပြန်ခဲ့ကြသည်။

ရေနံမြေနယ်စပ်အထိ မြတ်သူလိုက်ပို့ပေးသည်။ ပြန်ခါနီး မြတ်သူဆွေးမြေ့ရီဝေဟန်ဖြင့် ကြည့်သွား၏။

r r r





၈။

သင်္ကြန်ကိုကြိုချင်ရှာသော ပိတောက်တို့သည် မိုးကိုမျှော်လင့်နေကြသည်။

နွေ၏သရုပ်သည် ပန်းချီကားတစ်ချပ်လိုဖြစ်နေသည်။

ကြွေ ရွက်များ . . . ပရစ်စီနေသောအပင်များဖြင့် ကြည့်ကောင်းနေသည်။

အမြင်အာရုံကျိမ်းစပ်ခြင်းကိုသာမခံရပါက မြင်ကွင်းတဆုံး တံလျှပ်ငွေ့ကို ငေးကြည့်နေချင်တော့၏။

ပိတောက်တွေပွင့်ပါက မြတ်သူလာဦးမည်ဟုဆိုသည်။

" မသက် "



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ဆီမှ ခါးကိုလှမ်းတို့လိုက်ခြင်းကြောင့် လန့်သွားမိသည်။

" စိုးရယ် အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့ "

" ကိုမြတ်သူကို မျှော်နေတာလား "

" ဘာဆိုင်လို့တုန်း "

" အခုတော့ မဆိုင်သေးဘူးပေါ့ "

" အခုလည်းမဆိုင်ဘူး နောင်လည်းမဆိုင်ဘူး "

" သေချာပါ့မလားမသက်ရာဟိုကအပြောကောင်း၊ ရုပ်ချော ပြီးတော့ "

" တော်စမ်းပါစိုးရာ သူ့ကို စိတ်ကူးလို့မရပါဘူး "

" ဒါဖြင့် ဘယ်သူ့ကို စိတ်ကူးရလဲ မှန်မှန်ဖြေ "

လက်ကိုသေနတ်ဟန်လုပ်ရင်း သူမကိုခြိမ်းခြောက်ကာ စိုးမေးတော့၏။

" ဘယ်သူ့ကိုမှ စိတ်မကူးဘူးတော် "

" ဒါဆို အပျိုကြီးလုပ်မှာပေါ့ "

" အင်း "

" ဒါဆို စိုးကျေနပ်သွားပြီ . . . ဒီလိုဖြေပါ့မလားလို့ စိုးရိမ်နေတာ . . . စိုးအစ်မကိုဘယ်သူ့မှ မပေးနိုင်ဘူး "





စိုးခေါင်းကို ပွတ်သပ်ရင်းရယ်ရသေးသည်။ စိုး၏သဝန်တိုမှုသည် ချစ်စရာကောင်းနေပြန်၏။

" မင်းကသူများကို ပေးရမှာ သဝန်တိုတယ်ပေါ့ "

" ဟုတ်တယ် ပြီးတော့ စိုးအစ်မကို စိုးတစ်ယောက်ပဲ ချစ်ချင်တာ "

အပြစ်ကင်းသော ကလေးတစ်ယောက်၏ အတွေးသည် ချစ်ဖို့ကောင်းနေသည်။

အမူအယာနှင့် ပြောဟန်ဆိုဟန်လေးများကြောင့် ရင်ထဲတွင် နွေးကနဲခံစားလိုက်ရ၏။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



၉။

သကြိန်ရက်များနီးလာလေ စိုးမှာ ပိုပျော်လေ၏။

သကြိန်မတိုင်မီ အမေတို့ဆီတစ်ခေါက်လောက်တော့ သွားချင်သေးသည်။ သူမသွားမည်ဆိုပါက စိုးလည်းလိုက်မှာ သေချာသည်။ ဘာပဲပြောပြော ဒီရက်ပိုင်းမှာ အိမ်ခဏပြန်ချင်နေမိတာ အမှန်ပင်။

ပန်းပင်များကို ရေလောင်းနေရင်း ရိပ်ခနဲသတ္တာန်တစ်ခုကို တွေ့လိုက်ရသည်။

" စိုးနောင်ရေ ... ညီလေးရေ "





ခြံထောင့်ကွယ်တွင် ရပ်နေသော သူမကို မြင်ဟန်မတူပေ။ ခရီးဆောင်အိတ်များကို မြင်ရသောကြောင့် စိုးတို့၏အစ်ကို ကိုတိုးအောင်ပဲ ဖြစ်ရမည်။

ပစ္စည်းများသယ်ပေးရန် ကိုတိုးအောင်ဆီသို့လျှောက်သွားသည်။ လက်ထဲမှ အိတ်ကိုယူသောအခါ ကြောင်အမ်းအမ်းဖြင့် သူမ ကိုကြည့်သည်။

" မင်းက သက်သက်မိုးဆိုတာလား၊ မေမေတို့ပြောလို့ အိမ်မှာ သက်သက်မိုးရှိတာကိုပဲသိတာ၊ ဒါပေမယ့် ကိုအောင်က သက်သက်မိုးကို ဒီလောက်လှလိမ့်မယ်လို့ မထင်ထားမိဘူး "

မြင်မြင်ခြင်းမှာပင် စတင်ပြောလိုက်သောစကားများကြောင့် အနေခက်သွားရသည်။

" အိမ်ပေါ်မှာ မမအိတို့ရှိပါတယ် "

" ပေးပေး ကိုအောင်လည်းကူမှာပေ့ါ "

ကိုအောင်ဟု သူကိုယ်သူ ပြောဆိုသော တိုးအောင်၏ မျက်လုံးတွေကို သူမရိပ်မိသည်။

" မင်းကဆယ်တန်းဖြေထားတာဆို"

ခေါင်းညိတ်ပြလိုက်သည်။

" မေမေတို့ပြောတော့ မင်းကချက်ချက်ချာချာရှိတယ်ဆို၊ အခုတော့လည်းနှုတ်နည်းလိုက်တာ "



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လောင်းများသည် အမေးအမြန်းထူတတ်သည့် အကျင့်ရှိသည်လားမပြောတတ်ပေ။

" ဟာ ကိုကိုကြီးပြန်လာပြီဟေ့ "

စိုးတစ်ယောက် ရောက်လာမှ အကျပ်အတည်းမှ လွတ်မြောက်သွားတော့၏။ စိုးရှိနေသောကြောင့် ကိုအောင်လည်းစကားမစတော့ပေ။

***

ကိုအောင်သည် လူကြီးများကွယ်သည်နှင့် သူမနားတွင်သာ ရှိနေတတ်သည်။ ဒါတွေကို စိုးသိသည်။ ဘယ်သူနှင့်မှ သဘောမတူဘူးဆိုသော စိုးတစ်ယောက်တော့ နှုတ်ပိတ်နေသည် သူ၏အစ်ကိုကို ကြောက်၍ပဲလား ... ဒါမှမဟုတ် ... ကြိတ်ပြီးသဘောတူနေသလားမပြောတတ်ပေ။

" သက်ဆံပင်တွေ ဖါးလျားချထားတာ ကိုအောင့်အမြင်မှာ အရမ်းလှနေတာပဲ သိလား "

ညှော်ခန်းပန်းအိုးကို ပြုပြင်နေဆဲမှာပင် အနားသို့ရောက်လာသည် စိုးကတော့ တစ်ချက်မော့ကြည့်ပြီးမသိသလိုနေနေလိုက်သည်။

" ကိုအောင် ထမင်းစားရင် စားလို့ရပြီ ... မမအိကာ အပြင်သွားရင် မိုးချုပ်ရင်ချုပ်မှာ "

အဝေးသို့မသိမသာပင် နှင်ထုတ်လိုက်သည်။

" သက်နဲ့အတူစားမယ်လေ "

" ကျွန်မစိုးနဲ့မှ တူတူစားမယ် "

" ဒါဆိုလဲ အားလုံးတူတူစားကြတာပေါ့ "

" ဟုတ်တယ် မသက်ရာ စိုးလဲဆာပြီ "

အလိုက်မသိတတ်တာလား တမင်ပြောလိုက်တာလားတော့ မပြောတတ်ပေ။

" ဒါဆိုခဏလေးနေဦး ဒါလေးပြီးအောင် လက်စသတ်လိုက်ဦးမယ် "

" ကိုအောင်ပါ ဝိုင်းကူပေးမယ်လေသက် "

ပြောပြောဆိုဆိုပင် ပန်းအိုးကိုယူသလိုနှင့် သူမ၏လက်များကလေးများကိုဖမ်းကိုင်လိုက်၏။

" ဖယ်ပါ တော်ကြာ အချိန်ဖင့်နေမယ် "

" စိတ်ဆိုးသွားလား "

ကိုအောင်အမေးကို လုံးဝမဖြေဘဲ အလုပ်များကို လက်စသတ်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



" စိုးရေ ထမင်းစားခန်းသွားရအောင် "

စိုးကိုခေါ်ပြီး ထမင်းစားခန်းသို့ထွက်လာခဲ့သည်။ သူမတို့နောက်ပါးမှ ကိုအောင်ကပ်ပြီးလိုက်လာခဲ့သည်။

" စိုးကပြောတယ် မနက်ဖြန်သက်တို့ရွာကိုသွားမှာဆို ကိုအောင်ပါလိုက်ခဲ့မယ် ကိုအောင်က မေမေတို့ကို အရမ်းသတိရလို့သာပြန်လာတာ . . . ဒီမှာအလွန်ဆုံးနေလဲ နှစ်ရက်သုံးရက်ပဲ၊ အခုသက်ရှိနေတော့ ကိုအောင်ဒီမှာ နေဖြစ်ဦးမှာ "

ရွာပြန်မည်ကို ဘယ်လိုကနေ ဘယ်လိုသိသွားသည် မသိပေ။ စိုးကိုလှမ်းကြည့်လိုက်သည်။ စိုးကတော့ခပ်တည်တည်ပင် ထမင်းစားနေ၏။ စကားဝိုင်းထဲသို့စိုးဝင်မလာပေ။ သူမကမလိုက်ဖို့တားလည်း ကိုအောင်ကအတင်းလိုက်မှာပါပဲလေ . . .

ΙΙΙ

" သက်ကို အပိုတွေပြောနေတာမဟုတ်ဘူး၊ ကိုအောင်တို့ကျောင်းမှာရော . . . ဒိပြင့်နေရာတွေမှာရော မိန်းကလေးတွေအများ ကြီးကိုမြင်ဖူး ၊ တွေ့ဖူးနေတာပဲ ။ သူတို့လည်းတစ်မျိုးစီ





တော့လှနေကြ တာပဲ ၊ ယောကျာ်းတစ်ယောက် ကိုငေးကြည့်စေလောက်တဲ့အလှမျိုး တွေကိုမြင်ဘူးတယ်၊ ဒါပေမယ့်ကွယ် သက်ရဲ့လှပခြင်းကို သူတို့လိုက် မမီပါဘူး "

အရိပ်ရညောင်ကျပ်ပင်အောက်မှာ နားနေရင်းကိုအောင်ကပြောသည်။ စိုးကတော့ သူမတို့နှင့် လှမ်းလှမ်းတွင်လှဲအိပ်နေ၏။ အရင်ကဆိုရင် ဒီခရီး၊ ဒီလမ်းမျိုးမှာ စိုးတစ်ယောက်စကားတွေ သွက်ကာ ပျော်ရွှင်ခဲ့သည်။ အခုတော့ စိုး၏အမူအယာတွေသည် ငြိမ်သက်လွန်းနေ၏။

" ကိုအောင်ပြောတာကို ကြားပါတယ်နော် "

တံလျှပ်များကို ငေးမောကြည့်နေသော သူမ၏လက်တို့ကို ကိုအောင်ကဆုပ်ကိုင်ရင်းမေး၏။

" လွှတ်ပါ ကိုအောင်ရယ်၊ ဒီအတိုင်းပဲပြောပါ "

သူမတောင်းပန်လိုက်သောအခါ ကိုအောင်လွှတ်ပေးလိုက်သည်။

" ကိုအောင် သက်နားမထောင်မှာစိုးလို့ပါ၊ တကယ်တော့ကွာ ဒီလောက်စကားတွေကို ပလ္လင်ခံနေတာကိုက အကြောင်းရှိပါတယ်။ အဲဒါကို သက်ရိပ်မိသလား "

" ဘယ်သိပါ့မလဲ "

တကယ်တော့သူမသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



" သက်သိအောင်ပြောပြမယ် မိုးကောင်းကင်ကြီးကိုမော့ကြည့်လိုက်စမ်းသက် "

ကိုအောင်ကခံစားမှုအပြည့်နှင့်ပြောနေပေမယ့် သူမအကြည့်ကတခြားနေရာမှာ ... စိုးကတော့စကားများကို အာရုံစိုက်နေပုံရသည်။ ကိုအောင်နှင့်သူမပြောသောစကားများကို စိုးကြားမည်ပေါ့။

" အဲဒီမိုးကောင်းကင်ရဲ့အောက်မှာ ကိုအောင်တို့နေထိုင်ကြတယ်၊ အရင့်အရင်ဘဝများစွာကလဲ ဒီတစ်မိုးအောက်မှာပဲ သက်နဲ့ကိုအောင်တို့နေထိုင်ခဲ့ကြဖူးမှာပဲ .. ။ ဒေသတွေနေရာတွေ လှမ်းချင်လှမ်းမယ် မျက်နှာချင်းဆိုင်မိရင်လည်း ဆိုင်မိမယ်ပေါ့၊

ဒီဘဝမှာ ကိုအောင်တို့ရဲ့ဆုံဆည်းမှုကို သက်တမ်းရှည်ဖို့ သံယောဇဉ်တွေနှောင်ဖွဲ့လိုက်ရအောင် ... သက်ကိုချစ်တယ်ကွာ "

မိုးကောင်းကင်နှင့်အချစ်အဘိဓမ္မာသည် ဆိုင်သလား မဆိုင်သလားတော့မပြောတတ်ပေ။ အားမလိုအားမရဖြစ်လာပြီး သူမ့၏ပုခုံး ကို လှမ်းဖက်ကာမေးတော့၏။

" ကိုအောင် သက်ကိုချစ်တယ် "

" လွှတ်ပါကိုအောင် ဟိုမှာ စိုးကြည့်နေတယ် "

" သက် ကိုအောင်ကိုချစ်လား "

" ကျွန်မမသိဘူး "





သူမအဖြေကို ဘဝင်မကျဖြစ်သွားပုံရသည်။

စိုးကလှဲနေရာမှ ထလာသည်။

" မသက်ရေသွားကြရအောင် တော်ကြာ အပြန်မိုးချုပ်နေမယ် "

" ဟုတ်တယ်စိုးရေ သွားကြမှ မနက်စာလဲ ငတ်နေဦးမယ်"

" ကိုအောင့်ကို အဖြေပေးဖို့စဉ်းစားထားနော် "

စိုးရှေ့မှာပင် ကိုအောင်သတိပေးစကားပြောလိုက်သည်။ ကိုအောင်စကားတို့ကို သူမဘယ်လိုမှ သဘောမထားချင်ပေ။ ကွာဟနေသော အခြေအနေများကြောင့်လားဟု တွေးကြည့်သေးသည်။ အဓိကကျသော မမအိ၏မျက်နှာပေါ်လာသည်။

ဒီအကြောင်းတွေပါတော့ပါသည်။ သူမကိုယ်တိုင်ကပင် အချစ်ကို စိတ်မဝင်စားလေရော့သလားမသိပေ။

ညနေမိုးချုပ်ကာနီးမှ အိမ်ပြန်ရောက်ခဲ့သည်။ သူမတို့ထက်စောပြီးမမအိကရောက်နှင့်နေသည်။ ခရီးရောက်မဆိုက်ပင် မမအိက သူမကိုလှမ်းပြောသည်။

" မောင်မြတ်သူလေးက မင်းတို့ကို အကြာကြီးထိုင်စောင့်နေသေးတယ်၊ ဟိုမှာပိတောက်ပန်းတွေထားသွားတယ်။ မင်းတို့မလာတဲ့အဆုံးမို့ သူ့ခမျာ ပြန်သွားလေရဲ့ "

ဒီအချိန်ကြီးမှာ ပိတောက်ပန်းကို ဘယ်လိုရအောင်ရှာဟာ



www.burmeseclassic.com

www.burmeseclassic.com



သည်မသိ။ ခုရက်ပိုင်းမိုးရွာတာလဲမကြားမိလိုက် . . .။ မြို့ထဲမှာ မိုးရွာရင်ရွာမှာပေါ့လေ . . .။

" ပိတောက်တွေလှလိုက်တာ ဒီအခက်ကလေးကို သက် ပန်လိုက်။ နေနေ...ကိုအောင်ပဲပန်ပေးပါ့မယ် "

ကိုအောင်ကလက်မြန်ခြေမြန်ဖြင့် ပိတောက်ပန်းပန်ပေးလိုက် သည်။ သူမတားမြစ်နေချိန်ပင်မရလိုက်ပေ။ မမအိသာတွေ့သွားပါက မိုးမီးလောင်ပေမည်။

" မေမေ ဆင်းလာပြီ "

ကြောက်ပါသည်ဆိုမှ စိုးကလှမ်းသတိပေးလိုက်သည်။ မမအိအရိပ်ကိုမြင်သည်နှင့် လှစ်ခနဲ ကိုအောင်ထွက်သွားသည်။ ပန်းပန်ပေးခြင်း နှင့် ပက်ပင်းမတိုး၍ကံကောင်းသည်ဟုပြောရမည်။

ɪɪɪ





၁၀။

ဒီအိမ်ကို သူမစရောက်ချိန်မှ အခုအချိန်အထိ တစ်ခေါက် သာ ကိုအောင်ရောက်လာခဲ့သည်။ ကိုအောင်က အဘိုးအဘွားများ၏ အသည်းစွဲ။ ပြီးတော့ အဘိုးအဘွားများကိုသာ ပိုချစ်ပြီးရန်ကုန်မှာသာ ပျော်သူဖြစ်၏။ အချိန်တန်၍ကိုအောင်ပြန်လျှင် သူ့အလိုလိုအဆုံး သတ်သွားလိမ့်မည်ဟု စိတ်ထဲမှာထင်ထားခဲ့သည်။

မနက်ဖြန်ဆိုလျှင် သင်္ကြန်အကြိုနေ့ရောက်တော့မည်။ ခြံထဲ တွင်ရှိသော ပိတောက်တို့ကတော့ မိုးကိုမျှော်နေဆဲပင် ရှိနေသေး သည်။ သင်္ကြန်ကို ဒီမှာပဲကျမည်ဆိုသောအခါ ကိုအောင့်ကို အားလုံးက အံ့သြကုန်ကြသည်။ ကိုအောင်၏ဆက်ဆံပုံများကြောင့် မမအိအကြည့်များကိုသူမကြောက်ကြောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



" မသက်ရေ . . . မနက်ဖြန်သကြီန်အကြိုနော် "

" မင်းရေဆော့ချင်နေပြီလား "

" အင်းပေါ့ မသက်ရ "

မှန်တင်ခုံရှေ့တွင် ခေါင်းဖီးသင်နေရင်းစိုးနှင့် စကားပြောနေဖြစ်ကြသည်။

ကျနေသည့် အနောက်ဖက်ကောင်းကင်၌မင်းမူကောင်းနေဆဲပင်။ ဧပြီလ၏အပူသည် လူကိုနေမရလောက်အောင် ဆွေ့ဆွေ့ခုန်နေ၏။

" ဟာ ကိုကိုကြီးပါလား "

စိုးပြောလိုက်သောကြောင့် သူမရင်တုန်သွားသည်။ အိမ်မှာအိမ်သားများအားလုံးအစုံရှိနေကြသည်။ အခန်းတွင်းကို အတင့်ရဲစွာဝင်လာသော ကိုအောင်လုပ်ရပ်ကြောင့် ရင်မောရသည်။

" ကိုအောင် အပြင်ပြန်ထွက်ပါ။ မမအိ မြင်သွားလို့တစ်မျိုးထင်နေပါဦးမယ် ကိုအောင်ရယ် "

" မေမေရော ဖေဖေပါ· သူတို့အခန်းထဲမှာ အိပ်နေကြပါတယ်သက်၊ ကိုအောင်အပေါ်ထပ်တက်ကြည့်ပြီးမှ... သက်တို့အခန်းထဲဝင်လာတာပါ "

ပြောပြောဆိုဆို ကုတင်စောင်းတင်ထိုင်ချလိုက်၏။

" ကိုအောင်စကားပြောချင်ရင် အပြင်မှာပြောလေ "





" ရပါတယ်သက်ရာ . . . ဒီလောက်ကြီးစိုး ရိမ်စရာမလိုပါဘူး "

" ကဲ ဒါဆိုကိုအောင်ဘာပြောချင်လဲ..ပြောပြီးရင်အပြင်ပြန်ထွက်နော် "

" စိုးရေ ညီမလေးကမုန့်သွားစားဖို့...မင်းကိုအပြင်မှာစောင့်နေတယ်၊ ရော့..မုန့်ဖိုး "

စိုးကသူ့အစ်ကိုလှမ်းပေးသော ပိုက်ဆံကိုယူပြီး၊အပြင်ထွက်ရန်ခြေလှမ်းပြင်လိုက်သည်။ တံခါးဝနားရောက်ခါနီးမှာ ခြေလှမ်းရပ်ပြီး သူမကိုမေးသည်။

" မသက်အံတွက်ရော ဘာဝယ်ခဲ့ရဦးမလဲ "

" နေပါစေကွယ် စိုးဖာသာ စိုးစားပါ "

သူမကိုလှစ်ခနဲ ပြုံးပြပြီးစိုးထွက်သွား၏။

" ကျွန်မတို့အပြင်ထွက်ရအောင် "

" နေပါလား သက်ရာ . . . ဒီနေရာက ပိုတောင်မှစိတ်ချရသေးတယ်၊ အပြင်မှာဆိုမေမေမြင်ဖို့ အခွင့်အရေးပိုများမှာပေါ့·သက်အခန်းထဲ ကိုအောင်ရှိတယ်လို့ ဘယ်ထင်ပါ့မလဲ "

ကျိုးကြောင်းပြပြီးသူမကို ဖျောင်းဖျသည်။ သူမကတော့သက်ပြင်းတွေ ချနေမိသည်။

" သက်ပြင်းတွေချလှချည်လား သက်ရာ "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မနေရာက ဝင်ပြီးစဉ်းစားကြည့်ပါဦး မမအိသာ မြင်သွားရင် မိုးမီးလောင်မှာ "

" ဒါတွေခဏမေ့ထားစမ်းပါ၊ ကိုအောင်တောင်ရန်ကုန် မပြန်နိုင်ဘဲ၊ ဒီမှာပေကပ်နေတာ..ဘယ်သူ့ကြောင့်လို့ထင်လဲ "

ကိုအောင့်အမေးကို မဖြေဘဲ ခေါင်းငုံ့နေမိသည်။ သူမရင်ကို ထိနိုက်နိုင်စွမ်းမရှိပေ။ မမအိတွေ့သွားမည်ကိုသာ စိုးရိမ်နေရသည်။

" ကျေးဇူးပြုပြီးခေါင်းလေးမော့စမ်းပါသက်ရာ ... သက်မျက်နှာကိုမြင်ချင်ကြည့်ချင်လို့ပါ "

ပြောပြောဆိုဆိုပင်. သူမမေးဖျားဆီသို့ကိုအောင့်လက်ရောက် လာသည်။ တုန့်ပြန်ခြင်းမရှိသောကြောင့် ကိုအောင်တစ်ဆင့် တက်လာပြီး ပိုမိုနီးကပ်စွာထိုင်လိုက်၏။

" ကိုအောင်ရယ်...ကျွန်မတို့...အပြင်ထွက်ရအောင် "

ပြောစရာစကားမရှိသလောက်ဖြစ်နေသော..သူမအဖို့အပြင် ထွက်ဖို့သာ ထပ်တလဲလဲပြောနေမိသည်။

" ကိုအောင် သက်ကို တကယ်ချစ်တယ်ဆိုတာယုံပါကွာ "

ကိုအောင်လက်များသည် သူ့ပုခုံးစွန်းပေါ်သို့ကျရောက်လာ ပြန်သည်။

" အဲဒါတွေကို ကျွန်မမသိဘူး၊ ကျွန်မတို့အပြင်သွားရ အောင် "





သူမရင်တွေတုန်နေတာတော့ အမှန်ပင် ... ကြောက်လည်း ကြောက်နေမိသည်။

" ကိုအောင့်ရင်ကို သက်ကအလွှမ်းမိုးဆုံးပဲ၊ အဲဒါကိုရော သက်သိရဲ့လား ... ကိုယ်လေသက်ကိုအရမ်းမြတ်နိုးတာပဲ "

" အို "

ပြောပြောဆိုဆိုပင် ရင်ခွင်ထဲသို့သူမကိုဆွဲသွင်းပြီးဖက်နှောင် ထားလိုက်သည်။

" လွှတ်ပါကိုအောင်ရယ်။ တခြားလူမြင်လို့လည်း မသင့် တော်ဘူး။ ကျွန်မကိုလည်းအဲဒီလို..လုပ်တာမကြိုက်ဘူး "

" ဟာ မေမေ "

ကိုအောင်၏စကားသံကြောင့်ပင် နေရာမှချက်ချင်းအသက် ပျောက်သွားချင်မိသည်။ တစ်အိမ်လုံးဆူညံသွားအောင် မမအိ ဒေါသူပုန်ထတော့၏။ ကိုအောင်ကသူမကိုလွှတ်ပေးလိုက်ပေမယ့် မမအိအားမျက်နှာချင်းမဆိုင်ဝံ့ပေ ...။

" သားကြီး ခုချက်ချင်းအပြင်ကွက်စမ်း "

" နေပါဦးမေမေ ကျွန်တော်တို့ ... "

" မင်းဘာမှ ပြောစရာမလိုဘူး ဒီကောင်မကို အရိပ်အကဲ ကြည့်နေတာကြာပြီ၊ သူ့မို့လို့ဒီလိုစိတ်မျိုးကူးဝံ့တယ် "

" မဟုတ်ပါဘူးမေမေ၊ သက်သက်မိုးမှာ...ဘာမှအပြစ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး … ကျွန်တော့်အပြစ်ပါ သူ့ဆီက အဖြေရချင်အောနဲ့ အခုလို”

“ ငါ့မျက်မြင်ကို မင်းဘာမှ ထပ်အထွန့်တက်မနေနဲ့ ။ ဟော့ဒီမှာမိသက်… ငါ့မျက်နှာကိုသေသေချာချာကြည့်စမ်း ”

မမအိစကားများကမျက်ရည်များကိုရွှေချနေသလားမသိ။ ရှက်ကြောက်ခြင်းဝမ်းနည်းခြင်းတို့ကြောင့်ပင် အသားတို့တဆတ်ဆတ် တုန်ယင်နေပြီ။

“ ငါပြောနေတာမကြားဘူးလား၊ ငါ့ဘက်လှည့်စမ်း ”

မျက်ရည်များဖြင့် မျက်နှာချင်းဆိုင်လိုက်သည်။ မမအိမျက်နှာကို မော်မကြည့်ဝံ့ပေ။

“ ငါ့မျက်နှာကို သေချာကြည့်စမ်း၊ ညည်းမျက်ရည်ခံထိုးပြလို့ ငါသနားမယ်ထင်လား …။ နင့်လိုကျေးဇူးမသိ၊ ထမင်းကျွေး ကျောင်းထားပေးတဲ့ စေတနာကိုမှမထောက်၊ နင်လိုအိမ်စေသာသာရှိတဲ့ မိန်းမမျိုးနဲ့ငါ့သားဟာ -- တူသလား…တန်သလား မိသက်”

“ ကျွန်မပြောပါရစေဦး မမအိ … ကျွန်မ … ကိုအောင်ကို ချစ်ပါကြိုက်ပါလို့ မပြောမိပါဘူး ပြီးတော့ … စိတ်တောင်မကူးမိပါဘူး”

“ နင်သရုပ်ဆောင်ကောင်းပြမနေနဲ့ ။ နင်အတတ်ပညာဒါအကုန်ပဲလား၊ လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့မြည်တာ





မဟုတ်ဘူး။မြတ်သူဆိုတဲ့ကောင်လေးကိုလည်း ဘာလိုလို ညာလိုလိုလုပ်ထား၊ငါ့သားလည်းရောက်လာရော ငါ့သားကျလောက်အောင်များယောင်း …။ ဒါတွေအားလုံးနင်မလုပ်လို့…ဘယ်သူလုပ်လဲ။ အခုလဲ အခန်းထဲမရောက်ရောက်အောင် နင်မခေါ်လို့ ဘယ်သူခေါ်မလဲ ”

“ မဟုတ်ဘူး မမအိစွပ်စွဲတာတွေ တစ်ခုမှ မဟုတ်ဘူး”

အော်ဟစ်ပြောဆိုသံများကြောင့် ဦးစိုးဟန်နှင့် စိုးတို့မောင်နှမရောက်လာသည်။ စိုးက သူမနားတိုးကပ်လာသည်။

“ သားကြီး ပညာတွေတတ်ယားတာ အလကားပဲ ဒီကလေးမကလဲ တယ်မိုက်တွင်းနက်တာပဲ ”

“ သူကမိုက်တာမဟုတ်ဘူး။တော်သူမက လူလည်ကျတာကိုစိုးဟန်၊ သူ့မျက်နှာကို ကျွန်မမကြည့်ချင်တော့ဘူး ”

ကံကြမ္မာသည် ဤမျှလောက်ကြီးကျယ်ခမ်းနားစွာဖြင့် ဒုက္ခပေးလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ထားခဲ့ပေ။ အခုတော့ အရှက်ကွဲ သိက္ခာကျသည့်အပြင် အားလုံးအမြင်မှာ ပြဿနာစတင်သူဟုထင်မြင်ကြတော့မည်။

“ ပြောနေကြာပါတယ်အေ … နင်ငါ့အိမ်ပေါ်ကခုချက်ချင်းဆင်းတော့ … နင့်ကိုငါခေါ်လာတုန်းကလိုပဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲဆင်း … ပစ္စည်းတွေယူသွားရင်



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး ”

“ မေမေရယ် ဒီလောက်ထိတော့ . . . ”

“ တော် သားကြီး . . . မင်းခုကိစ္စမှာ ဘာမှဝင်ပါစရာမလိုဘူး ”

ကိုအောင်ကမျက်စိမျက်နှာပျက်ဖြစ်နေသည်။

“ နင့်ကိုငါ အချိန်ဆယ်မိနစ်ပေးမယ် . . . ငါပြန်လာကြည့်လို့နင်ရှိနေတုန်းပဲဆိုရင်တော့ ငါနဲ့အတွေ့ပဲ ”

မျိုးမျိုးဟန်လေးက ကိုအောင့်လက်ကိုဆွဲကာ ရှေ့ဆုံးမှထွက်သွား၏။ စိုးတစ်ယောက်သာအနားမှာကျန်နေရစ်ခဲ့သည်။ အခန်းတွင်းမှသူတို့အားလုံးထွက်သွားသောအခါ စိုးပါရောပြီးငိုတော့၏။

“ မသက်ရွာပြန်မှာပေါ့နော် ”

“ ဒီအခြေအနေ၊ ဒီလိုဖြစ်ရပ်မျိုးနဲ့တော့ မသက်ရွာမပြန်ချင်ဘူးစိုးရယ်။ မသက်အရမ်းရှက်တာပဲ . . . မေမေတို့သိရင်မသက်ကိုပဲအပြစ်တင်ကြမှာ . . .၊ ပြီးတော့ဒီကိစ္စနဲ့ပတ်သက်ပြီးလူတွေကို မသက်ကြောက်သွားပြီ ”

“ ဒါဖြင့် မသက်ဘယ်သွားမလဲ ”

“ တစ်နေရာရာကိုပေါ့ကွယ် ... ဒီမြို့မှာလည်းမနေချင်ဘူး။ ရွာလဲမပြန်ချင်ဘူး ”





“ ဒါဖြင့်မသက်မြင်းလှည်းငှားပြီး ဘုရားကြီးကစောင့်နေ စိုး ကိုကိုကြီးကိုလစ်တာနဲ့အကျိုးအကြောင်းပြောပြီး မသက်ဆီလာခဲ့မယ်။ကိုမြတ်သူပါခေါ်လာခဲ့မယ်။ အကြံဉာဏ်တစ်ခုရလို ရငြားပေါ့၊ စိုးလာမှ မသက်သွားချင်တဲ့နေရာ ထွက်သွားပါမသက်ရာ . . . နော်မသက် ”

“ အေးပါ စိုးရယ် ”

ပြောသာပြောရသည်။ ဘယ်သွားလို့ဘယ်လာရမည်မသိ။ အခုလောလောဆယ်တော့ စိုးစီစဉ်သည့်အတိုင်း ဘုရားကြီးဆီသို့သွားနေတာပဲ ကောင်းမည်လေ။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



၁၁။

အလင်းရောင်မပျောက်ခင်မှာပင် ဘုရားကြီးဆီသို့ စိုးနှင့် မြတ်သူတို့ရောက်လာကြသည်။ ငှက်တို့သည်ပင် အိပ်တန်းဝင်ဖို့ ပြင်ဆင်နေကြပြီ။ သူမအတွက်တော့ နားခိုစရာသည် မရေရာ မသေချာ လှသေးပေ။

စိုးကတော့ သူမကိုတွေ့တွေ့ခြင်းမှာပင် အမောတကောနှင့် အစီအစဉ်များကို ပြောပြတော့၏။

" ကိုကိုကြီးကပြောတယ်မသက်၊ မသက်ကို မရရအောင် သူလက်ထပ်မယ်တဲ့ . . . မနက်ဖြန်မှာသူနဲ့အတူ ရန်ကုန်ကို





သွားမယ်၊ ဒီတစ်ည မသက်နေဖို့ စိုးကိုပဲစီစဉ်ခိုင်းတယ်၊ မနက်ရထား စီးဖို့ ဘူတာရုံမှာသာ...မသက်အဆင်သင့် စောင့်နေဖို့မှာလိုက်တယ်။ သူမရရအောင်ထွက်လာခဲ့မှာတဲ့ "

" ဖြစ်မယ်မထင်ဘူး ကျွန်မ မမအိကိုကြောက်တယ် ပြီးတော့ ကိုအောင့်ကို လက်ထပ်ဖို့ဆိုတာက . . . "

" ဟာ . . . မသက်ကလည်း ကိုကိုကြီးကဒီလောက်မြစ် နေထာကို ၊ မသက်ကို ကိုကိုကြီးကအရမ်းချစ်တာ၊တော်ရုံသတ္တိမျိုး နဲ့ဒီလိုစိတ်ကူးရဲမှာ မဟုတ်ဘူး၊ ကိုကိုကြီးနဲ့အတူတူနေရမှာပဲ၊မေမေ နဲ့နေရမှာမှမဟုတ်တာ "

" ဟုတ်တယ်လေ သက်သက်မှီး ဟိုတစ်ယောက်က အခက်အခဲတွေကြားထဲက အားလုံးစီစဉ်ထားတဲ့ကိစ္စပဲ၊ သက်သက်မှီး လိုက်သာသွားပါ "

စိုးရောမြတ်သူကပါ တိုက်တွန်းနေကြသည်။ အခုကိစ္စ၊ အခုဖြစ်ရပ်ကို သူမရှင်းပြနေရင်လည်း လေကုန်ရုံသာရှိမည်။သူမနှင့် ကိုအောင်တို့ဘာမှမဖြစ်ကြသေးတာကို ဘယ်သူမှယုံကြမည်မထင်။

" ဘာပဲပြောပြော မသက်နဲ့စိုးတော့ ဝေးရဦးမှာပဲ စိုးတော့ သက်နဲ့မြန်မြန်ပြန်ဆုံဖို့ ဘုရားကြီးမှာဆုတောင်းရမယ်။မသက် လည်းဆုတောင်းရမယ်နော် "

" မသက်လည်းဆုတောင်းမယ်စိုး ၊ဆုတောင်းခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သံသရာပိုရှည်တတ်တယ်လို့ကြားဖူးတယ်စိုး၊ အရာခပ်သိမ်းအတွက် သာ ဆုတွေတောင်းနေရင်သဘ်ာဝမကျတဲ့ စိတ်ထင်ယောင်ထင်များ ပြုမူတွေသာဖြစ်မှာပေါ့၊ ဘဝမှာ ဆုတောင်းခြင်းကို တစ်ကြိမ်တစ်ခါ သာ ပြုရမယ်ဆိုရင် အဲဒီဆုတောင်းခြင်းဟာ သံယောဇဉ်အတွက်ပဲ ဖြစ်ရမယ်၊ ဒါကလည်း စိုးနဲ့ပြန်တွေ့ကြဖို့ဖြစ်ကောင်းဖြစ်လိမ့်မယ်"

သူမတို့ဘုရားကြီးရှေ့မှာ လမ်းခွဲကြတော့ နေရောင်အတော့ ဖျော့နေပြီ။ မကြာခင်မှာ အမှောင်ရောက်တော့မည်။ စိုးကတော့ စက်ဘီးကို အားသွန်နှင်းပြီးထွက်သွား၏။ သူမကတော့ မြတ်သူခေါ်ရာ နောက်သို့လိုက်ခဲ့ရ၏။

တစ်ညလုံးအိပ်မရခြင်းကြောင့် မြတ်သူ ဘူတာဆင်းရန်လာ နိုးသောအခါ အဆင်သင့်ဖြစ်နေလေပြီ။

" သက်သက်မိုး လဲဖို့အဝတ်အစား၊ ပြီးရင် ဒီဂျာကင်ကို ဝတ်လာခဲ့၊ လမ်းမှာအေးတယ် "

ပထမတော့ အားနာပြီးအဝတ်အစားများကို ပြန်ပေးမည် လုပ်သေးသည်။ ကိုယ့်ကိုယ်ကို သေချာကြည့်တော့မှ အိမ်နေရင်း ဝတ်ထားသော အဝတ်များဖြစ်နေ၍ ပြန်ပေးမနေတော့ပဲ ကောက်လဲ လိုက်သည်။ မြတ်သူ၏ဂျာကင်ကို ထပ်ဝတ်ရင်း ဘူတာသို့ထွက်လာ ကြသည်။

" လက်မှတ်နှစ်စောင်စလုံး သက်သက်မိုးသိမ်းထား "





မြတ်သူ၏စကားသံတို့တုန်ယင်နေ၏။ မြတ်သူလည်းဝမ်း နည်းမည်ပေါ့၊ အခြားတစ်ယောက်နဲ့ပေါင်းဖက်ဖို့ကူညီပေးနေရသည့် ကိစ္စပဲလေ။

ဘူတာရုံသို့ရောက်သောအခါ ခရီးသွားမည့်သူများ ရထား အလာကို ကြိုစောင့်နေကြသည်။

ဘူတာရုံထဲတွင် ကိုအောင့်ကိုရှာကြသည်။ ကိုအောင်နောက် ကျနေပြီလားမပြောတတ်ပေ။ အိမ်မှအထွက် မမအိနှင့်ပက်ပင်းတိုး နေသည်လားမသိပေ၊ မျှော်နေဆဲမှာပင် ကားတစ်စီး ဘူတာဆင်ဝင် အောက်သို့မောင်းဝင်လာ၏။ အာဇဒါဂျစ်ကားကိုလှမ်းမြင်သော အခါသူမယိုဟ်ပေနဲ့သွားရပြန်သည်။

ကားဒရိုင်ဘာဦးလေးကြီးသာ ဘူတာအတွင်းသို့ အမြန် ဝင်လာ၏။

" ဦးလေး "

" ဟာ အတော်ပဲ ဦးလေးကနောက်ကျနေပြီထင်နေတာ၊ ဒီမှာ မောင်တိုးအောင်ရဲ့စာ၊ သူဘယ်လိုမှထွက်မရဘူးဖြစ်နေတယ်၊ ဦးလေးလဲအမြန်ပြန်လိုက်ဦးမယ် "

အမှောင်ထုကြားမှာပင် ကားကပြန်ထွက်သွား၏။ ခရီးသည် များက သူမတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြ၏။

" မြန်မြန်ဖတ်လေ၊ ရထားချိန်နီးနေပြီ "



www.burmeseclassic.com

www.burmeseclassic.com



စာကို အလျင်အမြန်ပင်ဖောက်ဖတ်လိုက်သည်။

သက် ....
ဒီနေ့ဘယ်လိုမှထွက်မရဘူး
မနက်ဖြန်မှ ထွက်လို့ရမယ်။ သက်ဒီနေ့ မြို့က
ရအောင်ထွက်သွားပါ။
ကိုအောင်လိပ်စာတစ်ခုပေးလိုက်မယ်
အဲဒီကိုသွားပါ၊ ကိုအောင်နောက်ကလိုက်ခဲ့မယ်။

ချစ်တဲ့
ကိုအောင်

အောက်တွင်ဆက်ရေးထားသောလိပ်စာကိုတော့ ဆက်ဖတ်ချင်စိတ်မရှိတော့ပေ။

သူမပုံစံကိုကြည့်ပြီး မြတ်သူကစာကို အမြန်ဖတ်သည်။ ထိုအချိန်မှာပင် ဘူတာရုံသို့ရထားဆိုက်တော့မည့် အချက်ပေးသံချောင်းသံထွက်လာ၏။

" ဒါဆို သက်သက်မိုးတစ်ယောက်ထဲ ရန်ကုန်ကို သွားရမှာပေါ့ ။ ရထားလည်းလာနေပြီ။ ကျွန်တော်လိုက်ခဲ့ရမလား "





" နေပါစေ..ကိုမြတ်သူရယ်၊ ကျွန်မတစ်ယောက်တည်းပဲ သွားပါ့မယ်၊ ကိုမြတ်သူကို ဒီလောက်ဒုက္ခပေးရတာ တော်လောက်ပါပြီ "

" ဒါဆိုလည်း ဒီငွေတွေယူသွား "

ငွေစက္ကူများကို ဂျာကင်အိပ်ထဲသို့ထိုးထည့်ပေးသည်။ ရထားကဘူတာဝင်လာပြီ။ ရထားပေါ်သို့အင်အားချိနဲ့စွာဖြင့်တက်ရသည်။ သူမအားကထိုင်ခုံကတော့ လွတ်နေပေမည်။ ရထားထွက်ရန်အချက်ပေးဥသြဆွဲသည်။ ရထားဘီးစလိမ့်သည်နှင့် မြတ်သူကိုနှုတ်ဆက်လိုက်သည်။ စာတစ်စောင်ကို ကိုင်ပြီး ရန်ကုန်မြို့သို့သွားမည့် ခရီးသည့်သူမဘဝ၏ တစ်ဆစ်ချိုးအပြောင်းအလဲများ ဖြစ်လာနိုင်သည်လား ။

rrr



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်
အောက်တိုဘာလ
တစ်ရက်
ဗုဒ္ဓဟူးနေ့

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလတစ်ရက်နေ့သို့ ရောက်သောအခါ အားလုံး၏ မျက်နှာအကြည့်များကို သူကောင်းစွာ သဘောပေါက်လာသည်။ မသက်နှင့် ပတ်သက်ပြီး သူ့ကို သူရူးတစ်ယောက်ဟု အားလုံးက သတ်မှတ်ချင်နေကြမည်။

ကိုယ်တိုင်ကတော့ သူတို့၏ ထင်မြင်ချက်ကို ပြတ်ပြတ်သားသား ငြင်းဆန်ဖို့အသင့်ဖြစ်နေ၏။

“မင်းကိစ္စက သေချာပါ့မလားစိုး”

“သက်သက်မိုး ဆိုတာသိပ်ယုံကြည်ရတဲ့ မိန်းကလေးမှတ်တာ”



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် မသက်ကစိုးကို မညာဘူး၊ ဒါကိုတော့ စိုးယုံတယ်"

မသက်နှင့် ပတ်သက်ပြီး သူစိတ်ရှည်တတ်တာ အကျင့်တစ်ခုလို ဖြစ်နေကြောင်းကို သူတို့ကိုရှင်းပြလည်း နားလည်မည် မထင်ပေ။

မသက်သည် သူ၏ပျော်ရွှင်ခြင်း၊ သူ၏မင်္ဂလာတစ်ပါး. . မသက်ပြောကြားခဲ့သောစကားတွေကို နားနှင့် ဆက်ဆက်နားထောင်ခဲ့ဘူးသောကြောင့်ပင်။

"ကိုယ် မင်းကို မညာဘူးစိုး။ လောကမှာ စိတ်အချရဆုံးနဲ့ အယုံကြည်ရဆုံးယောကျ်ား၊ ပြီးတော့ကိုယ့်ရဲ့အမြတ်နိုးဆုံးသော သံယောဇဉ်ဟာ မင်းဖြစ်နေလို့ပဲ စိုး"

ချိန်းထားရက်လွန်သောအခါ သူနည်းနည်းတော့ စိတ်လှုပ်ရှားရသည်။ သူ၏ကြောင့်ကျမှုတွေကို မရိပ်စားမိစေရန် ခပ်ထွေထွေလေးဖြစ်အောင် ထန်းရည်ဖိ သောက်သည်။

မသက်၏မောင်အငယ်ဆုံး ကိုမော်ကတော့ သူ့အတွက် အဖော်ရသည်။

စိတ်ရှည်စွာပင် သူ့အနားမှာ ထိုင်ပြီးသူပြောသမျှကို နားထောင်ရှာသည်။

ဘယ်သူတွေဘာပဲပြောပြော။ ယုံကြည်ခြင်းတွေ ဘဝမှာ





ရှိနေသရွေ့ သူ့အနားတွင်မသက်ရှိနေသည်။

၄၄၄

စိမ်းလန်းသော အနုလိုရာသီမှာ လယ်ကွင်းပြင်တစ်ဆုံး မသက်နှင့်သာ လျှောက်သွားရပါက ပိုပြီးပျော်စရာကောင်းမှာ သေချာသည်။

မိုးကောင်းကင်အောက်မှာ သူရှိနေသလို မသက်ရှိနေသည်။

မသက်၏အချစ်တွေ . . မသက်၏အငွေ့သင်္ဂျာန်တို့သည် သူစိတ်ထဲမှာ၊ သူနံဘေးမှာ လိုတရသလို အမြဲရှိနေ၏။

မသက်ကအိပ်မက်နှင့် ပတ်သက်ပြီး သူ့ကိုပြောဖူးတာရှိသည်။ ဒါကိုသူဘယ်တော့မှ မမေ့ပေ။ မေ့ထားအပ်သော စကားတို့လည်း မဟုတ်ပေ။

"အိပ်မက်ဆိုတာ စွဲလန်းလို့ ဖြစ်တည်လာရတာ။ မင်းစိတ်နဲ့ ကိုယ်စိတ်ဟာ တစ်ခုသော စွဲလန်းခြင်းကြောင့် မိုးကောင်းကင်ထဲမှာဆုံဖြစ်တာ။ မင်းကပဲ ဖြစ်ဖြစ်၊ ကိုယ်ကပဲဖြစ်ဖြစ် အရမ်းသတိတရဖြစ်ပြီး အိပ်ပျော်သွားတဲ့ အချိန်မျိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မသက်သာ မျက်နှာချင်းဆိုင်တွေ့ခွင့်ရပါက အိပ်မက်တို့သည် လျော့ပါးသွားနိုင်သည်။

"မျက်နှာပူပူနဲ့ပဲ မေးရဦးမယ်စိုး"

"မေးပါ ကိုမော်"

"သက်သက်မိုးဆိုတာ ကျွန်တော်အစ်မအရင်းပါပဲ။ ဒါပေမယ့်ဗျာ…ခင်ဗျားမျှော်လင့်မှုက လူပျိုတစ်ယောက်အတွက် သိပ်သဘာဝမကျဘူးလို့ ထင်တယ်"

သူရယ်သည်ကို ကြည့်ပြီး ကိုမော်မျက်နှာပျက်သွားသည်။

"ဒီမှာ ကိုမော် . . စိုးမေးမဲ့စကားကို သေသေချာချာ စဉ်းစားပြီးမှ ဖြေပါ။ ပြီးစလွယ်တော့ဖြေဖို့ မကြိုးစားပါနဲ့နော်"

"မေးပါ"

"စိုးမေးမဲ့ မေးခွန်းက အရမ်းအရေးကြီးတာနော်"

ကိုမော်ခေါင်းငြိမ့်ပြသည်။

မေးခွန်းကို ချက်ခြင်းဆိုသလို မေးလိုက်လို့ရသည်။ အချိန်ဆွဲသော သဘောမျိုးဖြင့် မြူအိုးထဲသို့ ရွက်နှစ်လိုက်သည်။ ဒီထန်းရည် တစ်ချိုက်ကတော့ အတော်လေးကို အရသာရှိလှသည်။

"လောကကြီးမှာ အရေးကြီးဆုံးအရာဟာ ဘာဖြစ်နိုင်မလဲ။ ကိုမော်ဦးနှောက်နဲ့ပဲ ဖြေကြည့်စမ်းပါ"

ကိုမော်ကသူ့ကိုမကြည့်ပဲ ခပ်ဝေးဝေးသို့ ငေးရင်းက စဉ်းစား





နေသည်။

အဖြေကိုကျေနပ်လောက်ပြီဟု ယူဆပြီးသည်နှင့် သူနှင့်မျက်နှာချင်းဆိုင်သည်။

"စိတ်ချမ်းသာမှု"

"ဟုတ်ပြီ၊ ကိုမော်စကားနဲ့ပဲ ပြောရအောင်၊ လောကကြီးမှာ စိတ်ချမ်းသာမှုဟာ အရေးကြီးဆုံးပဲလို့ ကိုမော်ကဖြေတယ်။ အဲဒီ စိတ်ချမ်းသာမှုအတွက်ပဲ စိုး မသက်ကို စောင့်နေတာ"

သူ့စကားအတွက် ကိုမော်ခေါင်းယမ်းလိုက်ပုံမှာ အသက်မပါဟု သူထင်သည်။

"စိုး လူ့ဘဝဆိုတာ တစ်ရက်ထဲနဲ့ မပြီးဘူး။ ပြီးတော့ တစ်နှစ်ထဲနဲ့လဲ အဆုံးမသတ်ဘူး"

"စိုး ဒီလောက်မအ ပါဘူးဗျာ။ စိုးကဂီတအိုင်ကျောင်းဆင်းတစ်ယောက်ပါ"

"ဒါကြောင့်ပြောတာပေါ့။ မသက်က အပျိုမဟုတ်ဘူး။ ပြီးတော့ ယောကျ်ားတစ်ယောက်မက"

"တော် . . ကိုမော် . . အချစ်ဆိုတာကိုပဲ ပြောဗျာ။ လူမှုဝန်းကျင်ရဲ့ အတွဲဆန်တဲ့ ပေါင်းသင်းဆက်ဆံမှုကို ထည့်မပြောနဲ့"

သူ ဒေါသထွက်သွားမိသည်။ ဒါကို ဂရုမထားဘဲ ကိုမော်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

"အိမ်ထောင်မှု ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးစိုး။ ဆေးမင်ကြောင်ထိုး၊ အိမ်ထောင်မှု ဘုရားတည်တဲ့။ အလွယ်တကူ လုပ်လို့ရတဲ့ အရာမဟုတ်ဘူး။ တစ်ဘဝလုံးအတွက်ပါ စိုးရယ်"

"စိုးပြောပြီးပါရော။ အတ္တဆန်တဲ့ လူမှုဝန်းကျင်ရဲ့ ပေါင်းသင်းဆက်ဆံမှုတွေနဲ့ အချစ်ကို မရောထွေးပါနဲ့ ကိုမော်"

"ခက်ပြီ . . စိုးဦးနှောက်တွေ ဘာဖြစ်နေလဲ။ စိုးသင်ကြားတတ်မြောက်ထားတဲ့ အတန်းပညာတွေကို နှမြောဖို့ ကောင်းနေပြီ"

ကိုမော်ကသူ့ကို စာနာစွာဖြင့် ပြောနေမှန်းသူသိသည်။

"ဒီမှာကိုမော် ပျက်စီးနေတဲ့ လူမှုဝန်းကျင်ရဲ့ ပေါင်းသင်းဆက်ဆံမှုကြားမှာ အချစ်ကို ပိတ်လှောင်လို့ မရဘူး။ အလွန်တရာကြီးမားတဲ့ သံယောဇဉ်မှာ ဘာမှ မလိမ်းကျံဘူး။ ငွေမလိုဘူး။ တပ်မက်မှုတွေမပါဘူး။ အချစ်အတွက်တကယ်အလိုအပ်ဆုံးက ရင်ချင်းနားလည်ဖို့ပဲ။ အချစ်ကို ဖန်းပြပြီး၊ လူမှုဆက်ဆံရေးအသွင်ဆောင်တဲ့ သတ္တဗေဒ တရားကို စိုးတို့နှစ်ယောက်စလုံး အယုံအကြည် မရှိဘူး ကိုမော်"

ရီဝေမှုသည် တစ်စစပြေလျော့လာသည်။

သူတို့စကားဝိုင်းကို အဆုံးသတ်စေရန် ကျနေက အလိုလို တားမြစ်လိုက်၏။





"ဒီနေ့တော့ မသက်ရောက်တန်ကောင်းပါရဲ့"

သူပြောလိုက်သောစကားကြောင့် ကိုမော် မဲ့ပြုံးပြုံးသည်။

ညနေ၏ နေဝင်ခြင်းသည် သူ့ရင်ကို တစ်စစစိုးထိတ်စေသည်။

ဒီနေ့မသက်မရောက်ရင်တော့ . .

မနက်ဖြန် . . ဟုတ်သည်။

မနက်ဖြန်ဆိုတာ မျှော်လင့်မှုတစ်ခုပဲလေ . .

အောက်တိုဘာ နှစ်ရက်နေ့ နံနက်ခင်းကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုရုံသာရှိတော့သည်။

။။။



www.burmeseclassic.com

www.burmeseclassic.com



ထွက်သက် ဝင်သက်တို့ ချုပ်ငြိမ်းသည်အထိ ရင်ထဲမှာ
အမှတ်တရဖြစ်စေဖို့ စကားကာစ်ခွန်းပြောရမှာလား ... ။
စိုးရင်ရဲ့ လမင်း .....
စိုးရင်ရဲ့ ပျော်မွေ့ရာ .....
စိုး ရင်ရဲ့တမ်းမက်ရာတွေနဲ့ ဒီစကားကို စီရင်ပြုလိုက်မယ်
သံယောဇဉ်နဲ့ ပတ်သက်ရာမှန်သမျှကိုလဲ ဒီစကားရဲ့

အနက်တွေအဖြစ် ဖြည့်စွက်ချင်ရဲ့
အဲဒီစကားကို စိုးရင်နဲ့ပဲ ပြောပြမယ်သိလား
တကယ်တော့ . .
အချစ်ဆိုတာ ရင်ချင်းဆက်သွယ်ရာ**မြစ်တဲ့** မိတ်ပုံပါပဲ။

စိုး

www.burmeseclassic.com

www.burmeseclassic.com



၁။

အကယ်၍သာ ကျောင်းအပြင်ဘက် လှောက်ရည်ဆိုင်မှာ မထိုင်ဖြစ်ပါက သူ့အတွက် အိပ်မက်တွေ ဖြစ်လာနိုင်စရာ အကြောင်း မရှိပေ . .

အတန်းတက်ရခြင်းကို စိတ်မပါသောအခါ၌ သူဒီလို လှောက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းတတ်သည်။

ယောင်ချာချာဖြစ်နေမှုကို တမျိုးတပုံပြောင်းလဲမှု ရှိစေရန် ကျောင်းအပြင်ဘက်သို ထွက်လာခြင်းဖြစ်၏။

"ဖော့ကန်၊ အောင်ဆန်း၊ ရွှေပြည်သာကို"

ကားစပါယ်ယာ၏ အော်ဟစ်သံများကို ရှောင်ရှားရင်း



www.burmeseclassic.com

www.burmeseclassic.com



တဖက်လမ်းသို့ ကူးလာခဲ့သည်။

ဆိုင်အတွင်းသို့ ဝင်ဝင်ခြင်းမှာပင် စားပွဲထိုးက ခရီးဦးကြို မေး၏။

"အစ်ကိုလေးဘာသောက်မလဲ"

"ချိုပေါ့ . . ငါးသုံးလုံး တစ်ပွဲပါချကွာ"

"ရှယ်လား"

အဖြေမပေးခြင်းကို ရှယ် ဟုပင်ယူဆကာ လှက်ရည် ဖျော်သမားကို လှမ်းအော်ပြောလိုက်သည်။

ဆိုင်အတွင်းမှာတော့ လူရှုပ်နေခြင်းမရှိပေ။

ကျောင်းတွင်းသို့ အဝင်အထွက်ပြုသူများကို အကြောင်းမဲ့ ကြည့်နေလိုက်သည်။

အခြေခံပညာအထက်တန်း စာမေးပွဲကို ကပ်ခါသိကာ အောင်မြင့်လာသော သူ့အား အင်ဂျင်နီယာအဖြစ်ရည်မှန်းသော ဖခင် က ဂျီတီအိုင်သို့ တက်စေခဲ့သည်။ တကယ်တော့ သင် ယူ နေ ရ သော . . . . . . . . . . . . ဘာ သာ ရပ် များ အပေါ် သူစိတ်ဝင်စားမှုနည်းပါးခဲ့သည်။

"ဒီနေ့ကုန်ဈေးနှုန်းတွေကြို ဒါဏ်ကိုခံနေရတဲ့ အများစုဟာ ဘယ်သူတွေလဲ"

"ဈေးကွက်စီးပွားရေးမှာ ဟင်းရွက်ကန်စွန်းရောင်းနေ ဘဲ့





လူတွေအတွက်ထည့်စဉ်းစားဖို့ ကိစ္စ ကိုတော့"

ခပ်လှမ်းလှမ်းမှ လေကြောင်းတိုက်ပွဲသည် သူ၏စိတ်ပျံ့လွင့် မှုကို အနည်းငယ်တော့ နှောင့်ယှက်မှုပေးနေသည်။ ...

"မီးပြန်လာပြီ"

စောစောက ကျယ်လောင်နေသောအသံတွေကို သီချင်းသံက ဖုံးသွားပြန်သည်။

ငါးသုံးလုံးနှစ်လိပ်မြောက်သောအချိန်ထိ လေသေနတ်သမား များနှင့် -သီချင်းသံသည် သူတပြန် ကိုယ်တပြန်ဖြစ်နေသည်။

ရုတ်တရက်အတွင်းမှာပင် ဆိုင်အတွင်း၌ ပြောင်းလဲမှု တစ်ခု ပေါ်ပေါက်ခဲ့၏။

သူ့တွင်ရှိနေသော ဘော(လ်)ပင်တစ်ချောင်းကို အကြောင်းမဲ့ ဖြုတ်ကြည့်နေခိုက်မှာပင် ထိုပြောင်းလဲမှုက ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။

"ဖန်တက်စီ ခပ်အေးအေးတစ်လုံးလောက် ပေးပါကွယ်"

"သိပ်တော့ မအေးဘူးနော်၊ မီးပြန်လာတာ မကြာသေးလို့"

ပထမအသံရှင် အမျိုးသမီးကို ခပ်စောင်းစောင်းအနေအထား ဖြင့်မြင်နေသည်။

"ဟော"

သူ့နှုတ်မှလွှတ်ခနဲ ထွက်မိသော အံ့သြသင့်သည့် စကားလုံး။

"ရေခဲမရှိဘူးလား၊ ခွက်လေးနဲ့ထည့်ပေးပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံ . .

အသံရှင်၏မျက်နှာကို မမြင်လိုက်ရခြင်းသည် သူ့အတွက် ဆုံးရှုံးမှုတ-ရပ်လို ဖြစ်နေသည်။

ဆိုင်ထဲတွင်ရှိနေသူများ၏ စိတ်ဝင်စားမှုသည် အမျိုးသမီးထံသို့ စုပြုံကျနေတော့သည်။

ထိုင်နေသော ခုံ မငြိမ်မသက်ဖြစ်မှုကြောင့် နေရာရွေ့လိုက်သည်။

ရှည်လျားသော ဆံစများကို ယမ်းလိုက်ချိန်မှာတော့ သူ့ ဝမ်းမြောက်မှုသည် အတိုင်းမသိဖြစ်တော့သည်။

"ဟာ"

ရွှေပါတိတ် ဝမ်းဆက်ဝတ်ဆင်ထားသော အမျိုးသမီး။

ကာလများစွာ ကင်းကွာခဲ့သော မျက်နှာ။

သူ့ခြေလှမ်းတို့သည် အမျိုးသမီးဆီသို့ အလိုလိုရောက်သွားခဲ့သည်။

ရှေ့တည့်တည့် ထိုင်ခုံတွင် ထိုင်လိုက်ချိန်မှာတော့ အမျိုးသမီးက အဝါရောင်အချိုရည်ကို ငုံ့သောက်ဆဲ အခြေအနေတွင် ရှိနေသည်။

လူရိပ်ကြောင့်ပင် အမျိုးသမီးက မော်ကြည့်လိုက်သည်။

"ဟယ် . . စိုး"





သူ့ရင်မှာ အမည်မဖော်တတ်သော ဝမ်းမြောက်မှု။

ပြီးတော့ အမျိုးသမီး၏ ဝမ်းမြောက်မှု . .

"မသက်"

"မင်းကို ဒီလိုအလွယ်တကူ ပြန်တွေ့ရမယ်လို့ ကိုယ်မထင်မိတာ အမှန်ပဲစိုး"

"စိုးလဲဒီလိုပဲတွေးတယ်"

"အေးလေ နှစ်တွေအများကြီးကြာခဲ့တာပဲ။ မင်းကိုပြန်တွေ့ချိန်မှာ လူပျိုကြီးဖားဖား ဖြစ်နေမယ်လို့ ထင်တာ . . အခုတော့ သေးသေးကွေးကွေးကောင်လေးက ငယ်ရုပ်မပျက်ဘူး။ ဒါကြောင့်လဲ မင်းကိုမြင်မြင်ခြင်း မှတ်မိတာပေါ့"

မသက်စကားသည် သူ့အားနည်းချက်ကို ထိပါးပေမယ့် ရင်ထဲမှာအောင့်သက်သက်ဖြစ်မနေပါ။ အိမ်မှလူများ၊ အပေါင်းသင်းများက ဒီအကြောင်းပြောရင်တော့ သူအောင့်သက်သက်ဖြစ်ရသည်။

သူ့လို သေးညှက်ညှက်ယောကျ်ားတစ်ယောက်နှင့် အလွန်ချောမောလှပသော အမျိုးသမီးတို့၏ စကားဝိုင်းသည် လူ့အမြင်မှာ တစ်မျိုးဖြစ်နေမည်လား။

"မသက်ဘာလုပ်နေလဲ"

"အကျိုးရှိမဲ့ ပိုက်ဆံရမဲ့ကောင်းရောင်းကောင်းဝယ်အလုပ်ဆို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလုပ်တယ်။ အခုတောင် ဖေါ့ကန်မှာ ကားတစ်စီး လာကြည့်တာ အခုလောလောဆယ်တော့ ကားဝယ်ရောင်းပေါ့ကွာ"

"မင်းကော"

သူကျောင်းဆီသို့ မေးငေါ့ပြလိုက်သည်။

"ကြိုးစားစိုး . . ဒီ အင်ဂျင်နီယာအလုပ်ဆိုတာ အခုခေတ်မှာ ခေတ်အစားဆုံးပဲ"

သူခေါင်းရမ်းပြလိုက်သောအခါ ထိုအကြောင်းရာနှင့်ပတ်သက်ပြီး မသက် မမေးတော့ပေ။

"စိုးအဖြစ်ချင်ဆုံးဆန္ဒရှိတယ်"

"ပြောပါဦး"

"ဒီလိုနေ့မျိုးတွေပဲ မသက်"

သူ့စကားကြောင့် လှပသော မသက်သည် ခပ်ထွေထွေလေးဖြစ်သွား၏။

"ကိုယ်လဲမျှော်လင့် ခဲ့ပါတယ်။ ဒါပေမယ့်ကွာ လူဘဝဆိုတာ ခရီးရှည်ကြီး တစ်ခုကိုသွားနေရတာ မျိုးပဲ။ နောက်ပြန်လှည့်ကြည့်ကြဖို့ အချိန်မပေးအားဘူး။ သွားလာနေကြရင်းက ဒီလိုမှတ်မထင် ဆုံဆည်းမှုနဲ့ပဲ မင်းနဲ့ကိုယ် ပြန်တွေ့ရတာ . ."

"စိုးတို့ တစ်ခုခု ဖန်တီးရအောင်"

"ဘယ်လိုမျိုးလဲ စိုး"





"စိုးတို့နောက်တစ်ခါပြန်ပြီး မကွဲကွာစေဖို့ပဲ . ."

"ဒါဖြစ်နိုင်ပါတယ်"

မသက်စကားကြောင့် ဝမ်းသာရသည်။

သူတို့ဘယ်လောက်ကြာကြာ ထိုင်ဖြစ်သည့်ကို မမှတ်သားမိတော့ပေ။

မသက်ကြောင့်ပင် နာရီလက်တံများအပေါ် စိတ်ဝင်စားမှုလျှော့ပါသွားစေခဲ့၏။

၊ ၊ ၊

ဒီနေ့အဖို့ သူ၏အိမ်ပြန်ခြင်းသည် မင်္ဂလာများစွာဖြစ်ရ သည်။ အိမ်နားရောက်ခါနီးတွင် ဆောင်းဦးကာလ၏ အလျင်စလိုနေဝင်ခြင်းက သူ့အားဆီးကြိုလိုက်သည်။

"စိုးနောင်ရောက်လာပြီ၊ အတော်ပဲ"

သူ့ကိုတွေ့တွေ့ခြင်းမှာပင် ဖခင်ကဝမ်းသာအားရ အော်ပြောလိုက်သည်။

"ညီမလေးတို့ပါ ကိုကိုကြီးတို့နဲ့ရောပြီး မေမေတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ ရအောင်”

“ကိုကိုကြီး”

“ဟုတ်တယ်။ ကိုကိုကြီးတို့ လင်မယားရောက်နေတယ်”

မျိုးမျိုးဟန်၏ စကားကြောင့် တိုက်ဆိုင်မှုကို မအံ့ဩဘဲ နေနိုင်တော့ပေ။

“စိုး မင်းကတော့အရင်အတိုင်းပဲ”

“မင်းညိုကတော့ အားမရပါဘူးကွာ။ မိန်မလောင်း၊ မိန်မလျှာ အတိုင်းပဲ ကြည့်ပါလား”

ဒါကတော့ လူရှေ့သူရှေ့မှာ သူ့အတွက် မေမေပြောနေကျ စကားပင်။

“မင်းရေချိုးရင် ချိုးလိုက်လေ”

“မြန်မြန်ချိုးနော် ညီမလေးတို့စောင့်နေမှာ”

မိသားစုလေးသည် သိုက်သိုက်ဝန်းဝန်းနှင့် ပျော်စရာကောင်း နေသည်။

ဒါပေမယ့် သူ့အတွက်တော့ တမျိုးဖြစ်ရသည်။ မသက်နှင့် တွေ့ဆုံခြင်းအား အသံမဲ့စွာ ပြောပြနေမိသည်။





မိဘများကို ကန်တော့ခြင်းသည် စည်စည်ကားကားနှင့် ပြီးဆုံးသွား၏။ စကားဝိုင်းမှ ထလာပြီး ကိုကိုကြီးသူ့ကို [illegible]က် သည်။

“ဖေဖေ သားတို့ညီအစ်ကို အပြင်ခဏသွားဦးမယ်”

“မောင်နော် သိပ်ညမနက်နဲ့”

ဇနီးသည်၏ စကားကို ပြီးစလွယ်ဖြေပြီး ကိုကိုကြီး လာခဲ့သည်။

ရန်ကုန်နှင့် နှစ်အတန်ကြာသွားသော ကိုကိုကြီးအဖို့ အရာရာတစိမ်းလို ဖြစ်နေ၏။

“အေးအေးဆေးဆေးရှိမဲ့ ဆိုင်မျိုးကိုရွေးနော် စိုး”

မိုက်ရွှဲချင်နေသော ကိုကိုကြီးစကားအရပင် လွတ်လပ်အေး ဆေးသော စားသောက်ဆိုင်တစ်ခုကို ရွေးချယ်လိုက်သည်။

“ကိုကိုကြီးတို့ ဘီယာပဲသောက်ရအောင်။ ဒါမှမင်း ဝလာ မှာ”

“မဆိုင်ပါဘူးကိုကိုကြီးရာ။ ဘီယာသောက်လို့ဝ[illegible] ရင် စိုးဒီလိုမနေဘူး”

ဘီယာဘူးများနှင့် စားသောက်ဖွယ်ရာများကို ကို[illegible] မှာသည်။

မသက်အကြောင်းကို အရမ်းပြောပြချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်တာမြန်လှချည်လားစိုး။ ဘီယာဆိုတာ ဖိမ်နဲ့ သောက်မှ"

"ကိုကိုကြီး"

"ဘာလိုလို့လဲ စိုး"

"ဒီနေ့အရမ်းတိုက်ဆိုင်တာ သိလား"

ရုတ်တရက်ပြောလိုက်သော စကားကြောင့် ကိုကိုကြီး ကြောင်သွားသည်။

"စိုး ဘာပြောချင်တာလဲ"

"မသက်အကြောင်း"

ဘီယာကို ဖိမ်ခံပြီး သောက်နေသော ကိုကိုကြီးသည် အနေအထား ပျက်သွားပုံရသည်။

"ဘာ မသက်ဟုတ်လား"

စကားသံဆုံးသည်နှင့် နောက်ထပ်ဘီယာဘူးကို ထပ်ဖွင့်လိုက်သည်။ ပြောစရာအကြောင်းအရာ ရလာခြင်းနှင့် ပတ်သက်ပြီး ယမကာဝိုင်းသည် ပိုပြီးစိုပြေလာ၏။

"ဟုတ်တယ်စိုး။ မသက်ကို သတိရတယ်။ ကိုကိုကြီး ဘဝမှာ ပထမဆုံး တွေ့ကြုံမှုပဲ။ ဘယ်မေ့နိုင်ပါ့မလဲ"

ခပ်ပြုံးပြုံးလေးပင် သူနေပြလိုက်သည်။

"တွေးလိုက်တိုင်း ဖြူစင်ရိုးသားတဲ့ မျက်နှာလေးကို မြင်မိ





တယ်။ ကိုကိုကြီးလေ အဲဒီတုန်းက ငယ်စိတ်နဲ့မလို့။ ပြီးတော့ မေမေတို့ရဲ့ ဩဇာက မလွတ်သေးဘူးလေ။ သူတစ်ယောက်တည်း ဘာတွေဖြစ်ကျန်ခဲ့မယ်ဆိုတာ အိုကွာ . ."

နောက်ဆုံးစကားသည် ဘီယာမော့လိုက်ခြင်းကြောင့် တစ်ပိုင်းတစ်စနှင့် ရပ်သွား၏။

"ဒီနေ့ပဲ စိုးနဲ့မသက်တွေ့ကြတာ။ နှစ်တွေကြာခဲ့ပြီနော်၊ မသက်က ပိုလှလာတယ် သိလား"

"သူ့ရဲ့အကြည့်က ပထမဆုံးယောကျာ်းတစ်ယောက်ကို ဖမ်းစားမယ်။ ပြီးရင်ဒုတိယမြောက် ဦးညွှတ်ဖို့ နိုင်းစေမှာက သူ့ရဲ့နှုတ်ခမ်းပဲစိုး . . ဒါတွေကို . ."

ကိုကိုကြီးသည် စကားတစ်ခုကို ပြီးအောင်ပြောဆိုခြင်း မပြုတော့ပေ။

သူတို့နှစ်ယောက်ရှေ့တွင် ဘီယာဘူးခွံများတန်းစီနေ၏။

"စိုးစိတ်ဝင်စားတာကတော့ မသက်ရင်ညွန့်ဆီက အမှတ်ပဲ။ စိုးအနိုင်ယူပြောတာ မဟုတ်ဘူးနော်။ အဲဒီအမှတ်ကို ပထမဆုံး မြင်ခွင့်ရတဲ့ တစ်မိမ်းယောကျာ်းလေးဟာ စိုးပဲဖြစ်နေမှာ"

"ဟား . . ဟား"

ကိုကိုကြီး၏ ရယ်သံကြောင့် သူကြောင်အမ်းအမ်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတကယ် ကလေးဆန်တာပဲ။ မသက်ဆီမှာ ဒီထက် စိတ်ဝင်စားစရာ ကောင်းတဲ့အမှတ်တစ်ခုရှိတယ်။ ဘယ်နေရာမှာရှိ တယ်ဆိုတာကို မသိဘူး မဟုတ်လား။ မင်းလိုပြောကြေးဆိုရင် ကိုကိုကြီး ပထမဆုံး မြင်ခွင့်ရတာပဲ"

ထိုစကားသည် ကိုကိုကြီးအတွက်တော့ မဟာအမှား ဖြစ်နိုင် သည်။ သူမူးရီနေပေမယ့် ဒီအကြောင်းတွေကို မပြောဖြစ်ခဲ့ပေ။ ဒီကိစ္စတွေကို သူထိန်ချန်မှ ဖြစ်မည်။

"ကိုကိုကြီးလေ အခုထိ ရင်ထုမနာဖြစ်ရတယ်။ တကယ် တော့ ကိုကိုကြီးနဲ့တကွ အားလုံးရဲ့လူမဆန်မှုကို မသက်တော်တော် ခံရမယ်။ မသက်ဘာတွေ လုပ်နေသလဲဟင်"

"အမှတ်တမဲ့ဆို ရုပ်ရှင်မင်းသမီးတစ်ယောက်လို့ ကိုကိုကြီး ထင်မိမယ်။ သူအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင် နေပုံရတယ်။ သူရဲ့ ပျိုမျစ်မှုတွေဟာ အရာမယွင်းပဲ ပိုပြီးတောက်ပ လာသလိုပဲ ကိုကိုကြီး"

"အေးကွာ . . မသက်ဟာ မင်းပြောသလိုမျိုးဆိုရင် တော် သေးတာပေါ့။ ဒီပြင့်အနေထားမျိုးနဲ့တွေ့ရမယ်ဆိုရင်တော့ ကိုကိုကြီး တို့ တစ်သက်လုံး သေရာပါ ဒါဏ်ရာအဖြစ်နဲ့ စိတ်မကောင်းဖြစ် ကြရမှာ"

ကိုကိုကြီးပြောရင်းက မျက်ရည်တွေဝိုင်းနေသည်။





တကယ်တော့ ဒီအစီမံတွေကို ဦးဆောင်သူဟာ မေမေဖြစ် သည်။ ဒုတိယမြောက် တရားခံကတော့ မေမေအစီစဉ်တွေကို ရိုက်ချိုး မပြစ်နိုင်သော ကိုကိုကြီးပင်။

"စိုးရေ မင်းမသက်ကို ထပ်တွေ့မယ်ဆိုရင် ကိုကိုကြီး ပြောတဲ့အမှတ်ကို မရှာနဲ့ဦးနော်"

"တွေ့နိုင်မယ်မထင်တော့ပါဘူး"

နှစ်ယောက်စလုံး မူးပေနေပေမယ့် သူ၏စကားများမှာ အမှားအယွင်းမရှိပေ။

ကိုကိုကြီးသာ စကားတွေကျွံလာခဲ့သည်။

နေ့ခင်းတုန်းက မသက်သည် ကားမောင်းအလွန်ကျွမ်းကျင် ကြောင်း။ မသက်နဲ့ သူစီးလာသောကားမှာ ဈေးပါဆလွန်း အဖြူရောင် လေးဖြစ်ကြောင်း။ မသက်နှုတ်ခမ်းပေါ်မှ နှုတ်ခမ်းနီအကြောင်းများမှ လွဲ၍ ထွေထွေထူးထူး ပြောမပြဖြစ်ခဲ့ပေ။

ပြီးတော့မသက်နှင့် ပတ်သက်ပြီး သူထိန်ချန်လိုက်နိုင်သည်။

မသက်နဲ့ထပ်တွေ့စရာ ရှိသေးသည်။ ဒီအကြောင်းတွေကို ကိုကိုကြီးနဲ့ တကွ မိသားစုအားလုံးသိ၍ မဖြစ်ပေ။

မသက်နှင့် သူတို့တွေဆုံခြင်းတွင် မည်သူမျှပါဝင် ပတ်သက် ခြင်းမရှိစေရ။

၊ ၊ ၊



www.burmeseclassic.com

www.burmeseclassic.com



၂။

ဒုတိယမြောက်တွေ့ဆုံမှုကို ကျောင်းရှေ့ရှိ လွှက်ရည်ဆိုင်တွင် သာပြုလုပ်ကြသည်။

အဝါရောင်အထက်အောက် ဝတ်ဆင်လာသော မသက် သည် သူ့အမြင်၌ ရိုင်းပျခြင်းမဖြစ်ပေါ်စေပါ။

ဆိုင်ရှင်များ၊ အလုပ်သမားများနှင့် လေသေနတ်သမားတို့ သည် သူတို့နှစ်ယောက်၏ တွေ့ဆုံမှုကို အထူးအဆန်းမဖြစ်တော့ချေ။ သို့ပေမယ့် သူတို့စိတ်ထဲတွင်တော့ သေးသေးညက်ညက်ကောင်လေး တစ်ယောက်ကို ကြိတ်ပြီးချီးကျူးနေမှာ သေချာ၏။

"ကိုယ်နဲ့တွေ့တာ စိုးစာသင်ပျက်မှာပေါ့"

"မသက်လဲ အလုပ်ပျက်တာပဲ ကျေပြီ"





ရှေ့တွင်ချထားသောကားသော့ချိတ်လေးကို ကြည့်ရင်း ဆိုင်ပြင်ဆီသို့ အကြည့်ရောက်သွားသည်။ ဒီတခါတော့ မနေ့က ဆလွန်းအဖြူလေးမဟုတ်တော့။ စူပါရုဖ်အစိမ်းရင့်ရောင်လေးဖြစ်၏။

မသက်အလုပ်ကို စိတ်ဝင်စားပေမယ့် သူမေးမြန်းခြင်း မပြုသေးပေ။ တစ်နေ့နေ့ထင်သွားရင် အခက်ဟုတွေးကာ ထိုကိစ္စကို ခေါင်းထဲမှ ထုတ်လိုက်သည်။

"ကိုယ်အမြင်တော့ ငယ်ငယ်တုန်းကစိုးနဲ့ အခုစိုးကအတူ တူပဲ"

မသက်စကားကို သဘောကျမိသည်။ နှုတ်ခမ်းသားတို့၏ လှုပ်ရှားမှုသည် ဆေးသားကြောင့် လှပနေသည် မှန်သော်လည်း ရင်ခုန်စေမှုအတွက်တော့ သူအသုံးမချချင်ပါလေ။

သူ့ရင်မှတမ်းတမှုတွင် ပကတိဖြူစင်ချင်သည်။

သံယောဇဉ်သည်အလွန်ရိုးစင်းသော စိတ်ချင်းနှီးနှောမှု မဟုတ်ပါလား။

"ဘာပြုံးတာလဲစိုး"

"မသက်စကားကို သဘောကျလို့ပါ"

"ဟုတ်သားပဲ . . ကိုယ်မှားသွားတယ်။ အရင်စိုးနဲ့ တူချင်မှ တူမှာပေါ့နော်။ ရည်းစားတွေဘာတွေရှိချင် ရှိနေမှာ"

သူ့ထက်ခြောက်နှစ်ကျော်ကြီးသော မသက်ထံမှ ရည်းစားဆို



www.burmeseclassic.com

www.burmeseclassic.com



သော စကားကြောင့် ပို၍ရယ်ချင်မိသွားသည်။

"ကြည့်စမ်းပါဦး၊ ဆိုင်ကလူတွေ ကိုယ်တို့ကို အာရုံစိုက်နေကြပြီ။ ဒီလောက်ဘာလို့ သဘောကျတာလဲစိုး"

"ရည်းစားဆိုလို့ပါ။ ဒီလောက်သေးသေးကွေးကွေး ကောင်လေးတစ်ယောက်ကို ဘယ်သူက အနားကပ်ချင်မှာလဲ မသက်ရယ်"

"ဒီလိုတော့ မပြောနဲ့ကွာ . . မင်းကိုယ်တိုင်က မကြိုးစားလို့နေမှာပါ"

"ဒါကကြိုးစားလို့ရတဲ့ ကိစ္စမှမဟုတ်ဘဲ။ ပြီးတော့ စိုးဘဝမှာ မသက်ကလွဲလို့ ဘယ်မိန်းကလေးကိုမှ စေ့စေ့မကြည့်ဘူး။ ပြီးတော့ တမ်းတမ်းတတမဖြစ်ခဲ့ဘူး"

သူ့ကို မသက်ငြိမ်သက်စွာ စိုက်ကြည့်သည်။

ဒီလိုအကြည့်မျိုးတွေနဲ့ ကင်းဝေးခဲ့တာ နှစ်နဲ့ချီပြီး ကြာခဲ့ပြီ။

ရင်မှာ နွေးထွေးမှုရှိလိုက်တာ . .

သံယောဇဉ်အငွေ့အသက်ကို ပြန်ခိုလှုံခွင့်ရသောအခါ အတော်လေး နေပျော်မှုဖြစ်ခဲ့၏။

မသက်အကြည့်တို့သည် သူနှင့်လက်ပွန်းတနီးရှိနေသော အဆောက်အဦးပုံများ၊ သစ်ကိုင်းဂဏန်းများနှင့် များစွာကွာခြားမှုရှိသည်။

"ကိုယ်တို့ ဒီလိုပဲ ခဏခဏတွေ့ကြရင် မင်းအတွက်





အနှောင့်အယှက်ဖြစ်မှာ သေချာတယ်"

"စိုးနဲ့မတွေ့ချင်ဘူး ဆိုတာကို တမင်အကြောင်းပြပြီး ငြင်းတာလား"

"ဒီလိုထင်ရင်မင်းမှားမှာပေါ့"

"စာသင်နှစ်တွေကုန်ဆုံးစေဖို့ဆိုတာ သိပ်ခက်ခဲတဲ့ ကိစ္စမှမဟုတ်ပဲ"

မသက်ကနားမလည်သောအကြည့်ဖြင့် ကြည့်သည်။ မသက်၏ အကြည့်များကို ရှုရှုပြီး ဖမ်းစားသည့်ဟု ပြောကြသည်။ သူကတော့ဒီလို မယူဆချင်ပေ။

"မင်းဟို့ ပညာတတ်လူတန်းစားတွေ တစ်ခုခုဖြစ်နေတာတော့သေချာတယ်။ ဘေးလူအနေနဲ့တော့ မင်းတို့ကိုကြည့်ပြီး အားမလိုအားမရဖြစ်နေသလိုပဲ"

"ဖြစ်နိုင်ပါတယ်။ ပထမနှစ်ဒုတိယနှစ်လောက်အထိစိုးတို့မျက်နှာတွေဟာ ပျော်ရွှင်မှုတွေ ဖြစ်ခဲ့မယ်။ ပြီးတာနဲ့ထုံးစံအတိုင်းပဲ စကားဟောင်းကြီးတွေကို ပြောပြီး စာသင်ခန်းတွေကို မခင်ချင်ကြ တော့ဘူး"

နှုတ်ခမ်းပေါ်၌ ခနဲ့သောသားတို့ပျက်ယွင်းမှု မရှိစေရန် ပလပ်စတစ်ပိုက်ကို ကျင်လည်စွာ စုပ်ယူသည်။ နှုတ်ခမ်းသားတို့၏ လှုပ်ရှားမှုသည် အတော်ကဗျာဆန်သည်ပဲ။

•



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ"

"မသက်ရဲ့နှုတ်ခမ်း"

မြန်းစားကြီးပြောလိုက်ခြင်းကြောင့် မသက်လိပ်ပြာ မလုံဖြစ်သွားသည်။

"မိန်ကလေးတစ်ယောက်ရဲ့ နှုတ်ခမ်းကို ဒီလိုပဲ အရသာခံပြီး မင်းကြည့်တတ်သလားစိုး"

မသက်အမေးကို ပျာပျာသလဲနှင့် ခေါင်းခါငြင်းလိုက်သည်။

စိတ်ထွက်ပေါက်အဖြစ် စီးကရက်ကို ခပ်ပြင်းပြင်းရှိုက်လိုက်သည်။

"မင်းရဲ့ ဆေးလိပ်သောက်မှုကိုတော့ တားမြစ်ရလိမ့်မယ် ထင်တယ်။ ကြာရင် မင်းအဆုတ်တွေရဲ့ မဲညစ်မှုတွေများလာလိမ့်မယ်"

"ဒါတော့ မသက်ရယ် မိန်းမလောင်း မိန်းမလျှာလို့ တင်ခံနေရတဲ့ စိုးအတွက်ဆေးလိပ်က အကာကွယ်တစ်ခုပဲ . . စိုးမှာ အဖွဲ့အလန်းဆိုတာ သိပ်မရှိပါဘူး။ မသောက်လဲနေနိုင်တယ်။ မသက်အနားမှာရှိနေတော့ ဆေးလိပ်တောင် မလိုတော့ဘူး"

"မင်းက စကားတတ်သားပဲ"

သူတို့လွတ်လပ်စွာရယ်မောမိသည်။

ဒီအတွက် ပတ်ဝန်းကျင်၏ ဂရုထားအကြည့်တွေကို သူတို့





ခံရချင် ခံရမည်။

ဒါပေမယ့် . . ကိစ္စတော့မရှိပါ။

သူတို့နှစ်ယောက်လုံးသည် လွတ်လပ်မှုမှ တပါး ဘာကိုမှ မလိုလားသောကြောင့်ပင် ဖြစ်၏။

rrr



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၃။

တတိယမြောက်တွေ့ဆုံမှုကတော့ တမျိုးတဖုံအပြောင်းအလဲဖြစ်သွားရသည်။ နေ့လည် ကျောင်းဆင်းချိန်ကို မသက်လာစောင့်နေပြီး သူ့ကိုခေါ်သည်။

တတိယမြောက် မသက်စီးလာသောကားမှာလီမိဘက် အဖြူရောင်လေးဖြစ်၏။

"ကိုယ်တို့ အင်းစိန်ဘက်ခဏသွားပြီး မြို့ထဲသွားရအောင်နော်"

ကားတံခါးဖွင့်ပြီး ဘေးမှာ ဝင်ထိုင်သည်နှင့် မသက်ပြောလိုက်သည်။ သူခွန်းတုန့်မပြန်ပဲ ငြိမ်သက်စွာ နေလိုက်သည်။

"မင်းစာသင်ရတာ မောလား"

"အင်း"





"ပြောပုံက စိတ်မပါလိုက်တာကွာ"

ကားများကို ကျင်လည်စွာကျော်တက်ရင်းက အပြစ်တင်လိုက်သည်။

"မသက်ကိုမြင်မှ အမောပြေတာ"

စကားပြောရင်းက မသက်ဘက်သို့ တိုးမှီလိုက်သည်။ မသက်ကိုယ်မှရသော ရေမွှေးနံ့သည် တကယ်ကို ရှင်လန်းမှု ဖြစ်စေသည်ပဲ။

"အရမ်းမမှီနဲ့ဆရာ။ ဒီမှာကားကို ဂရုစိုက်မောင်းနေရတာ၊ ကားကရှုပ်ပါဘိနဲ့"

မသက်စကားကို သူနားထောင်ခြင်းအလျဉ်းမရှိချေ။ ကားသည် အင်းစိန်ဂုံးအောက်မှ ဖြတ်ပြီး ဘယ်ဘက်သို့ ချိုးလိုက်သည်။

ဒုတိယကြိမ်မြောက်ဘယ်ဘက်သို့ ချိုးသည်အထိ သူ့အနေအထားမပျက်သေးပေ။

ဂုံးအတက်နားလမ်းဆုံအရောက်မှာတော့ မသက်၏ သတိပေး စကားကြောင့် နေသားတကျပြန်နေလိုက်ရသည်။

"စိုး မသက်အလုပ်ကိစ္စနဲ့သွားနေတာ၊ သိပ်မကြာခင်မှာရောက်တော့မှာ"

ကားရှင်းသည်နှင့် ညာဘက်သို့ ချိုးကွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံအဆုံးနားတွင် ညာဘက်မြေနီလမ်းထဲသို့ ကားချိုးဝင်လိုက်သည်။

"ဒေါ်သက်သက်မိုး ဒီလီမိတက်ကို ဘယ်လောက်ခေါ်ထားလဲ"

"ဟို ဆူပါဆလွန်းကော ထွက်သွားပြီလား"

"S.E စလွန်းအပြာလေးရော ရှိသေးလား"

လွှက်ရည်ဆိုင်ရှေ့သို့ ကားထိုးရပ်ရပ်ခြင်းမှာပင် ယောကျ်ားများ အုံလာပြီး မေးမြန်းကြသည်။

ပထမတော့ သူအံ့သြသွားသည်။ နောက်တော့မှ အချင်းချင်း ပြောစကားများအရ မသက်သည် ကားဝယ်ရောင်း လုပ်ကိုင်နေမှန်း သိရတော့သည်။

သိသိခြင်းမှာပင် မသက်၏ လုပ်ရည်ကိုင်ရည်များကို သူ တအံ့တသြဖြစ်ရပြန်သည်။

"ကျွန်မအတွက်တော့ ချန်ထားပေးမှဖြစ်မှာ၊ ပွဲခနှုတ်လို့ မဖြစ်ဘူး"

"ရှင်တို့ကားက လုပ်ချက်နည်းနည်းရှိနေတယ်၊ ပြီးတော့ အဲယားကွန်းလဲ သိပ်မှမအေးတော့တာ"

"မီးခိုးလိုက်တာတော့ ပျောက်အောင်လုပ်ဖို့လွယ်ပါတယ်၊ ဒါပေမယ့် ကားက တော်တော်လေးကျနေပြီ"





"ရှင်ပြောတုန်းကတော့တမျိုး အခုကားကတိုက်ထားတာ တံခါးအထိတွေ့နင်ပါနေတာ၊ ပြီးတော့ပြန်လုပ်ထားတာကလည်း မသပ်ရပ်ဘူး"

မသက်နှင့် ခပ်လှမ်းလှမ်းဆီမှ ရပ်ရင်းကြည့်နေမိသည်။ မသက် တန်းစီရပ်ထားသော ကားများကို စစ်ဆေးကြည့်ရှုရင်း စကား များပြောနေပုံမှာ သူ့အတွက်တော့ အမြင်ဆန်းနေသည်။

"စိုး လွှက်ရည်သောက်ဦးမလား"

"မသောက်တော့ဘူး မသက်"

မသက်လှမ်းမေးသောအခါမှ လူများ၏ စိတ်ဝင်စားမှုသည် သူ့ထံသို့ စုပြုံကျလာသည်။

"ဒါဆို ကျွန်မသွားတော့မယ်။ ကျွန်မကားတွေကိုတော့ ကြိုက်ရင်လာကြည့်ပေါ့၊ အိမ်မှာထိုးထားတာပဲ"

မသက်က သူ့နားလာရပ်ရင်းက ပြောနေသည်။ ယောကျ်ားသားများ၏ မျက်လုံးတို့သည် မသက်ဘေးကသူ့ကိုဘာကြောင့်များ စူးစိုက်ကြည့်နေကြပါလိမ့်။

"စိုး ကားကိုမင်းမောင်း၊ မသက်အလုပ်လုပ်လိုက်တာ နည်းနည်း မောသလိုရှိသွားတယ်"

ရန်ကုန်အင်းစိန်လမ်းမကြီးပေါ်သို့ ရောက်သောအခါ ကားစက်ရှိန်သည် သိသိသာသာမြင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ မင်းအလှည့်ပဲ"

မသက်သည် သူ့ဆီယိုင်ကျလာသည်။ သူဘာမှမပြော။ တစ်ချက်တစ်ချက် မျက်တောင်ကော့များကို ငုံ့ကြည့်ချိန်မှာတော့ မျက်နှာနှစ်ခုသည် အလွန်နီးကပ်သွားတတ်သည်။

"မသက်အလုပ်က ပွဲစားပေါ့နော်"

"မဟုတ်ဘူးစိုး၊ ဝယ်ရောင်းလုပ်တာလို့ခေါ်တယ်။ ပွဲစားဆိုတာ သူ့မှာ ကိုင်ထားတဲ့ကားရှိချင်မှရှိတာ။ ကြားထဲကလိုက်စပ်ပေးတဲ့သူ။ တကယ်တော့ လေရောင်းတာပေါ့ကွာ။ အရောင်းအဝယ်လုပ်ကြရင်တော့ ဒီလိုပွဲစား မရှိလို့မဖြစ်ဘူး။ မသက်က သူတို့ထက်မြင့်တဲ့ ဝယ်ရောင်းပေါ့။ လက်ထဲမှာ ကားတွေကိုင်ထားတယ်။ ဝယ်စီးဆိုတာလဲရှိသေးတယ် စိုးရဲ့။ ဒီကိစ္စတွေရှင်းပြရင် တစ်နေကုန်သွားမယ်"

"စိုးအမြင်မှာတော့ မသက်ဒီလိုလုပ်တာ တမျိုးဖြစ်နေလားလို့"

"မင်းတို့ကအတွေးခေါင်တာပဲ။ ဒီခေတ်ဟာ ယောကျ်ားနဲ့ မိန်းမ ရင်ဘောင်တန်းနေတဲ့ခေတ်၊ ပြီးတော့ကွာ ဒီအလုပ်မျိုးဆိုတာ မသက်အမြင်နဲ့ဆိုရင် မိန်းမတွေနဲ့ ပိုသင့်တော်လား၊ မသိဘူး"

"ဒါပေမယ့် မသက်ရယ် ကျွန်တော်အမြင်မှာ ရှားရှား ပါးပါး တွေ့ရှိမှုပဲ။ မသက်ကတော်တော်ကျင်လည်နေပြီပဲ"





"မင်းပဲပြောတော့"

မသက်၏လက်တစ်ဖက်သည် သူ့ပါးပြင်ကိုလာရောက်ပွတ်သပ်၏။ ဒါက ငယ်စဉ်ကတည်းက ပြုမူနေကျမျိုးပဲ။ သူတို့နှစ်ယောက်အတွက်အထွေအထူး ကိစ္စတော့ မဟုတ်ပေ။

"မသက်ပျော်နေတယ် သိလားစိုး။ ငယ်ငယ်တုန်းကတို့ဘဝလေး အတိုင်းပဲ။ ဒီလိုဘဝမျိုးပြန်မရတော့ဘူးလို့ မသက်ထင်နေမိတာ"

သူ့သက်ပြင်းချမိလေသလား . .

သူ့သက်ပြင်း၏ အဓိပ္ပါယ်သည် တမျိုးတမည်တော့ အတွေးရခက်မည် ထင်၏။ သူလီဗာကို ဖိနင်းလိုက်သည်။

"စိုး ဖြေးဖြေးကွယ်"

သူ့ကိုမှီရင်း မေးနေရင်းက မသက်ပြောလိုက်သည်။

အသံ၏တိုးလျှမှုသည် သူ့ရင်ကို များစွာတော့ လှုပ်ရှားစေ၏။

သူပျော်ရွှင်နေတာပဲ ဖြစ်မှာသေချာသည်။

ပျောက်ဆုံးနေသောအရာကို ပြန်လည်ရရှိသောအခါ ရင်သည် ဆောက်တည်ရာမရ လှုပ်ရှားတတ်သည်လား မသိပေ။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



မသက်လှုပ်ရှားမှုများကိုသာ လိုက်လံပြီး သူငေးမောကြည့်နေမိသည်။

ဗိုလ်ချုပ်ဈေး၏ ဆိုင်ခန်းများဆီသို့ နှစ်ဦးသားလျှောက်သွားကြရသည်ကို သူများစွာကြည့်နူးရသည်။

မသက်၏ဈေးဝယ်ယူမှု၊ ပစ္စည်းများကိုပွေ့ပိုက်ထားနေပုံတို့သည် သူ့မျက်စိထဲတွင် များစွာလှပနေသည်။

"စိုးရေ၊ ဒီအရောင်လေးကို ကြိုက်တယ်မဟုတ်လား"

သူသည် မသက်မျက်စိအောက်တွင် ကလေးသဖွယ် ဖြစ်နေရသည်။ လူသူရှင်းသော ကွင်းပြင်တစ်ခုထဲတွင် အခုလိုတွဲသွားရပါက မသက်၏ နုးညက်သော လက်မောင်းများပေါ်တွင် မေးတင်းကာ နိုမှီမိမှာသေချာသည်။

ဒါတောင်မှ မသက်ဆီမှ ပစ္စည်းများကို ကူယူယောင်ဖြင့် သူမှီနိမိသေးသည်။

"စိုးရယ် လူတွေနဲ့ကွယ်"

မသက်ကသူ၏ ဆိုးနွဲ့မှုကို အပြစ်မတင်သော လေသံဖြင့်သာ တားမြစ်ရှာသည်။

မသက်၏ ရှည်လျားသော ဆံစများကို နောက်နားဆီမှ ငေးမောကြည့်ရင် သူ ပီတိဖြစ်ရသည်။

သူ့ရင်သည် မသက်သဏ္ဌာန်များကြောင့် နေပျော်ဖွယ် ဖြစ်ရ





သည် . . ပစ္စည်းတွေလဲ စုံပြီ၊ တစ်ဆိုင်ဆိုင်မှာ အအေးသောက်ရအောင် မသက်တော့ မောပြီကွယ်"

သူ့လက်ကိုင်ပုဝါဖြင့် မသက်နားသယ်စပ်မှ ချွေးစများကို သူဖွဖွတို့ပေးသည်။ မသက်သည် သူ၏လုပ်ဆောင်မှုကို ငြင်းဆန်ခြင်း မပြုပေ။

အဝါရောင် လိမ္မော်ရည်ကို မျက်နှာချင်းဆိုင် အနေထားဖြင့် သောက်ကြသည်။ သူ့ရင်၏အပျော်၊ မသက်ရင်၏အပျော်တို့သည် တကယ့်ကို ငြိမ်းချမ်းနေလေ၏။ ရာသီ၏အိုက်စပ်မှုသည် သူတို့နှစ်ဦး အပေါ်သက်ရောက်မှုမှ ရှိပါလေစဟု သံသယဖြစ်ရသည်။

"စိုးရေ ဒီမှာကြည့်စမ်း"

မသက်က လက်ကလေးမြှောက်ကာ သူ့ကိုပြသည်။ မသက်လက်ဝါးဖြန့်ပြသောအခါ **cross** ဘောလ်ပင် မီးခိုးရောင်လေးကို တွေ့သည်။

"ဒါလေးကလေ မင်းအတွက်ပဲ၊ ပြီးတော့ ဒီရှပ်အင်္ကျီနှစ်ထည် ဒီအပြာစင်လေးကို စိုးကြိုက်မှာပါနော်"

"ဒီမှာကြည့်စမ်းပါဦး . . မင်းနဲ့လိုက်မဲ့ ပုဆိုးအဆင်လေး အဝါခံပေါ်မှာ အနက်စင်းကွပ်စိပ်လေးကို မင်းကြိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်မှ တုန့်ပြန်မှုကို မသက်ကမလိုအပ်ဘူးဟု ထင်ပုံရသည်။ သူကတော့ မသက်လှုပ်ရှားမှုများကို ငိုင်တိုင်[illegible]ဖြင့် ကြည့်နေဖြစ်သည်။

"မသက်"

သူခေါ်သံသည် ခြောက်ကပ်ကပ်နိုင်သွား၍လား၊ ဒါမှ မဟုတ် မသက်လုပ်ရပ်တွေကို ရပ်တန့်သွားစေရန် လက်ကာပြမှုကို ဘယ်လိုအနက်ပေါက်သွားသလဲမသိ။

"ဟုတ်ပါရဲ့ကွယ်၊ မသက်မေ့နေလိုက်တာ၊ မင်းလက်မှာ နာရီမှမရှိဘဲ။ ပြီးမှဝယ်ကြရအောင်။ မင်းရွှေရောင်ကြိုက်လား"

"မသက်"

ဒီတစ်ကြိမ်အခေါ်မှာတော့ သူ၏ငြိမ်သက်မှုကို မသက်သိသွားခဲ့သည်။

"စိုး . . မင်းဘာဖြစ်နေလဲ"

"ပြောပြပါမယ် မသက်၊ ဒီနှစ်ထောင်ကျော်တန် cross ဘောလ်ပင်၊ အဝတ်အစားတွေ၊ နာရီတွေကို ကျွန်တော်မလိုချင်ဘူး"

"မင်းကကွာ . . မသက်ရဲ့ စေတနာကို"

"နေဦးမသက် . . စိုးတို့က အရင်လို မဟုတ်ဘူး မသက်၊ စိုးတို့ မိသားစု စီးပွားရေးအရမ်းကျနေပြီ။ ကျန်းမာရေးကြောင့် ဖေဖေ ပင်စင်ယူလိုက်တာလဲ ပါတာပေါ့။ ဒီပစ္စည်းတွေကို စိုးအိမ်





ယူသွားရင် သူတို့မေးတော့ စိုးဘယ်လိုဖြေမရလဲ။ သူတို့ပေးတဲ့ မုန့်ဘိုးနဲ့ ဝယ်တယ်လို့ပြောရင် ပုံပြင်တစ်ခုဖြစ်နေမှာပေါ့"

မသက်ဘာမှ ပြောဆိုခြင်းမရှိဘဲ ငြိမ်သက်သွားသည်။

"ကိုယ်လောကြီးသွားတယ်ကွယ်။ ပြီးတော့ စိုးတို့ အကြောင်းကို မသက်မေးသင့်တယ်။ စိုး . . ကိုယ်တကယ် စိတ်မကောင်းဘူး၊ စိုးတို့အရွယ်ရောက်မှ စီးပွားကျတာဆိုတော့ တော်တော်ချို့တဲ့မှုရှိမှာနော်"

"လောကမှာ သီးသန့်ဇိမ်ခံမှုနဲ့၊ ဝတ်စားဆင်ယင်မှုလျော့ပါသွားတာပဲရှိမှာ . . ထမင်းတော့ မငတ်သေးပါဘူး"

မသက်သည် ပစ္စည်းများကိုသာ ငေးကြည့်နေပြန်သည်။

"ကိုယ်စိတ်မကောင်းဘူး။ ကိုယ်တစ်ခုခုကြံဦးမယ်။ ဒါပေမယ့်ကွာ၊ တစ်ခုခုလောက်ကိုတော့ စိုးယူသွားနော်။ ကျန်တာတွေ မသက်သိမ်းထားမယ်။ တစ်ခါတည်းစုပြုံပြီး ယူသွားရင် သူတို့ သိသွားမယ်။ မမအိကတော့ နဂိုအတိုင်းပဲလား"

"ဟန်ပဲရှိတော့တာပေါ့။ အထည်ကြီးပျက်ပေါ့ မသက်ရာ"

မသက်သည် သူ့အတွက်ချမ်းမြေ့ဖွယ်ရာ ရင်ခွင်တစ်ခု။

ပြီးတော့ မသက်မျက်နှာသည် သူ၏အာရုံများစုဝေးရာ။

မသက်မျက်နှာ ညှိုးခြင်းသည် သူ့ကမ္ဘာကို ထိပါးခြင်း မည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေထားပါ။ ဒီပစ္စည်းတွေထက် မသက်ကို ကျွန်တော် မြင်ခွင့် တွေ့ခွင့်ရနေပြီပဲ . . ဒီအခွင့်အရေးလောက် အရေးကြီးတာ ဘာရှိဦးမလဲ မသက်ရာ"

"မသက်လဲ ဒီလိုပါပဲလေ . . ဟိုးငယ်ဘဝတွေကိုပဲ ပြန်တောင်းချင်တယ်။ အချိန်ဆိုတာ တကယ်တော့ တို့ရဲ့ပျော်ရွှင်မှုတွေနဲ့တကွ ပျိုပျစ်မှုတွေကို သိမ်းပိုက်နိုင်သလို အမှတ်ရစရာ တွေကိုလည်း ဖန်ဆင်းတတ်တဲ့ သဘောရှိတယ်"

"အဲဒီအချိန်တိုင်းအတွက် စိုးအနားမှာ မသက်ရှိနေရင် ဒီကမ္ဘာဟာ ပျော်စရာ အတိဖြစ်နေမှာ"

"စကားတတ်တဲ့ စိုး"

လျှင်မြန်စွာပင် သူ့ပါးပြင်ကို မသက်လိမ်ဆွဲလိုက်သည်။

သူတို့ကြားတွင် အရာဝတ္ထုတွေ ခုခံနေ၍လား . . လူမြင်ကွင်းဟူသော အသိကြောင့်ပဲလားတော့ မပြောတတ်။

ငယ်ငယ်တုန်းကလိုတော့ သူ၏ပါးပြင်ကို မသက် နမ်းခြင်း မပြုတော့ပါလေ။

ဒီအတွက်လည်း သူကထပ်မံတောင်းဆိုခြင်း မရှိ။

ထိုကိစ္စတွေကို အချိန်ဆိုသောအရာက ဖန်ဆင်းပေးလိုက်သည်လား။

၊ ၊ ၊





၄။

စတုတ္ထကြိမ်မြောက်တွေ့ဆုံသောအခါ တောင်ဥက္ကလာပ ပွဲစားတန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

ယောကျ်ားသားများအလယ်၌ လှပပြေပြစ်သော မိန်းမ တစ်ဦး၏ စွမ်းဆောင်နိုင်မှုကို သူ မချီးကျူးဘဲ မနေနိုင်ပေ။

ဒီတစ်ခါတော့ မသက်၏ကားလေးသည် ရှုပါရု(ဗ) နက်ပြာရောင်လေး ၉က သုံးထောင်ကျော်ဖြစ်သည်။

"မသက်ဒီကားလေးကို ဘယ်လောက်ကြာကြာ လက်ထဲမှာ ထားမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ရောင်းတို့၏ ထုံးစံကို အနည်းငယ်သိလာရခြင်းကြောင့် မသက်ကို မေးလိုက်မိသည်။

"ဘာလဲ စိုးကဒီကားကို သဘောကျလို့လား"

"ဟုတ်တယ် မောင်းရတာလဲကောင်းတယ်"

"ဒါဆို ဒီကားကို ဘယ်တော့မှ မရောင်းတော့ဘူး"

မသက်သည် တောင်ဥက္ကလာပ ပွဲစားတန်းမှ ထွက်လာသည့်တိုင် သူ့လက်ထဲသို့ ကားမထည့်သေးပဲ ဆက်မောင်းနေသည်။

"အိမ်ကိုသွားရအောင်နော်"

အိမ်ဆိုသော ဝေါဟာရကြောင့် သူ့စိတ်ထဲတွင် တမျိုးဖြစ်သွားရသည်။

ထိုအခါမှ သူ့အတွေးထဲတွင် စိုးရိမ်တကြီး မေးခွန်းတစ်ခုပေါ်ပေါက်လာခဲ့၏။

မသက်ဆီမှာ အိမ်ထောင်ရှိနေပြီလား။

သူ့အတွက်ဒီကိစ္စသည် ခြောက်ချားဖွယ်ရာဖြစ်သွားရသည်။ သူ၏ အမူအယာအပြောင်းအလဲကို မသက်က သိသွားပုံရသည်။

"ငြိမ်လုချည်လားစိုးရဲ့ ဘာတွေစဉ်းစားနေလဲ။ မင်းကြည့်ပြီးတော့ မသက်ဟောင် ပျင်းလာပြီ"

ပြောပြောဆိုဆိုပင် ကက်ဆက်ခွေကို ထိုးထည့်လိုက်သည်။ ခပ်ကြမ်းကြမ်း ထွက်ပေါ်လာသော အင်္ဂလိပ်သီချင်းသံက





သူ့ကိုတမင်များ ရန်စလေသလား။

"ဘာလဲ ဆေးလိပ်သောက်ချင်လို့လား"

"မဟုတ်ပါဘူး မသက်ရာ"

"အိမ်ရောက်ရင် ရေချိုးလိုက်လေ ဒါမှ မင်းလန်းသွားမှာ"

'အိမ်'ဆိုသော ဝေါဟာရကို ဒုတိယအကြိမ်မြောက်ကြားရချိန်မှာတော့ သူနည်းနည်းတော့ သက်သာရာရသွားသည်။ သူ့ရင်ထဲ မှ စိုးရိမ်မှုကို ဖွင့်မေးရကောင်းမလားဟု ဝေခွဲမရဖြစ်နေဆဲမှာပင် အိမ်ဆိုသော ဝေါဟာရကို တတိယအကြိမ်မြောက်ကြားရပြန်သည်။

"အိမ်ရောက်တော့မယ်"

ကမ္ဘာအေးလမ်းမကြီးမှ ပါရမီဘက်သို့ ချိုးကွေ့လိုက်ပြီးမကြာခင်မှာပင် ခြံရှေ့သို့ခေါင်းထိုးပြီး ကားဟွန်းတီးလိုက်သည်။

အသက်ငါးဆယ်ခန့် အမျိုးသားကြီးတစ်ဦးကို အရင်တွေ့ရပြီး သူ့နောက်တွင် အပြေးတစ်ပိုင်းထွက်လာသော အမျိုးသမီးကြီးကိုတွေ့ရသည်။

အမျိုးသားကြီးက တံခါးဖွင့်ပေးသည်ကို မြင်သောအခါ အမျိုးသမီးကြီးမှာ အိင်္ကဲပြန်ဝင်သွားသည်။

"သူရအောင်လော"

"ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကြီးက တရိုတသေပင် ပြန်ဖြေကြား၏။ သူ့ရင်ထဲသို့ သူရအောင်ဆိုသောအမည်က ဝင်ရောက်လာပြန်သည်။

"ဆင်းလေ ဖိုး . . ဒါမသက်အိမ်ပဲ"

တစ်ဦးတည်းပိုင်ဆိုင်မှုကို ပြဆိုသောစကားကို ဘာကြောင့် ရွေးပြောပါလိမ့်။

စောစောက သူရအောင်ဆိုသူသည် . .

"လာစိုး"

သူလက်ကိုဆွဲခေါ်မှုကြောင့် ခြံထဲသို့ ကြည့်နေမှုသည် တစ်ပိုင်းတစ်စဖြစ်သွားရသည်။ အိမ်မှာ တစ်ထပ်တိုက် သပ်သပ်ရပ်ရပ်လေးပင်ဖြစ်သည်။ အိမ်နှင့် ခပ်လှမ်းလှမ်းတွင် ဂိုဒေါင်သဘော မျိုးခပ်ကျယ်ကျယ် ဆောက်ထားသော အဆောက်အဦးထဲတွင် ကားများထိုးသည်ကို တွေ့သည်။

"စိုးကလဲကွာ အေးစက်စက်နဲ့"

အိမ်တံခါးမကို တွန်းဖွင့်လိုက်သည်နှင့် လေအေးစက်၏ ထိတွေ့မှုကို ဦးစွာရလိုက်သည်။

"တီ . . တီ"

ဧည့်ခန်းတွင်းသို့ရောက်ခိုက်တွင် တယ်လီဖုန်းမြည်သံ ထွက်လာ၏။

"ဒုက္ခပါပဲ။ အခုမှအိမ်ရောက်ရုံရှိသေးတယ် . ."





မသက်ကတော့ တယ်လီဖုန်းဆီသို့သွားသည်။ သူကတော့ အခန်းထောင့်သို့ အရိပ်အခြည်အကဲခတ်ကြည့်သည်။ စောစောက အမျိုးသမီးကြီးမှလွဲ၍ ကန့်သူတစ်ယောက်မှ မတွေ့ရ။ စောစောက သူရအောင် ဆိုသူမှာ . .

"လာခဲ့လေ . . သူရအောင်ရှိနေမယ်။ သူပြောလိမ့်မယ်။ ဈေးကတော့ သိတဲ့အတိုင်းပဲ"

အိမ်နံရံတွင် ချိတ်ဆွဲထားသော ပုံများဆီသို့ သူမျက်လုံး ရောက်သွားသောအခါ သံသယပိုနိုင်မာသွားစေခဲ့သည်။ မသက်နှင့် တွဲရိုက်ထားသူမှာ သူရအောင်ဖြစ်ရမည်ပေါ့ . .

"စိုး ဘာကြည့်နေတာလဲ"

"ဟို နှစ်ယောက်တွဲဓါတ်ပုံ"

"ဒေါ်ချမ်းမြရေ ခဏ"

သူ့အပြောကို မသိသလိုဖြင့်ပင် မသက်ပြုမူသည်။

"သူကဘယ်သူလဲ"

"အဲဒါ ကိုယ်ယောကျ်ား တင်နိုင်အောင် ဆိုတာပဲ"

မသက်ကိုသူကြည့်သည်။ မသက်ကတော့ ရေခဲသေတ္တာထဲမှ ရေအေးပုလင်းကိုဖွင့်ပြီး သောက်နေသည်။

"အော် ဒေါ်ချမ်းမြရေ . . သူရအောင်ကိုပြောလိုက် သိပ်မကြာခင်မှာ တောင်ဥက္ကလာပက လူတွေလာလိမ့်မယ်။ အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ယူမလို့၊ အဲဒါသူနဲ့ပဲ ပြတ်အောင်လုပ်လို့ ကျွန်မကို ဘာမှ လာမပြောနဲ့လို့ နော်"

"ဟုတ်ကဲ့"

ဒေါ်ချမ်းမြဆိုသူထွက်သွားသွားသည်နှင့် မသက်နားသို့သူ တိုးကပ်သွားသည်။

"မသက်ယောကျ်ားဘယ်မှာလဲ။ သူရအောင်ဆိုတာက"

"သူရအောင်ဆိုတာ မသက်ယောကျ်ားရဲ့တူလေ . . အလုပ် မရှိလို့ မသက်ကြည့်ထားတာ။ တင်နိုင်အောင်ကတော့သေသလား ရှင်သလားမသိဘူး။ လာပါ . . ရေချိုးလိုက်"

မသက်သည် ရေချိုးခန်းရှိရာသို့ သူ့ကိုဆွဲခေါ်သွားသည်။

စိတ်မပါတပါနှင့်ပင် မသက်နောက်သို့ပါသွားရသည်။ ရေချိုးခန်းရှေ့ရောက်သည့်တိုင် သူ မလှုပ်ရှားသေးပေ။

"ဒီကောင်လေးဘာဖြစ်နေလဲ"

ပြောပြောဆိုဆိုပင် သူ့ခေါင်းကိုအနည်းငယ် ပွတ်သပ်ပေးပြီး အင်္ကျီကြယ်သီးများကိုဖြုတ်ပေးသည်။

" ဒေါ်ချမ်းမြဘာလဲ "





"ဟိုဟာ"

"ဘာကိစ္စလဲလို့ ကျွန်မမေးနေတာ"

"ထမင်းပြင်ရမလားလို့"

"နေနေ . . ကျွန်မတို့ဘာသာခူးစားမယ်။ ကိစ္စပြီးရင် အေးဆေးဆေးဆေးနားနေ . . ရပြီ"

ရေချိုးပြီးသည်နှင့် ထမင်းစားခန်းသို့မသက်ကဦးဆောင်၍ ခေါ်သွားသည်။ ထမင်းစားပွဲတွင် ထိုင်နေရင်းက တစ်ချိန်က အဖြစ်အပျက်များကို မေးမိတော့၏။

" မသက်ဒီဘဝမျိုးရောက်အောင် ဘယ်လိုရုန်းကန်ခဲ့သလဲ ဆိုတာစိုးသိချင်တယ် "

" ပြောပြမယ်စိုး . . . မသက်ပြောပြီးရင် စိုးလဲမသက်သိ ချင်တာပြောပြနော် "

" ပြောပြမှာပေါ့ "

ထမင်းဝိုင်းကို ခဏထားလိုက်ပြီး မသက်စကားစပြောသည်။ မသက်မျက်နှာသည် ဆွေးရိပ်ဆွေးယောင်သန်းလာ၏။

" မသက်ရန်ကုန်ရောက်တော့ သင်္ကြန်အကြိုနေ့ကြီး၊ လမ်းတစ်လျှောက် ရေတွေပက်ထားလို့ . တစ်ကိုယ်လုံးလည်း စက်စက်ကျနေပြီး မှောင်စလည်းပြုနေပြီ၊ ကားတစ်စီးကို ငှားပြီး လိပ်စာပြလိုက်တယ် . . .



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာအရဆိုရင်တော့ ကျောက်မြောင်းထဲမှာပေါ့။ ပထမတော့ ကားသမားကလည်းအကြောင်းကြောင်းနဲ့၊သူလည်း ဒီလမ်းနာမည်မျိုး ကျောက်မြောင်းမှာမကြားမိဘူးပေါ့ . . . ဒါပေမယ့် အဲဒီလိပ်စာအတိုင်း မသက်တို့ရှာခဲ့ကြတယ် . . . . မတွေ့ပါဘူးကွာ၊ကျောက်မြောင်းမှာ အဲဒီလမ်းမျိုးလည်းမရှိဘူး ခပ်ဆင်ဆင်လမ်းလဲမရှိဘူး . . . အဲနောက်ဆုံးတော့ ကားဒရိုင်ဘာကပဲ ညအိပ်ဖို့အကူအညီပေးတယ် . . . အဲဒီကားဒရိုင်ဘာက ဘယ်သူလို့စိုးထင်လဲ "

" စိုးဘယ်သိပါ့မလဲ မသက်ရ "

" တင်နိုင်အောင်ပဲစိုး . . . နောက်ဆုံးမှာ တင်နိုင်အောင်နဲ့ မသက်ညားတယ်ဆိုပါတော့ . . . သူကကားမောင်းတယ်၊ ကားပွဲစားလည်းလုပ်တယ်၊ အစပိုင်းတော့ တင်နိုင်အောင်မသက်ကို ချစ်ပုံရတယ်။ဒါပေမယ့် နောက်ပိုင်းမှာတော့ ရိုးသွားတယ်ထင်ပါရဲ့ကွာ . . . တင်နိုင်အောင်မိန်းမ ဘဝမှာတည်းက ဒီကားဝယ်ရောင်းအတွေ့အကြုံကို ရခဲ့တာလေ . . . တင်နိုင်အောင်နဲ့ညားခဲ့တာ ဒါပဲ အမြတ်ရတယ် "

သူ့ထမင်းပွဲထဲသို့ ကြက်အသဲကို မသက်ဆယ်ထည့်ပေးသည်။ မသက်စကားကအဆုံးမသပ်သေးပေ။

" ဒါပေမယ့်နော် စိုးသိထားဖို့ ဒီလိုနေနိုင်စားနိုင်တာ





မသက်ဘာသာ မသက်လုပ်ယူရတာ ၊ တင်နိုင်အောင်က လောင်းကစားကို အရမ်းမက်တဲ့လူ ပြီးတော့လည်း အရမ်းချမ်းသာချင်တယ် တစ်နေ့မှာပေါ့ . . . မသက်ကိုထားခဲ့ပြီး မိုးကုတ်ဘက်တက်သွားတယ်၊ သူ့အစီအစဉ်က ဟိုမှာကျောက်သွားတူးမယ် ပြန်လာမှ ချမ်းချမ်းသာသာနေမယ်ပြောပြီး ထွက်သွားတာပဲ . . . .

တစ်နှစ်လောက်ကြာတော့ ကျောက်အောင်ပြီးကြီးပွါးတယ်လို့ကြားတယ်။ မယားနှစ်ယောက်တောင် တစ်ပြိုင်နက်ယူထားသတဲ့၊ အဲဒီနောက်ပိုင်းတော့ မသက်လည်း သူ့အကြောင်းကိုသိပ်[illegible]မစုံစမ်းတော့ဘူး၊ သူထွက်သွားမှ မသက်တစ်ယောက်တည်း ရုန်းကန်ခဲ့ရတယ်၊ ကံလိုက်တယ်ပြောမလားပဲ စီးပွါးတက်လာတယ်၊ ဒါကြောင့်အခုလိုနေနိုင်၊စားနိုင်တာပေါ့စိုး "

" သူထွက်သွားတာ ဘယ်လောက်ကြာပြီလဲ "

" ခြောက်နှစ်ကျော်သွားပြီ "

" ကဲ မင်းအလှည့်ပဲ အဲဒီကနေအဖြစ်အပျက်တွေကို မင်းပြောပြ၊ မင်းကိုကိုကြီးက လိပ်စာပေးတာဘာလို့တလွဲကြီးပေးလိုက်တာလဲ၊ သူ မသက်နောက်ကိုကော လိုက်လာဖြစ်ရဲ့လား"

မေမေ့မျက်နှာကို အခုထိဖျောက်မရဖြစ်နေဆဲပင်။ မသက်ကတော့ထိုနေ့ကအဖြစ်အပျက်များကို လုံးဝသိနိုင်မည်မဟုတ်ပေ။

" မသက်ဘယ်လိုရှာရပါ့မလဲ ၊ မေးလိုက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့လိပ်စာကို ပေးလိုက်တာ၊ ပြီးတော့အဲဒီလက်ရေးက ကိုကိုကြီး လက်ရေးမဟုတ်ဘူး၊ မေမေ့လက်ရေး၊ ဒီဟာတွေအားလုံးဟာ မေမေ့အကြံအစည်တွေပဲ "

" အော် ဒါကြောင့်ကိုး ... ပြောစမ်းပါဦး အဲဒီနေ့က ဘာတွေဖြစ်ကြကာတုန်း "

" ပြောမယ် မသက် ... ဘုရားကြီးကနေပြီး စိုးအိမ် ပြန်ရောက်တော့ မေမေကရိပ်မိသွားပုံရတယ်၊ စစ်ဆေးမေးမြန်းတော့ တာပဲ ၊ စိုးကလည်းလုံးဝမဖြေဘူး ... ဒီမှာပဲ ကိုကိုကြီးက စိုးခံနေရတာကို မနေနိုင်တော့ပဲ အကြောင်းစုံပြောပြလိုက်တယ်

မေမေအစီအစဉ်ဆွဲတော့ပေါ့၊ မနက်ကျရင်ဘူတာရုံသွားဖို့ ဒရိုင်ဘာကိုခေါ်တယ် ဘူတာရုံလာတာမေမေပါလာတယ်။ မသက်ကို ရန်ကုန်ရောက်ပြီး ဒုက္ခနဲ့တွေ့စေချင်လို့ပဲ ... ဒါမှလည်း မသက်က ရွာကိုမပြန်ရဲမှာကိုး။ ပြီးတော့ မသက်တစ်ယောက် လမ်းဘေးက ကလေကချေတစ်ယောက်နဲ့လိုက်ပြေးပြီဆိုတဲ့ သတင်းကိုလွှင့်လိုက်တယ် ဒါပဲမသက် ...

သူဖြစ်စေချင်တာတွေမဖြစ်ပဲ မသက်ကြီးပွါးချမ်းသာ နေတာကို မေမေတို့သာတွေ့ရင်တော့ သွေးတက်ပြီးသေမှာ မသက်ရ "

မေမေစီစဉ်ခဲ့ပုံများကို ပြောသာပြောနေရသည်။ မေမေ့





လုပ်ရပ်နှင့် ပတ်သက်ပြီးမသက်ကို အားနာနေရ၏။

" ဒီလိုပဲပေါ့ကွာ ဘဝဆိုတာ အလှည့်အပြောင်း အတက် အကျဆိုတာရှိကြတာပဲ သူတို့ဖြစ်စေချင်၊ပျက်စေချင်တိုင်း ဖြစ်ချင်မှ ဖြစ်မှာ၊ ပျက်ချင်မှပျက်မှာပေါ့ စိုး "

မသက်ကတော့ မေမေ့လုပ်ရပ်များအပေါ်အလွန်အမင်း ဒေါသထွက်ဟန်မပြပေ။ ကံတရားဟုသာ မသက်တွေးလေသလား မသိ။ အခုအချိန်မှာ မသက်အတွေးတို့သည် ရင့်ကျက်လို့နေပြီ။

"စိုးကဒီအိမ်ခေါ်လာမှ စိုးရိမ်သွားတာသိလား။ မသက်မှာ ယောကျ်ားရှိရင် စိုးတော့ မသက်ကိုလွတ်လွတ်လပ်လပ် မဆိုးရတော့ ဘူး လို့စိုးရိမ်သွားတာ"

"ရှိလဲဘာဖြစ်လဲကွာ။ စိုးကမသက်ရဲ့ စိုးပဲဟာ။ သူ မကျေနပ်ရင် လဲသေလိုက်ပေါ့"

မသက်ရော သူပါရယ်ဖြစ်ကြသည်။

ဒါပေမယ့် အချိန်တန်တော့ အိမ်ပြန်ဖို့အသိဝင်သူက သူပင် ဖြစ်သည်။

"စိုးပြန်မှဟင်တယ်"

"ကားယူသွားလေ"

ပြောပြီးမှ မသက်သတိရသွားသည်။

"ဟုတ်သားပဲ . . မသက်လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မသက်၏လက်မောင်းသားကို နွဲ့မှိုရင်းသူလိုက်လာခဲ့သည်။

ရှေ့တည့်တည့်မှ ဝင်လာသောသူကို သူ မမြင်လိုက်ပေ။

"ဒေါ်သက်ရေ ဒီမှာပိုက်ဆံတွေ"

သူရအောင်ဆိုသူပဲဖြစ်ရမည်။ ထိုအခါမှ မသက်ဆီမှ သူခွာလိုက်သည်။ သို့ပေမယ့် သူတို့နှစ်ယောက်လျှောက်လာသည်ကို အတန်ကြာအောင် သူရအောင်မြင်ခွင့်ရမှာ သေချာသလောက်ရှိသည်။

"အေး . . အေး"

မသက်ကပြုံးစလွယ်ပင်ဖြေလိုက်သည်။ စားပွဲပေါ်တင်ပေးသော ပိုက်ဆံများကို ဂရုမစိုက်သေးဘဲ သူနှင့်ထွက်လာခဲ့သည်။

သူရအောင်သည် သူ့ကို စူးစမ်းစွာကြည့်သည်။ သူရအောင်အကြည့်ကို သူဘဝင်မကျသော်လည်း သိပ်ပြီးဂရုမစိုက်လိုပေ။ သူ့ဘေးတွင် မသက်ရှိနေသရွေ့ ဘယ်အရာကိုမှ ဂရုစိုက်နိုင်အားမည် မထင်ပေ။

rrr





၅။

သူ့ဘဝသည် ကျောင်းစာများနှင့်ပင် အချိန်ကုန်ခဲ့သည်မှာ နောက်ဆုံးနှစ်တိုင်ခဲ့ပြီ။ အခုတော့ မသက်ရင်ငွေ့ကို ခိုလှုံရခြင်းကြောင့် စိတ်ကူးတို့တက်ကြွလာခဲ့သည်။ သူ့မျှော်လင့်ခြင်းတွေသည် အရင် ကထက် ပိုမိုသစ်လွင်လာခဲ့သည်။

ကျောင်းပိတ်သော စနေ၊ တနင်္ဂနွေရက်များသည် အရင်ကဆို အိမ်ထဲမှာ ကုပ်နေရင်ကုပ်နေမည်။ ဒါမှမဟုတ် အပျင်းပြေစေတို့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်နှစ်ကားသုံးကားဆက်တိုက် ကြည့်ရင်ကြည့်ဖြစ်သည်။

အခုတော့ မသက်သွားလေရာ အပါးမှာ သူနေရသည်။

သူ့အတွက် အထီးကျန်ခြင်းနှင့်တကွ ပျင်းရိခြောက်သွေ့ဖွယ် နာရီများကို မသက်ကြောင့် ချိုးဖျက်နိုင်ခဲ့ပြီ။

"စိုးရေ ကိုယ့်ဘဝမှာလေ မင်းနဲ့ဆက်ဆံရတဲ့ ကာလတွေလောက် စိတ်ချမ်းမြေ့ဖွယ်ဖြစ်စရာ မရှိတော့ဘူး ထင်ပါရဲ့ကွာ"

"ဘာကြောင့်လဲဆိုတာပြောပါဦး မသက်"

"ကိုယ်နဲ့ ဆက်ဆံဖူးတဲ့ ယောကျ်ားအများစုပေါ့ကွာ။ သူတို့ကိုယ့်ဆီချဉ်းကပ်ပုံဟာ သိသာလွန်းလှတယ်။ သူတို့ဘာကို လိုချင်နေတယ်ဆိုတာကို ကိုယ်ကကြိုကြိုပြီး သိသိနေတော့ မခက်လား"

"ဒါဆို . . စိုးဘာလိုချင်လဲ ဆိုတာကိုမသက်သိလား"

မသက်သည်သူ့ကို သေသေချာချာကြည့်သည်။

"ဘာလဲစိုး . . မင်းကိုယ့်ဆီကနေ ဘာလိုချင်လဲ"

"မသက်သိမှာပါ"

"ကိုယ်သိတာပေါ့။ သေးသေးကွေးကွေး ကောင်လေးက မသက်ကို ဆိုးနွဲ့မယ်။ ဖြစ်နိုင်ရင် မသက်ရင်ခွင်ထဲကနေပြီး မင်းပျော်နေမှာ မဟုတ်လား"

"ဒါပေမယ့်နော် စိုးလိုချင်တဲ့ ကြင်နာမှုနဲ့ နွေးထွေးမှုက





လွဲလို့ ကျန်တာတွေကို သိပ်မမက်မောဘူး မသက်"

"စိုးရေ"

"ပြောလေ မသက်"

"မင်းကယောကျ်ားတစ်ယောက်ဆိုပေမယ့် မသက်ရင်ခွင် မှာ တိုးခွေရုံကလွဲလို့ ဘာကိုမှ မတောင်းဆိုဘူးဆိုတာ မသက်သိ တယ်"

မသက်စကားကြောင့် သူပြုံးနေလိုက်သည်။

မသက်နှုတ်ခမ်း အစုံနှင့် ပေပြစ်မှုအားလုံးသည် တကယ်တော့ ယောကျ်ားတစ်ယောက်အတွက် တပ်မက်စရာတွေပါပဲ။ သူလည်း ယောကျ်ားတစ်ယောက်ပဲလေ။ ဒါပေမယ့် အဲဒီအာသီသတွေကို ရင်ငွေ့တွေက အနိုင်ပိုင်းခဲ့ပြီပဲ။ သူ့ရဲ့ အာသီသတွေဟာ လျှပ်တပြက် မျှဆိုရုံပဲ သက်တမ်းကုန်ခဲ့ရသည်လေ။

"မသက်လေ ယောကျ်ားအမျိုးမျိုးနဲ့ တွေ့ရတယ် . . တစ်ယောက်ဆိုရင် မသက်ကိုရဖို့ တဖက်သတ်မျှော်လင့်ပြီး သူ့မိသားစုကိုတောင် စွန့်ခွာလာတာတဲ့။ သူပြောတာရှိပါသေးတယ်။ မသက်ရဲ့ မျက်တောင်ကော့တွေအောက်မှာ သူနေရမယ်ဆိုရင် သူ့ဘဝ ဘာဖြစ်ဖြစ်ပါတဲ့ . . တကယ်တော့ သူပြောတဲ့ မျက်တောင်ကော့ တွေဆိုတာကို မသက်ကကြိုမြင်ပြီးသား နေတော့ ဘယ်မှာရင်ခုန် စရာ ကောင်းတော့မှာလဲ"

"ဒါဆို မသက်ဘဝကို တစ်ယောက်တည်းဖြတ်သန်းတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"မသက်အနားမှာ စိုးရှိနေပြီပဲကွယ်"

ထိုစကားကိုပြောတော့ မသက်သည် သူ့ဘယ်ဘက်လက်မောင်းကို နှဲ့မှီထား၏။

ဟံသာဝတီအပိုင်းသို့ရောက်ခါနီးသည်အထိ ငြိမ်သက်စွာ မသက်လိုက်ပါခဲ့သည်။

ကားပွဲစားတန်းသို့ ဝင်သောအခါမှ မသက်ပုံမှန်အနေအထား တိုင်းပြန်လည်သက်ဝင်လာသည်။

"အထဲမဝင်နဲ့တော့ စိုး . . မသက်ဆင်းပြီး ပွဲစားတွေကို ရှာဦးမယ် . . စိုးလွတ်တဲ့နေရာမှာရပ်စောင့်နေ"

သူ့အဖို့တော့ မသက်လုပ်ငန်းတွေကို သိပ်မိတ်ဝင်စားမှု မရှိပေမယ့် မသက်နှင့် နေရသည်ကို ပျော်သည်။

မသက်နားတွင်အမြဲနေချင်သည်။

မသက်သည်လည်း ထို့အတူဖြစ်ကောင်းဖြစ်မည်။

သူ့ဘဝတွင် မသက်လိုအပ်သလို မသက်ဘဝတွင်လည်းသူ လိုအပ်နေမည်။

ဤမျှထပ်တူကျသော အာသီသည် တကယ်တော့ သံယောဇဉ်၏ ထုထည်ကြီးမားမှုကို ပြသနေသည်လေ။

"ကားပွဲစားတန်းတစ်ခုလုံး ရှာတာအခုမှ ကြိုက်တဲ့ကား





တွေ့ပြီ မောင်ရင်"

"ဘာလဲဦးရဲ့"

"ဒီ ဗင်နက်ပြာလေးပေါ့"

"ဒါဆို ကျွန်တော်ရော ဦးလေးရောအဆင်ပြေမှာပါ . . ဒါ သက်သက်မိုး ကားပဲ"

အနားကပ်ပြီး ပြောဆိုသံများကြောင့် သူခေါင်းပြူကြည့်မိသည်။

"ဒါနဲ့ငါ့ညီ ဒီကားဘယ်လောက်ခေါ်လဲ"

"မရောင်းဘူးခင်ဗျ"

သူ့အဖြေကို ထိုလူက ကျေနပ်ဟန်မတူပေ။

"ဒါနဲ့တူမောင် ပြောတော့ အဆင်ပြေပြီဆို"

"သက်သက်မိုး ကော . ."

အခန်းဝိုင်းထဲကို ပြီးစလွယ်ပင် သူမေးငေါ့ပြလိုက်သည်။

"မင်းကိုမြင်တာ မကြာသေးပါဘူး . . ဒရိုင်ဘာလား၊ ကားရောင်းဖို့ မရောင်းဖို့ ကာယံရှင်ဆုံးဖြတ်ရမှာကွ၊ မင်းကိုခေါ်ဈေးမေးနေတာ"

အထက်စီးဆန်သောလေသံကြောင့် သူဒေါသဖြစ်ချင်သွားသည်။

"မရောင်းဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အချေအတင်ဖြစ်မှုကို ဘေးမှဦးလေးကြီးကကြောင်ကြည့်နေသည်။

"ကလေးကလဲကွာ ပြေပြေလည်လည် ပြောမှပေါ့ ဦးက ဒီကားလေးကို မြင်မြင်ချင်း သဘောကျလို့ပါ။ ကားလေးက အတိုက်ခိုက်ရှင်းတယ်။ ပြီးတော့ ဦးကအရောင်ကိုလည်း ကြိုက်နေလို့ကွဲ"

ဝယ်သူက ကားကိုအရမ်းလိုချင်နေတာသိသာနေ၏။ စောစောကသူ့ကို မခံချိမခံသာ ဖြစ်နေသော ပွဲစားသည် မသက်ကို မြင်သည်နှင့် အပြေးကြိုတော့၏။

သူနှင့် ဝယ်သူတို့အနားမရောက်ခင်မှာပင် မသက်နှင့် ခေါင်းချင်းရိုက်တော့သည်။ မသက်က လမ်းလျှောက်ပြီး ခပ်တွေတွေဖြစ်နေသည်။

"သက်သက်မိုး ဒီချာတိတ်ပြောတာနဲ့ ကျွန်တော်အမောဆို့သွားတာ။ အရင်ဈေးပဲလား၊ အတက်အကျရှိသေးလား"

သူတို့နားရောက်သည်အထိ မသက်စကားသံမထွက်သေးပေ။

မသက်က ကားတံခါးကို ခပ်ဆဆဖွင့်ရင်း ပွဲစားကို မေးလိုက်သည်။

"ကျွန်မချာတိတ်က ဒီကားနဲ့ပတ်သက်ပြီး ဘာပြောလို့လဲ"





"ချာတိတ်ကလား၊ မရောင်းဘူးလို့ အပြတ်ပြောလို့ဗျာ ကျွန်တော်ကော ဒီကဦးပါ စိတ်အိုက်နေကြတာ"

မသက်သည် ထိုသူနှစ်ဦးကို ကြည့်ရင်းကားထဲသို့ဝင်ထိုင်သည်။

"ဟုတ်တယ် ချာတိတ်ပြောတဲ့အတိုင်းပဲ ကျွန်မဒီကားကို ရောင်းမှာမဟုတ်ဘူး"

မသက်၏ ဆုံးဖြတ်ချက်စကားကြောင့် သူသည်အောင်မြင်သူ အလိုလိုဖြစ်သွား၏။

ပွဲစားသည်လည်း မသက်စကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ တူမရယ်၊ တူမဈေးခေါ်ကြည့်ပါ၊ ဦးလေးကကားကို ကြိုက်ခဲ့တာ၊ ကြိုက်မိပြီဆိုရင်ကြိုက်ဈေး ပေးဝယ်တတ်တာ"

ထိုလူကြီး၏ နောက်ဆုံးစကားတွင် အရာရှိကြီးတစ်ဦးဖြစ်ကြောင်းကိုပါထည့်သွင်း ပြောလိုက်သည်။

ပွဲစားသည်ချက်ခြင်း အသက်ဝင်လာပြီး မသက်ကို စကားနာထိုးတော့သည်။

"ဒီကဦးကိုလဲ အားနာဖို့ကောင်းပါတယ် သက်သက်မိုး ပြီးတော့ ဒီကားကို ကျွန်တော်ရှာပေးထားတာကိုတော့ သက်သက်မိုး



www.burmeseclassic.com

www.burmeseclassic.com



သိဖို့ကောင်းတယ်။ အရင်ပြောတဲ့ဈေးအတိုင်းပဲထားဦး သက်သက်မိုး အတွက်အများကြီးကျန်နေတာပဲ။ ဒီဦးကလဲကြိုက်ဈေးခေါ်ဖို့ပြော နေတဲ့ဥစ္စာ ဒီလောက် ဝွင်ကောင်းကိုများဗျာ"

"ကျွန်မပြောပြီးပြီပဲ။ ဒီကားကို ရှင်ရှာပေးတာ ဟုတ်တယ် ကျွန်မလဲကြိုက်ဈေးပေးတယ်၊ ပြီးကော့ရှင့်ဖို့လဲကျန်တယ်မဟုတ်လား အခုကျွန်မကားဖြစ်သွားပြီ၊ ကျွန်မရောင်းချင်မှရောင်းမှာပေါ့"

"မဟုတ်သေးဘူးလေ. . ဒါအခွင့်ရေးကောင်း"

"တော်ပြီ ကျွန်မတို့သွားစရာရှိသေးတယ်၊ ဒီတစ်ခါ လက်လွှတ်လိုက်လို့ ရှင့်အတွက် ကိစ္စမရှိဘူးဆိုတာ ကျွန်မ သိနေတာ ပဲ ရှင့်အတွက်အခွင့်ရေးကောင်းတွေက အချိန်မရွေးရှိနေနိုင်တာပဲ"

မသက်မျက်ရိပ်ပြမှုကြောင့် သူကားစက်နှိုးလိုက်သည်။

ထိုအခါမှဝယ်သူသည် ပျာပျာသလဲဖြင့်တောင်းပန်စကား ဆိုသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ တူမကြီး၊ ဈေးသာပြောပါ"

"ဦးကိုအားနာပါတယ်၊ ဒါပေမယ့် ကျွန်မဘက်က ဘယ်လို မှ မလိုက်လျောနိုင်တာကို ခွင့်လွှတ်ပါရှင်"

မသက်စကားဆုံးသည်နှင့် ထိုနေရာမှထွက်လာခဲ့သည်။ ပွဲစားနှင့်ဝယ်သူသည် တအံ့တသြ အထူးတဆန်းဖြင့် ကျန်ရစ်ခဲ့ကြ သည်။ သူတို့နောက်ကွယ်တွင် မဖွယ်မရာစကားများကို ပြောကောင်း





ပြော[illegible]လိမ့်မည်။

"ဟူး . . စိုးရေဒီလောက ကတော့ဒီလိုပဲကွ၊ ဒီလိုဂွင်မျိုး တွေများများတွေ့လေ ကိုယ်အတွက်ပိုကျန်လေကကော့ အမှန်ပဲ"

မသက်သည် ထိုအခွင့်အရေးတစ်ခု ဆုံးရှုံးမှုအတွက် စိတ်ထဲ မှာထင့်နေသည်လား မပြောဘတ်ပေ . .

ဒီအတွက်တော့ သူစိတ်မကောင်းဖြစ်သွားမိသည်။ သူ၏လို ချင်မှုကိုချက်ခြင်း ဆိုသလိုနှောင်ဟာရမိသွားသည်။ မသက်မျက်နှာ တစ်ချက်ညှိုးခြင်းသည် သူ့ရင်ကို အနှောက်ပေးသည်။

"စိုးလေ သူတို့ကို တုံးတိကြီးပြောချလိုက်မိတာ မှားသွား ပြီးလား မသိဘူး"

"ဘာဖြစ်လို့"

"မသက်အတွက် ဆုံးရှုံးမှုဖြစ်သွားလို့ပေါ့၊ ဒီလိုအခြေအနေ တွေကို စိုးမှ မသိခဲ့ဘဲ"

သူ့စကားကြောင့် မသက်သည်သူ့ကို ကြေကွဲစွာကြည့်သည်။

"စိုး . . ကားခဏရပ်ပေး"

မသက်စကားကို သူလိုက်နာလိုက်သည်။

သူလက်ကိုကိုင်ထားသော မသက်လက်ဖျားလေးများသည် တုန်ယင်မှုကိုပြနေ၏။

သူဘာများစကားမှားသွားသနည်း . . သူ့ကြောင့်ပင် မသက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမှုဖြစ်ရပြီ။

"စိုးဘာများပြောမိလို့လဲ"

သူ့အကြည့်နှင့်ပါမက စကားနှင့်ပါသူတောင်းပန်လိုက် သည်။ မသက်မျက်ဝန်းတွင် မျက်ရည်တို့ဝဲရစ်နေပါလား။

"မင်းမလို့ပြောရက်တယ် စိုး။မသက်ဘဝမှာ ငွေတွေဆုံးရှုံးသွားတာအရေးမကြီးဘူး သိလား"

သူရောယောင်ပြီးခေါင်းညိမ့်ပြမိသည်။

"မင်းရဲ့လိုချင်မှု တစ်ခုကို မသက်ငွေနဲ့လဲမယ် ထင်သလား ဒီကားကို မင်းအတွက်လို့ မသက်ရည်ရွယ်ပြီးသား စိုး"

စကားဆုံးသွားသောအခါ မသက်မျက်ဝန်းတွင် မျက်ရည်တို့ သိပ်ရှိမနေတော့ပေ။ သူ့အနက်ကောက်လွဲခဲ့လို့သာ မသက်ဝမ်းနည်းမှုဖြစ်ရသည်ပဲ။

"စိုးလေ"

"ပြောလေစိုး"

သူအသံမဲ့စွာ မသက်ကိုကြည့်နေမိသည်။

"ဒီကောင်လေးကကျွာ ပြောပါဆို မပြောဘူးကဲ"

မသက်သည် သူ့ပါးပြင်ကို လျှပ်တပြက်တွင်းမှာ ဆွဲလိမ်လိုက်သည်။ သူ့ရင်ထဲတွင် နွေးထွေးမှုများစွာ ဖြစ်ရသည်။

သူအရမ်းဝမ်းသာသွားပြီ။





ကားကိုအရှိန်ပြင်းစွာ မောင်းထွက်လိုက်သည်။

"စိုး . . မင်းပြောစရာရှိတာပြော။ ကားကိုလဲအရှိန်လျှော့ဦး စိုး"

သူသည်လီဘာကို ဖိ၍သာနင်းနေမိသည်။ စောစောက ဝမ်းနည်းမှုတွေ ဘယ်ရောက်ကုန်သည်မသိ။

"စိုးရယ် အရှိန်လျှော့ပါဦး"

နွဲ့လျသောလေသံနှင့် အတူမှိုနိုက်မှုကြောင့် သူတကိုယ်လုံး နုံးခွေသွားလေပြီလား မပြောတတ်ပေ။

သူအသိပြန်ဝင်ချိန်မှာတော့ ကားအရှိန်သည် ပုံမှန်အတိုင်း ပြန်ဖြစ်နေ၏။

"စောစောက မင်းဘာဖြစ်သွားတာလဲစိုး"

"စိတ်ရူးပေါက်သွားတာ"

"ကဲ လူဆိုးလေး"

ဒီတစ်ခါတော့ သူစိတ်ရူးမပေါက်တော့ပေ။ မသက်ရော သူပါပျော်ရွှင်စွာဖြင့် စားသောက်ဆိုင်တစ်ခုသို့ ဝင်ခဲ့ကြသည်။ မသက်လည်း သူပြောမည့် စကားကို မပေးတော့ချေ။ သူကလည်း ပြောဖို့သတိမရတော့။

တကယ်တော့ မသက်နှင့်သူ့အကြားတွင် ဘယ်စကားမှ မလိုအပ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုးပေါက်ခြင်းမျိုးသည် တစ်ခါတရံတွင် ဖြစ်တတ်ရုံမှလွဲ၍ သံယောဇဉ်နှင့် နွေးထွေးမှုတွေသာ လိုအပ်ဆုံးပဲလေ။

ဒါတွေကို ထုတ်ဖော်ပြောဆိုကြဖို့ လိုအပ်ပါလေစ။

ΓΓΓ





၆။

သူအိမ်သို့ရောက်သွားချိန်မှာတော့ မေမေနှင့် ညီမလေးတို့ ကိစ္စတစ်ခုခုကို ခေါင်းချင်းရိုက်တိုင်ပင်နေကြ၏။

သူ့ကိုမြင်တော့ စကားကို ခဏရပ်ထားသည်။ သူလိပ်ပြာမလုံဖြစ်သွားပြီး မသိမသာ အခြေနေကို အကဲခတ်လိုက်သည်။ ချက်ခြင်းဆိုသလို ဆက်လက်ဆွေးနွေး နေကြခြင်းကြောင့် သူ့အကြောင်းနှင့် မပတ်သက်မှန်း သိသာသွား၏။ ဖေဖေပါ စကားဝိုင်းထဲတွင်ဝင်လာ၏။

"ဒုက္ခပါပဲ . . ဒီလိုဆိုတော့ ဦးအောင်ဒင်ရဲ့သား မင်္ဂလာဆောင်ကို အဌားကားနဲ့ပဲ သွားရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ စီးပွားကျသွားတာကို လုပ်ဖေါ်ကိုင်ဖက်တွေ ရှေ့မှာ ချပြသလို ဖြစ်တော့မှာပဲ"

"မေမေကလည်း ဒီတိုင်းမလုပ်လို့ ဘယ်လိုကြံချင်သေးလို့ လဲ"

"အေးလေ . . ဒီတိုင်းပဲဆိုရင်ဇော်မှ TRADER မှာဆိုတော့ လက်ဖွဲ့ဖို့ရယ်၊ အဝတ်စားဖိုးရယ်၊ ကားခနဲ့ပါဆိုရင် တော်တော်ထိ မှာပဲ"

အကျီလဲရင်းက သူနားထောင်နေမိသည်။

ချက်ခြင်းဆိုသလို ဇကာ နက်ပြာရောင်လေး သူ့အတွေးထဲ ဝင်လာသည်။

ကြယ်သီးစုံအောင်တပ်ပြီးသောအခါ မေမေတို့ရှိရာ ကိုထွက် လာသည်။

"ညီမလေးတို့ကားအတွက်ပူမနေနဲ့၊ သူငယ်ချင်းတစ် ယောက် ဆီကရမယ်မေမေ။ စိုးကိုယ်တိုင် မောင်းပို့ပေးမယ်"

သူ့စကားကြောင့် အားလုံးအံ့အားသင့်သွားကြ၏။ သူ့အစွမ်း အစကို အိမ်သားတွေက ဒီလောက်တောင် အယုံအကြည်ရှိကြသည်။

"ဆရာရဲ့လားစိုး၊ အနီးကပ်မှ တလွဲဖြစ်နေဦးမယ်"

"မေမေတို့ မင်္ဂလာဆောင်က ဘယ်နေ့လဲ"

"လာမဲ့ တနင်္ဂနွေ"





"စိတ်ချနေပါ၊ စိုးကတိပေးမယ်။ စနေနေ့ညကတည်းက အိမ်မှာကားကို ယူထားမှာ"

"ကားကဘာကားလဲ ကိုလေး"

"ရှုပါရ (ဖ)"

"နံပါတ်ကကောသား"

"ဇကာ"

သူ့အဖြေကို မေမေကျေနပ်သွားပုံရသည်။

"ငါ့သမီးလေးကို အလှဆုံးဖြစ်အောင်ပြင်ပေးဖို့ပဲ ကျန် တော့တယ်"

သူ့ကိုတော့ မေမေနှင့် ဖေဖေက ဘာတစ်ခုမှ ထည့်တွက်ပုံ မရပေ။ ညီမလေးမျိုးမျိုးဟန်ကိုသာ အစွမ်းကုန်ပွဲထုတ်ရေး အတွက် အစီစဉ်တွေဆွဲနေကြပြန်သည်။

နေစမ်းပါစေ . .

မင်္ဂလာဆောင်နေ့ကျမှ မသက်ဆင်ပေးထားသော အဝတ် စားများဖြင့် သားနားအောင်ပြင်ဆင်ပြလိုက်မည်။

r r r



www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုလေးနှင့် အတူကားမောင်းရသည်မှာ ဇိမ်ရှိလှသည်။ အခုနေမှာသာ 'ဒီကားကမသက်ကား' ဟုပြောလိုက်ပါက မေမေအရင်ဆုံးသွေးတက်မှာ သေချာသည်။

သမတရုံးရှေ့မှ ကားဖြတ်သည်နှင့် သူ့ကို မျိုးမျိုးဟန်က ရှိုးမွမ်းစကားပြော၏။

"ကိုလေးက ဒီနေ့အပြတ်သားနားနေပါလား၊ ကိုလေး သူငယ်ချင်းရဲ့ အဝတ်စားတွေက အပျံစားတွေချည်းပဲ"

မျိုးမျိုးဟန်စကားကို ဘာမှပြန်မပြောပဲ ပြုံး၍သာနေလိုက်သည်။

ခန်းမထဲကို သူတို့ရောက်တော့ တေးဂီတအဖွဲ့က စတင်ဖြေဖျော်နေပြီ။

သူတို့မိသားစုကို မြင်သည်နှင့် အနီးစားပွဲများမှ ဖေဖေနှင့် မေမေတို့ကို နှုတ်ဆက်သံများထွက်လာသည်။

"ဦးစိုးဟန်တို့ကို မတွေ့ရတာ တော်တော်ကြာပြီနော်"

ဘေးစားပွဲက လူတစ်ယောက်ထလာပြီးနှုတ်ဆက်သည်။

"ဒါ သားနဲ့သမီးလေ"

ဖေဖေက မိတ်ဆက်စကားပြောပြီး ထိုလူကြီးနှင့် စကားကောင်းနေတော့သည်။

"မျိုးလေး . . နင့်ကိုတော့ ငနာကောင်တွေအပြတ်ငမ်း





နေကြတယ်။ ငါ့ကိုရော ဘယ်ကောင်မလေးတွေ ကြည့်နေသလဲ ဆိုတာပြောဦး"

"သူ့လိုမိန်းမလျှာကို ကြည့်ပါလိမ့်မယ် အားကြီး"

မျိုးမျိုးဟန်စကားကြောင့် သူအခံရခက်သွားသည်။ ညီမဖြစ်သူကို မြှောက်ပင့်ပြီး ပြောတာတောင် စကားကောင်းလေးပြန်မပြောဖေါ်မရပေ။ သူ့ကို အိမ်သားတွေက ဒီလောက်တောင် နေရာပေးကြသည်ပဲ။

မင်္ဂလာအခမ်းနားပြီးဆုံးသည်အထိ ဖေဖေနှင့် မေမေတို့ ပျော်နေကြသည်။

မိတ်ဟောင်းဆွေဟောင်းများနှင့် ဆုံရ၍လည်းကောင်း သမီးဖြစ်သူ မျိုးမျိုးဟန်ကို ပွဲထုတ်လိုက်ရ၍လည်းကောင်း ကျေနပ်နေကြသည်။

သူကတော့ ဒီပွဲနှင့်ဘာမှ သက်ဆိုင်မှုမရှိပေ။

အားလုံးသည် အသီးသီးပင် ပြန်ထွက်သွားကြသော်လည်း ဖေဖေနှင့် စောစောကလူကြီးမှာ စကားမပြတ်နိုင်ကြသေးပေ။

ကားနားမရောက်သည်အထိ စောစောကလူကြီး၏ မိသားစုက ကပ်ပါလာ၏။

"ဒါ ခင်ဗျားကားလားကိုစိုးဟန်၊ ပြီးခဲ့တဲ့အပတ်တုန်းက ပွဲစားတန်းမှာ ကျွန်တော်မရမက ဝယ်တာ မရောင်းလိုက်တဲ့ကားပဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဘယ်လို ဝယ်လို့ရသွားတာလဲ"

သွားပြီ . .

စာစောကတည်းက ဒီလူကြီးကို မြင်ဖူးသလိုလိုရှိသည်ဟု အထင်သား . .

ကမန်းကတန်းဆိုသလိုပင် ကားထဲသူဝင်ထိုင် နေလိုက်သည်။

ဖေဖေနှင့် မေမေတို့က ဘာပြန်ပြောသည်။ ဟိုလူကြီးက ဘာတွေပြောသည်ကို သူဆက်နားမထောင်တော့ဘဲ ကက်ဆက်ကို ဖွင့်လိုက်သည်။

လူကြီးက ကားဆီလက်ညှိုးထိုးလိုက်၊ စကားတွေပြောလိုက်နှင့် အလုပ်ရှုပ်နေသည်။

ဒုက္ခပါပဲ၊ လူကြီးက သူ့ဆီလိုက်လာပါလား။

ကားထဲကို အသေချာကြည့်ပြီး ပြောလိုက်သည်။

"သေချာတယ် ကိုစိုးဟန်"

မသိသလိုဖြင့်နေကာ မျက်နှာလွှဲနေလိုက်သည်။

ဆူးလေဘုရားကို ပတ်သည်နှင့် ဇာတ်လမ်းက စတော့သည်။

မေမေက သူ့ကို အကဲခတ်ရင်းက မေးခွန်းထုတ်လိုက်သည်။

"ဒီကားပိုင်ရှင်က မိန်းမ မဟုတ်လားစိုး"

"မဟုတ်တာမေမေရာ၊ ဒါ စိုးသူငယ်ချင်းကားပါ"





"မင်းမလိမ်နဲ့စိုး။ မင်းကိုဖေဖေ့သူငယ်ချင်းက မှတ်မိနေတယ်။ ဒီကားက ကားဝယ်ရောင်းနေတဲ့ မိန်းမတစ်ယောက်ရဲ့ကားဆို။ ဖေဖေ့သူငယ်ချင်းက ပြောတာရှိသေးတယ်။ အဲဒီမိန်းမနဲ့ မင်းနဲ့က ခပ်ရှုပ်ရှုပ်ဖြစ်နေတယ်ဆို"

"မဟုတ်နိုင်တာဖေဖေရာ၊ သူလူမှားတာဖြစ်မှာပေါ့ . . ဒါ နိုင်ထက်တို့ကားမှ နိုင်ထက်တို့ကား"

ပါးစပ်ထဲတွင် ရှိနေသော နံမည်တစ်ခုကို သူပြောလိုက်သည်။

"ဟိုကလူမှားပြီး ပြောတာဖြစ်မှာပါ ကိုစိုးဟန်ရယ်"

"ဖေဖေကလဲ ဒီအခြောက်ကို သွားပြီးအထင်ကြီးနေရသေးတယ်"

မျိုးမျိုးဟန်၏ စကားကဒီတစ်ခါတော့ သူ့အတွက် အကာအကွယ် ရသွားသည်။ ဖေဖေထံမှ စကားသံထွက်မလာတော့ပေ။

သူကတော့ ရန်စွန်မပြေချင်သေးပေ။

ဒီအဖြစ်အပျက်တွေကို မသက်သိပါက အူလိုမ့်ပြီး ရယ်မောနေပေလိမ့်မည်။

r r r



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းကုန်စင်ပြောနေချိန်မှာတော့ မသက်စိတ်ဝင်တစားနားထောင်သည်။ သူစကားဆုံးသွားသောအခါ မသက်ရယ်တော့သည်။

"ဘာလဲ မင်းအကျပ်ရိုက်သွားပေါ့၊ မသက်ကားပါလို့ ပြောလိုက်ရင်ပြီးရောကွာ"

"ဘာဖြစ်လို့ မလိုအပ်ဘဲ ပြောရမှာလဲ မသက်ရာ၊ မသက်နဲ့ စိုးတို့အတွက် မလိုလားအပ်တဲ့ တားဆီးမှုတွေ ဖြစ်လာရုံကလွဲလို့ ဘာထူးမှာ မုတ်လို့လဲ၊ လူတွေကတော့ စိုးနဲ့မသက်တို့ကို ဘယ်လောက်တောင်ပြောနေကြမလဲ မသိဘူးနော်"

"ပတ်ဝန်းကျင်ဆိုတာ ဒီအတိုင်းပဲစိုး။ သူတို့အမြင်မှာ တစ်မျိုးဖြစ်တာနဲ့ ဝေဖန်ချင်ကြတာ။ ဝေဖန်တာ မဟုတ်ပါဘူးကွာ၊ တကယ်တော့ ပုံကြီးချဲ့ပြီး အပုပ်ချစကားပြောကြတာပါ။ ဒီလိုလူမျိုးတွေများလာတာနဲ့အမျှ လူမှုဝန်းကျင်မှာ တရားမျှတမှုဆိုတာ မရှိတော့ဘူး ဖြစ်လာမှာ"

သူနှင့်မသက်တို့၏ စကားဝိုင်းအနီးသို့ သူရအောင်ရောက်လာသောအခါ မသက်စကားပြောခြင်းကို ရပ်ဆိုင်းလိုက်သည်။

"ဘာကိစ္စလဲ သူရအောင်"

"ဗင်နက်ပြာလေးကိစ္စပါ။ ဒီကားကိုကျွန်တော်ဒီနေ့ ထုတ်လိုက်မလို့"





သူရအောင်စကားကြောင့် မသက်မျက်မှောင်ကျုံ့သွားရသည်။

"ဒီကားကို ငါဒီလောက်ကြာကြာစီးနေ... ...ကြောင်းရှိတယ် သူရအောင်၊ ဒီကားကိုငါဘယ်တော့မှ မရောင်းဘူး။ ဘယ်လောက်လာပေးပေး၊ ဘယ်လောက်မြတ်မြတ် ငါရောင်းမှာ မဟုတ်ဘူး"

"ကျွန်တော်နည်းနည်းပြောပါရစေ ဒေါ်သက်၊ လေးလေးနဲ့ ပတ်သက်ပြီးမှ ကျွန်တော် ဒေါ်သက်ဆီရောက်လာတဲ့သူပါ။ အခုကိစ္စကလည်း . . ."

သူရအောင်စကားမဆုံးခင်မှာပင် မသက်လေသံမြင့်ပြီး ပြောလိုက်သည်။

"နေစမ်းပါဦး သူရအောင်၊ အလုပ်ကိစ္စနဲ့ မင်းလေးလေးက ဘာပတ်သက်နေလို့တုန်း"

"လေးလေးဟာ ဒေါ်သက်ရဲ့ယောကျ်ားပါ"

ထိုစကားကိုပြောသောအခါ သူရအောင်၏ အကြည့်က သူ့ဆီရောက်နေ၏။

"တော်စမ်းသူရအောင်၊ ဒါတွေမင်းပြောမှမဟုတ်ဘူး၊ 'တင်နိုင်အောင်ဟာ ငါ့ယောကျ်ားဖြစ်ခဲ့တယ် ဆိုတာကို လူတိုင်းသိတယ် အခုမင်းအလုပ်အကြောင်း ပြောနေတာမဟုတ်လား၊ မင်းဟာငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား။ ဒီတော့ ငါ့ရဲ့ခွင့်ပြုချက်မရဘဲ မင်းဘာမှလုပ်စရာမလိုသလို ဘာမှနွားရှေ့ထွန်ကျူးတဲ့ စကားတွေလာပြောစရာမလိုဘူး ငါခိုင်းရင်လုပ်၊ မခိုင်းရင်မလုပ်ရုံဘဲရှိမယ်။ ဒါပဲ . . သွားတော့ သူရအောင်"

မသက်စကားကြောင့်ပင် သူရအောင် အောင့်သက်သက်ဖြစ်သွားပုံရသည်။

ဖြစ်ပျက်ပုံကိုကြည့်ပြီး သူသက်ပြင်းချမိသည်။

"စိတ်ပျက်သွားလားစိုး။ မသက်ပြောပြီးပါရောလား။ တစ်ဖက်လူ နှစ်နာမဲ့ကိစ္စမျိုး၊ စကားမျိုးကိုမှ ပြောချင်ကဲ့ ဝန်းကျင်မှာ စိုးနဲ့မသက်တို့ဟာ သူတို့ရဲ့ခံတွင်းတွေစရာဖြစ်နေမှာပဲ ကိုး . . "

ဘာပဲပြောပြော . .

သူရအောင်ပြောသွားသော စကားများသည် သူ့ကိုတိုက်ရိုက်ရည်ညွှန်းနေ၏။





# ၇။

မိုးသားကင်းစင်သော ကောင်းကင်နောက်ခံနှင့် မသက်ခန္ဓာကိုယ်လှုပ်ရှားမှုကို ပထမဆုံးအကြိမ် သူတွဲပြီးမြင်တွေ့ရသောအခါ ရင်ခုန်ချင်စရာဖြစ်သွားရ၏။

ပထမဆုံးအကြိမ်ပေါ်လာသော စိတ်အရိုင်းကို သူကိုယ်တိုင်ပင် အလိုလိုက်ချင်သလိုဖြစ်သွားသည်။

ဆံစများလေတိုး၍ လူးလွန့်နေပုံ . .

ဆေးသားတို့ဖြင့် ဝင်းစိုသော နှုတ်ခမ်းအစုံ၏ ဂီတတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ကို မငြိမ်သက်အောင်ပြုနေ၏။

"ဟော့ စိုး၊ ကြည့်လှချည်လားကွာ၊ မင်းမျက်လုံးတွေကို လျှော်ကြေး တောင်းရတော့မယ်နော်"

မသက်ကိုကြည့်ကောင်းကောင်းနှင့် သူဆက်ကြည့်နေမိသည်။

"လာလေစိုး၊ ကိုယ်တို့နှစ်ယောက်အတွက် အဝတ်စားတွေ သွားရွေးရအောင်"

ဗိုလ်ချုပ်ဈေးသို့ သူတို့နှစ်ယောက်ရောက်ခဲ့သည်မှာ အခုတစ်ကြိမ်တည်းမဟုတ် . .

သူ့လက်ကိုဆွဲလာသော မသက်လက်ဖျားလေးကို သူဆုပ်ကိုင်လိုက်သည်။ သူပြုမူပုံကို မသက်ကမငြင်းဆိုပေ။

သူ့ရင်တွေက ပုံမှန်မဟုတ်ပေမယ့် မသက်ကတော့ အရင်အတိုင်းပင်ကိုယ်ဟန်ကျော့ရှင်းစွာဖြင့် လျှောက်နေဆဲဖြစ်၏။

"ဒုက္ခပါပဲ"

သူ့ကိုစိုက်ကြည့်နေသော မျက်လုံးအစုံကြောင့် နှုတ်မှ ရေရွတ်မိသည်။

"စိုး ဘာဖြစ်တာလဲဟင်"

"ဟိုမှာ"

မသက်မြင်လိုက်ချိန်မှာတော့ မေမေနှင့် မျိုးမျိုးဟန်တို့က





ရှေ့သို့ ရောက်နေပြီးသားဖြစ်နေ၏။

"မမအိ"

"အေး ဟုတ်တယ်၊ စိုးဆိုတဲ့ အကောင်ကလူ့ငနွားမှ ငနွားအစစ်ပဲ"

"မမအိရယ် လူလယ်ခေါင်ကြီးမှာပါ၊ ပြီးတော့လေ မသက်လေ မမအိကို . ."

"တော်ပါ ညည်းဘာဏ်အကုန်ပဲလား . . ငါ့ရဲ့သားတစ်ယောက်ကို ဒုက္ခပေးပြီးပြီ အခုလဲလာပြန်ပြီ"

"မေမေ"

"တော် စိုး . . မင်းကိုယ်မင်း ပြန်စဉ်းစား"

"မဟုတ်သေးဘူး မမအိရယ်၊ မမအိတို့ အပေါ်မသက်ကျေးဇူးဆပ်စရာတွေ ရှိပါသေးတယ်။ ပြီးတော့လေ အခုချိန်မျိုးမှာ မမအိတို့အပေါ် ကူညီချင်တာနဲ့ စိုးကို"

"ဘာ . . ညည်းဘာပြောတယ် ငါတို့က အခုချိန်မှာလဲ ဘာမှမဖြစ်ဘူး၊ နောင်တုန်းကလဲ ဘာမှမဖြစ်ဘူး။ ဒီမှာ မိရွှေသက် ညည်းမှတ်ထားဖို့က ကျုပ်တို့ကအမြဲတမ်းထောင်မတ် နေလျက်ပဲ ဘယ်သူ့အောက်မှ ကျို့စရာအကြောင်းမရှိဘူး . . လာသမီးသွားကြမယ်"

"ဟုတ်တယ် . . ကိုလေးက မိန်းမထမီနား ခိုစားချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက်ပဲ"

မေမေတို့၏ စကားများကြောင့် လူအနည်းငယ်အာရုံမိုက်စရာဖြစ်သွားသည်။

"စိုး ကိုယ်တို့လည်း သွားရအောင်"

မူလအစီစဉ်ကို ဖျက်ပြီး ကားဆီသို့သူကို မသက်ခေါ်ဆောင်သွားသည်။ ကားကို မသက်ကိုယ်တိုင်ပင် မောင်းနှင်၏။

၊ ၊ ၊

သူ၏ စိတ်လှုပ်ရှားမှုတွေကြောင့်ပင် ခံစားနေရသော အိုက်စပ်စပ် အရသာကို လေအေးစက်က ငြိမ်းအေးအောင် မစွမ်းဆောင်နိုင် ရှာပေ။

မသက်ကတော့ သူ့အနားတွင်ရှိနေ၏။

"စိုး မင်းစိတ်လှုပ်ရှားနေလား"

"မေမေကို ကြောက်သွားတာ"

သူ့စကားကြောင့် မသက်ထိုင်ရာမှထလာသည်။

သူ့နောက်ဆီသို့ မသက်ရောက်လာသည်။ မသက်၏





သက်ပြင်းသည်သူ့ဆံစများကိုလာရောက်ထိခိုက်သည်။

"မသက်တို့ခွဲရဦးမလား မသိဘူး"

ဒီစကားကြားတော့ သူလန့်ဖြန့်သွားသည်။

မသက်မျက်နှာကို သူစေ့စေ့ကြည့်သည်။ မျက်ဝန်းအစုံတွင်လည်းကောင်း၊ နှုတ်ခမ်းလွှာတို့တွင်လည်းကောင်း ဝမ်းနည်းမှုတို့တွဲခိုနေ၏။

"ဒါတော့ မဖြစ်နိုင်ဘူး မသက်"

"ဒါနဲ့ စိုးကမမအိကို ကြောက်တယ်ဆို . . မမအိကသေရှာပေါက်စိုးကို ဟန့်တားမှာပဲ"

သူခေါင်းခါရမ်းလိုက်သည်။

သူတွေဝေမှုပြပြီးမှ စကားပြောလိုက်သည်။ ဒီစကားကတကယ့်ကို ရင်မှလာသောစကား၊ ထိုစကားကြောင့်ပင် မသက်မျက်နှာသည် ပြန်လည်ရွှင်ပျလာ၏။

"စိုး . . သူတို့ဟန့်တားမှုကို လုံးဝလက်ခံမှာမဟုတ်ဘူး မသက်"

"ဒါမှ စိုးကွ . . မသက်လေ ဒီလို စိုးပြောပါ့မလားမို့ ...းရိမ်နေတာ"

"တစ်ခုတော့ရှိတယ်မသက်။ စိုးဒီညတော့ အိမ်မပြန်ချင် ...ဘူး၊ သူတို့စိုးကို ပြောစရာတွေနဲ့ စောင့်နေမှုကို စိုးရင်မဆိုင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကောင်းတယ် စိုး"

မသက်ရောသူပါ တွေပြီး စိုက်ကြည့်ဖြစ်ကြသည်။ လောလောဆယ်မှာတော့ အိမ်သားတွေနှင့်ရင်ဆိုင်ချင် စိတ်မရှိသေးပေ။

အခုလောက်ဆို ... မေမေတစ်ယောက်ဒေါသူပုန်ထနေလောက်နေပြီထင်၏။

rrr

အိမ်ထဲသို့ဝင်ဝင်ခြင်းမှာပင် ဖေဖေမျက်နှာသည် ရုတ်ခြည်းပြောင်းလဲမှုဖြစ်သွားသည်ကို သူတွေ့လိုက်သည်။

ဖေဖေရှေ့မှာဖြတ်ကျော်ခါနီးတွင် သူမျှော်လင့်ထားသလိုပြင်းထန်သောစကားလုံးများဖြင့် သူ့ကိုတိုက်ခိုက်တော့သည်။

"ဘာလဲ မင်းကိုပညာသင်ပေးထားသော ဒီလိုမိန်းမပေါ တစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေဖို့ မဟုတ်ဘူးကွ"

"ဘယ်ကမိန်းမပေါ့လဲ၊ ပြီးတော့ဘယ်သူနဲ့ညားနေလို့လဲ ဖေဖေ"





ရုတ်တရက်ပြန်လည်ထိုးနှက်ခြင်းကို ခံရသောအခါ ဖေဖေကြက်သေသေသွားခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ သူ့အခုလို ပြန်လှန်ပြောလေ့ပြောထ မရှိပေ။ ဒီတစ်ခါတော့ သူ့တို့စကားတွေ သည် များစွာထိနိုက်လွန်းစေ၍ဖြစ်သည်။

"မင်းကတယ်ဟုတ်ပါလား . . အိမ်နဲ့သမီးရေ ဒီမှာစိုး တစ်ယောက်က ဖေဖေကိုတောင်ပြန်ပြောတတ်နေပြီ"

ခဏအတွင်းမှာပင် ဖေဖေအတွက် စစ်ကူများရောက်ရှိလာခဲ့သည်။ မေမေနှင့် မျိုးမျိုးဟန်တို့ မျက်နှာတွင် ဒေါသရိပ်များလွှမ်းကဲ နေကြသည်။

"မင်းလာစိုး သတ္တိတွေရှိနေလိုက်တာ"

သူဘာမှခွန်းတုန့်ပြန်ခြင်းမရှိတော့ပေ။

"မင်းကိုကိုကြီးဆီလဲ အကြောင်းစုံ ဖုန်းဆက်ပြောပြီးပြီ ကိုကိုကြီးက ဒီကိစ္စကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ ပြောတယ်"

"ကိုလေးညတုန်းက ဘာလို့ပြန်မအိပ်တာလဲ"

မျိုးမျိုးဟန်စကားကို သူဖြေဆိုရန် လိုမည်မထင်ပေ။

သူစကားမပြောသောအခါ အားလုံးက ပိုဒေါသဖြစ်ကြပြန်သည်။

"ဒီမှာစိုး မင်းလုပ်ချင်ရာလုပ်ပြီး အိမ်ပေါ်ပြန်တက်လို့ မရဘူး စိုး"



www.burmeseclassic.com

www.burmeseclassic.com



"စိုး မင်းကိုအပြတ်ပြောမယ်ကွာ၊ဒီမိန်းမနဲ့ ဆက်ဆံတာကို မင်းဖြတ်မလား"

"ဟုတ်တယ်ကိုလေး၊ ကိုလေးကတိပေး"

"မဖြတ်ဘူး၊လုံးဝမဖြတ်ဘူး"

"ဒါဆို မေမေတို့ကို ဖြတ်ရလိမ့်မယ်"

မေမေမျက်နှာကိုကြည့်သည်။ ဒေါသရိပ်တို့သည် လုံးဝ ပြေလျော့သွားခြင်းမရှိသေးပေ။

"ပြောမနေနဲ့အိ၊ မိန်းမ ပျက် တစ်ယောက်ရဲ့ မာယာကွင်းမှာ သက်ဆင်းနေမှတော့ တို့စကားတွေဟာ အလကားပေါ့"

ဖေဖေကိုကြည့်ကာ သူ့အံကြိတ်မိပြီးသား ဖြစ်သွား၏။ ဒီစကားအတွက်တော့ သူ ချေပသင့်သည်။

"ဒီမှာဖေဖေ မသက်ဟာမိန်းမပျက်မဟုတ်ဘူး၊ အခုချိန်ထိ မိန်းမကောင်းတစ်ယောက်ပဲ၊ဖေဖေတို့သာဝိုင်းပြီးလေလွင့်ပျက်စီးမဲ့ မိန်းမဖြစ်အောင်လုပ်ကြတာ။ ဒီကိစ္စမှာမေမေတာဝန်အရှိဆုံးပဲ"

"ဘာပြောတယ်၊ ကဲကွာ"

သူ့ပါးပြင်ပေါ်သို့အရှိန်ဖြင့်ကျလာသောရိုက်ချက်ကြောင့်





နောက်လှန်သွားရသည်။

"သွားမင်းအခုအိမ်ပေါ်ကဆင်း၊ မင်းကိုတို့ မိသားစုက အမွေပြတ် ကြေငြာမယ်"

သူဘာကိုမှ လှည့်မကြည့်ဖြစ်တော့ပေ။ နာကျင်မှုကိုလည်း ဂရုမထား၊ မျက်ရည်များကျ မိလေသလားတောင် အမှတ်မထား နိုင်တော့ပေ။

ɪɪɪ



www.burmeseclassic.com

www.burmeseclassic.com



၈။

သူပါးပြင်ပေါ်မှ ဒါဏ်ရာကို ကိုင်တွယ်ကြည့်ရင်း မသက် မျက်ရည်ဝဲပြန်သည်။ သူအတွက် နာကျင်မှုထက် ကိုယ်ချင်းမစာ တတ်သူတို့၏ မျက်နှာကိုသာ မြင်ယောင်နေမိသည်။

"ဆေးလိမ်းမှ ဖြစ်မယ်"

ပြောပြောဆိုဆိုပင် မသက်နေရာမှ ထသွားသည်။

သူ့အတွက်အိမ်ပေါ်မှ ဆင်းလာခြင်းသည် အထူးတလည် ကိစ္စမဟုတ်၊ သူမရှိရင်လည်း အိမ်တွင် သိပ်ထူးထူးခြားခြားဖြစ်မည်





မထင်။ ခါတ်မသိသူများကပင် သူ့အားမွေးစားထားသည်လားဟု ယုံမှားသံသယဖြစ်ကြ၏။

"ဒါဏ်ရာက မကြာခင်ပျောက်သွားမှာပါကွာ"

ဆေးဝါးလိမ်းပြီးသောအခါ နှစ်သိမ့်စကား မသက်ဆိုသည်။

"မသက်ကရော စိုးကို လက်ခံမှာလား"

"ဘာပြောတယ် စိုး"

"မသိဘူးလေ . . မသက်ကပါစိုးကို နှင်ချမလားလို့"

"စိုးရယ် မသက်ဘဝမှာ ဒီလိုတစ်ယောက်တည်း ဖြတ်သန်း ခဲ့ရတာများပြီ အခုစိုး မသက်အနားမှာ အမြဲရှိတော့ မသက်ဘာမှ မလိုတော့ဘူး . . သိလားစိုး"

ဒီတစ်ကြိမ်တော့ နူးညံ့သော လက်မောင်းနှစ်ဖက်ကို သူဖွဖွ ကိုင်မလျက်သားဖြစ်နေသည်။

ခဏအတွင်းမှာ မသက်ကိုယ်မှ ခွာသောအခါ သူ့လက်တို့ အလိုလိုလွှတ်ပြီးသားဖြစ်နေ၏။

"မသက်ဒီလိုဖြစ်လာမယ် ထင်ထားလို့ မင်းအိပ်ရာကို တောင် မသိမ်းထားဘူး"

"တကယ်လား မသက်"

"ဘာလဲ မင်းမယုံလို့လား . . လာသွားကြည့်မယ်"

သူ့လက်ကို ဆွဲကာအခန်းတွင်းသို့ မသက်ဦးဆောင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကုတင်နားရောက်သောအခါ မသက်ကိုစချင်လာ၍ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

မသက်ကိုယ်ကို သိမ်းကြုံးဖက်မည်ပြင်လိုက်သောအခါ ပါးပြင်ထက်ကနာကျင်တော့၏။

"အား"

"ကောင်းတယ် . . အရမ်းကဲချင်တဲ့ လူဆိုးလေး"

ဆက်ခနဲ မသက်ထထိုင်သည်။ သူ့ပါးပြင်ကို ညင်သာစွာ ပွတ်ပေးသည်။ သူ့ရင်တို့ ချမ်းမြေ့ရပြန်သည်လေ။ သူ့စိတ်တို့ ဖေါက်ပြန်မိလေသလား မသိ။ သူ့စိတ်တို့ ကယောက်ကယက် ဖြစ်နေ ဆဲမှာပင် မသက်မတ်တပ်ရပ်လိုက်သည်။

"ကဲ ထတော်မူ ထမင်းစားရအောင်"

ကမ်းပေးသော မသက်လက်ကို အားပြုရင်း သူထလိုက်သည်။ မသက်ကို တစိမ့်စိမ့်ကြည့်လေ၊ သူ့စိတ်တွေ အစိုးမရချင်လေ ဖြစ်ဖြစ်လာသည်။

ရိုးသားစွာဝန်ခံရမည်ဆိုပါက မသက်၏ မျက်တောင်ကော့များကို သူမက်မောမိနေသည်လေ။

rrr





ထမင်းစားဝိုင်းသည် ထူးခြားစွာဖြင့် လူစုံနေသည်ကို တွေ့ရသည်။ ဒီအိမ်မှာ ဒီလိုလူစုံတက်စုံ တွေ့ရခြင်းသည် သူ့အတွက် ပထမဆုံးအကြိမ်ဖြစ်၏။ မသက်သည်ခါတိုင်းနေ့များထက်ပင် လှပစွာ ပြင်ဆင်ထားပြီး တက်ကြွရွှင်လန်းနေ၏။ ဒါကြောင့်ပင် ရေချိုးခါနီးက ထမင်းစားခန်းထဲသို့လာလျှင် အဝတ်အစား အသစ်ဝတ်ခဲ့ရန် ပြောခြင်း ဖြစ်မည်။

ထမင်းဝိုင်းတွင် သူထိုင်ပြီးခဏအကြာတွင် မသက်မတ်တပ်ရပ်လိုက်သည်။

"ဒီနေ့ မင်္ဂလာရှိတဲ့နေ့လို့ပဲ သတ်မှတ်ကြရအောင်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ ကျွန်မတို့အိမ်သားသစ်တိုးတဲ့ အထိမ်းမှတ်အနေနဲ့ ဒီထမင်းလက်ဆုံစားပွဲကို ကျင်းပရခြင်း ဖြစ်တယ်"

မသက်စကားကို ဒေါ်ချမ်းမြနှင့် ဦးထွန်းလူတို့ ပြုံးရွှင်စွာ ခေါင်းညိတ်ကြသည်။

သူရအောင်တစ်ယောက်ကတော့ မျက်မှောင်ကျုံ့ပြီး အာရုံစိုက်၍နားထောင်နေသည်။

"စိုးလို့ကျွန်မခေါ်ရှိတဲ့... သူ့နံမည်အပြည့်အစုံကတော့ စိုးနောင်ပါ။ ကျွန်မခေါ်သလိုပဲ စိုးလို့ခေါ်ကြပေါ့။ ကျွန်မဟာ ဟိုးငယ်စဉ်ဘဝက စိုးတို့မိသားစုရဲ့ထောက်ပံ့မှုအောက်မှာ နေခဲ့ရသူပါ။ ကျွန်မဟာစိုးနဲ့ နှစ်ပေါင်းများစွာကွဲကွာခဲ့တယ်။ အခုလိုပြန်တွေ့ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မတစ်သက်မှာ အဝမ်းသာဆုံးဖြစ်ရပ်ပါပဲ။ စိုးဟာ ကျွန်မရဲ့အမိကကျွတဲ့ သံယောဇဉ်ပါပဲ။ တဆက်တည်းနဲ့ပြောလိုက်ပါဦးမယ်၊ စိုးအတွက် ကျွန်မဘာမဆို ရင်ဆိုင်ရဲတယ်။ ပြီးတော့ ကျွန်မရဲ့ ပိုင်ဆိုင်မှုမှန်သမျှဟာ စိုးနဲ့လဲ ပတ်သက်ပါတယ်။ ဒီလောက်ဆိုရင် စိုးနဲ့ကျွန်မတို့ရဲ့ သံယောဇဉ်ကို သိလောက်ပြီ ထင်ပါတယ်"

"အဒေါ်တို့က စိုးတစ်ယောက်တိုးလာတာ ပိုပြီးပျော်ပါသေးတယ်"

"ဟုတ်တယ်ကွဲ့ စိုးဟာအေးဆေးတည်ငြိမ်ပြီး ခင်စရာကောင်းတဲ့ သူငယ်ပါပဲ"

ဒေါ်ချမ်းမြနှင့် ဦးထွန်းလူတို့၏ စကားများကြောင့် သူနည်းနည်းတော့ အနေခက်သွားသည်။ သူနှင့် ပတ်သက်ပြီး ဘာစကားမှ ပြောဆိုခြင်း မရှိသူကတော့ သူရအောင်ပဲဖြစ်သည်။

"ကဲ ထမင်းသုံးဆောင်နိုင်ပါပြီ"

မသက်ထံသို့ ဟင်းဖတ်များကို သူဆယ်ထည့်ပေးသည်။ မသက်က ဟင်းဖတ်ထဲမှ အသည်းကို သူ့ထံသို့ ပြန်ထည့်ပေးသည်။ သူပြန်ပေးမည်အပြုတွင် မသက်လက်ကာလိုက်မှုကြောင့် အထမမြောက်တော့ပေ။

သူရအောင်ကတော့ အားလုံးနှင့် မပတ်သက်သလိုပင်





ထမင်းကို သုတ်သုတ်ပျာပျာ စားနေသည်။

ထမင်းဝိုင်းမှ ဦးစွာထသွားသူမှာ သူရအောင်ပင်ဖြစ်သည်။

"သူရ အစားနည်းလှချည်လား"

"ဟုတ်တယ်ဒေါ်ချမ်းမြရေ ရင်စံချင်သလိုဖြစ်နေလို့"

ထမင်းဝိုင်းမှအထတွင် မသက်အကွယ်၌ သူ့ကို ကြည့်သွားသောအကြည့်သည် တော်တော်လေးခက်ထန်နေ၏။

အို ဒါတွေကို သူဂရုစိုက်ဖို့လိုမည် မထင်ပေ။ သူ့အတွက် မသက် သာအရေးကြီးသည်။ မသက်မျက်နှာသည် သူ့အတွက် တစ်ကမ္ဘာဆိုလျှင်မှားမည်မထင်ပေ။ ထို့ကြောင့် ကျန်သောအရာများကို သူစိုးစဉ်းမျှ ခေါင်းထဲထည့်စရာမလိုပေ။

॥ ॥ ॥



www.burmeseclassic.com

www.burmeseclassic.com



၉။

သူ၏အိပ်ရာထခြင်းတွေသည် အရင်နှင့်ဘာမှ သက်ဆိုင်ခြင်းမရှိပေ။ အရင်က အိပ်ရာထခြင်းသည် နိုးသူမဲ့စွာနှင့် ကိုယ်တိုင်ပြုမူရသည်။ တွန့်ကြေသောအိပ်ရာများကို ဝတ္တရားကြေခေါက်ရင်းက အိပ်မှုန်ဝါးနေမှုသည် ပျင်းရိဖွယ် ကောင်းလွန်းလှသည်။

အခုတော့ သူ၏အိပ်စက်ခြင်းကို အလွန်နူးညံ့သော အတွေ့ဖြင့် မသက်နိုးစေသည်လေ။

"စိုးရေ..ထတော့ကွယ်။ အိပ်ပုပ်ကြီးမနေနဲ့၊ နေမင်းကြီးကတောင် စိုးကိုလှောင်နေရဲ့၊ ထကွာ၊ ပြောမရရင် နောက်တစ်ခါဆွဲလိမ်လိုက်မှာနော် "





သူမျက်စိဖွင့်လိုက်ချိန်တွင်-အရင်ကဆို နေရောင်ကျိန်းစပ်မှုက ခရီးဦးကြိုပြုလေ့ရှိသည်။

အခုတော့ အလွန်ချမ်းမြေ့ဖွယ်လမင်းက ချစ်စနိုးဖြင့် သူ့ကို ကိုယ်ထင်ပြလေသည်။ ဒါတွေကတစ်ရက်မဟုတ်ပါလေ။ နောက်ဆုံးပေကပ်ကပ်လုပ်နေလျှင် သူ့ကိုမသက်ဆွဲထူမည်။

"ကဲပါကွာ လာရေချိုးခန်းသွားရအောင် မင်းမျက်နှာသန့်စင်ပြီးရေမိုးချိုးပြီးရင် ဝတ်ဖို့အဝတ်စားတွေ မသက်အဆင်သင့်ရွေးပြီးပြီ။ ဒီနေ့တော့ အပြာနုစင်း ရှပ်လက်တိုလေးနဲ့ အောက်ကကချင်နက်ပြာကွက်စိပ်လေးကို ရွေးတယ် စိုးကြိုက်မှာပါ။ အော် အခုမှ သတိရတယ် လက်ကိုင်ပုဝါ အပြာရောင်ကို မီးပူတိုက်မှ တိုက်ပြီးရဲ့လား မသိဘူး"

ရှပ်လက်တိုဝတ်ရသော နေ့များတွင် သူနည်းနည်းတော့ ကသိကအောက်ဖြစ်မိသည်။ အဘယ်ကြောင့်ဆိုသော် လှက်နှစ်ဘက်ရှိ ကြယ်သီးနှစ်လုံးကို မသက်တပ်ပေးဖို့ အခွင့်အရေးမဲ့သွားသော ကြောင့်ဖြစ်သည်။

သူ၏ အိပ်ရာဝင်ခါနီးနှင့် အိပ်ရာဝင်ချိန်များပါ များစွာပြောင်းလဲသွားရသည်။ အရင်ကဆို အမြဲရှုပ်ပွနေသော သူ့စားပွဲကို မရှင်းတရှင်းပြန်လည်နေရာချရင်းနှင့် စာကြည့်ချင်စိတ်ပျောက်ပျောက် သွားသည့် အကြိမ်ပေါင်းလဲမနည်းတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ၏ စာကြည့်ခြင်းတွေကိုလည်း မည်သူတစ်ဦး တစ်ယောက်ကမျှ ဂရုစိုက်အားပေးဖော် မရှိခဲ့ပေ။

"စိုးရေ စာကြည့်စားပွဲကို မသက်ပြင်ထားတာ ကြိုက်လား ပြီးတော့ မင်းစိတ်ရှင်းမှုရအောင် ပန်းအိုးတစ်အိုး အမြဲထားပေးမယ်။ မင်းအခန်းတွင်း သန့်ရှင်းရေးကို မသက်ကိုယ်တိုင် လုပ်တာနော် ဒေါ်ချမ်းမြကို စိတ်မချလို့ မသက်ကိုယ်တိုင်လုပ်ထားတာ"

"မင်းအတွက်ဒီမှာ ဘလက်ကော်ဖီ၊ သံပုရာသီးကို မင်းလို သလောက်သုံးနော်။ အရမ်းချဉ်ရှုံ့ရှုံ့ကြီးဖြစ်နေဦးမယ်"

"မသက်ရေ ဒီအတိုင်းသာဆိုရင် အခုနောက်ဆုံးနှစ် စာမေး ပွဲမှာ စိုး အမှတ်တွေအများကြီးရမှာ သိလား၊ ဘာသာရပ်တိုင်းမှာ အမှတ်တွေကောင်းနေရင် ဆရာပြန်လုပ်လို့ရတယ်။ အဲဒီအခါမှ မသက်ကို စိုးတလှည့် ပြန်လုပ်ကျွေးမယ်"

သူ၏အိပ်ရာဝင်ခြင်းများသည်လည်း အဓိပ္ပါယ်ရှိခဲ့သည်။ ညဆိုသည်မှာ တကယ်တော့ စိတ်ချမ်းသာစွာဖြင့် ကုန်ဆုံးရမည့် ကာလတစ်ခုပါပဲ။ မသက်သည် အိပ်ရာဝင်ချိန်ကို မင်္ဂလာရှိစေ အောင် ပြုသူဖြစ်ပြီး အိပ်ယာထခြင်းကိုလည်း ကြက်သရေ ရှိစေခဲ့သူ ဖြစ်သည်။

မသက်အိမ်တွင် သူမှီခိုနေရသည်မှာ များစွာ သာယာမှုဖြစ် ရသည်။ အချို့သောရက်များ၌ သူရအောင်၏ ထိကပါး ရိကပါး





စကားများသာ မကြာမမြင်ရဘူးဆိုလျှင် သူ့အတွက် လူ့ဘဝသည် အတော် ခုံမင်တွယ်ဖက်ဖွယ်ရာဖြစ်နေမှာ အမှန်ပင်။

သို့သော် မသက်အိမ်သို့ရောက်ပြီး နှစ်ပတ်တင်းတင်း ပြည့် သော နံနက်ခင်းအိပ်ရာထခြင်းသည် နည်းနည်းလေးတော့ စိတ် လှုပ်ရှားဖွယ်ဖြစ်သွားစေ၏။

"စိုးရေ ထစမ်း ဒီမှာကြည့်စမ်းပါဦးကွယ် မမအိတို့က ဒီလောက်ထိတော့ မလုပ်သင့်ပါဘူးကွယ်"

သတင်းစာကို ဖြန့်ကိုင်ရင်းက မသက်ပြောလိုက်သည်။ သတင်းစာကို သူကြည့်ချိန်မှာတော့ ဘာမှထူးထူးခြားခြား ဖြစ်မနေ သောကြောင့် မသက်အံ့သြသွားဟန်တူသည်။

"အမွေပြတ်စွန့်လွှတ်ခြင်း၊ သားသမီးအဖြစ်လုံးဝအသိအမှတ် မပြုခြင်း ဆိုတဲ့ စာသားတွေက မင်းကိုဘာမှ မဖြစ်ဘူးလားစိုး"

သူအပြုံးမပျက်ဘဲ မသက်ကို အဖြေပေးလိုက်သည်။

"စိုးဘဝမှာ အမွေဆိုတာလဲ မမက်မောဘူး၊ လိုလဲမလိုအပ် ဘူး။ သားသမီးအဖြစ်လုံးဝအသိအမှတ်မပြုဘူးဆိုတာကတော့ အခုမှ တရားဝင် စကားနဲ့ကြေငြာတာပဲ။ တရားမဝင်သားသမီးအဖြစ် အသိ အမှတ်မပြုခြင်း ခံခဲ့ရတာကြာပါပြီ မသက်ရာ။ ဒီစကားလုံးတွေ ဒီလုပ်ရပ်တွေဟာ စိုးအတွက် ဘာများတုန်လှုပ်စရာရှိမှာလဲ"

မသက်သည် သူ့စကားများကို ကျေကျေနပ်နပ်ပင် လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

"မင်းဘဝမှာ မသက်တစ်ယောက်လုံးရှိတယ်၊ ဘာမှအားမငယ်နဲ့နော် စိုး"

သူကျေနပ်ရသည်ပေါ့။ မသက်စကားကို သူယုံသည်။ တကယ်တော့ ယုံကြည်မှုအားလုံးကို မသက်ကိုယ်တိုင် ပြုမူနေခြင်းကြောင့်ပါပဲ။

မသက်အရိပ်သည် သူ့အရိပ်ဖြစ်သည်။ မသက်၏ ထွက်သက် ဝင်သက်တွေသည် သူနှင့် သက်ဆိုင်နေချင်သည်။

သံယောဇဉ်များစွာဖြင့် နေပျော်သော နှလုံးသားသည် တစ်စုံတစ်ခုကို တောင်းဆိုတတ်သည်လား။

ထိုအရာကို သူကဖြစ်စေ မသက်ကဖြစ်စေ တောင်းဆိုဖို့လိုမည်လား။

သို့တစေ ချစ်ခြင်းဟု ပညတ်သော သံယောဇဉ်ယှက်နွယ်မှုတွင် နောက်ဆက်တွဲ လူမှုဆက်ဆံရေးအသွင်သဏ္ဍာန်များကိုတော့ သူရှေ့တန်းမတင်ချင်ပါ။

အချစ်သည်သာ သူ့ရင်ခွင်၌ရှိ၍ နွေးထွေးစေသော ကိုယ်ကာယမက်မောမှုသည် တစ်ရံတစ်ခါ...... တောင်းဆိုမှုသာဖြစ်ချေမည်။

"စိုးရေ ဒီစေ့စပ်ကြောင်းလမ်းခြင်းကို ကြည့်ပါဦး"





မသက်ပြောကတည်းက သူနှင့်သက်ဆိုင်မည်ကို သိပြီးသားဖြစ်နေသည်။ မျိုးမျိုးဟန်နှင့် အရာရှိပေါက်စတစ်ယောက်တို့၏ စေ့စပ် ကြောင်းလမ်းခြင်းကို သတင်းစာ၌ နေရာများစွာ ယူထားသည်ကို တွေ့ရသည်။ တကယ်တော့ ဂုဏ်ပုဒ်များစွာ ပိုင်ဆိုကြောင်းပြသလိုက်သည့် စာမျက်နှာဖြန့်တီးမှု တစ်ခုပါပဲ။

"ဒါသံယောဇဉ် အစစ်လို့ မသက်ထင်လား"

"မသိဘူးလေကွာ၊ မကြာခင်မှာ အကြင်လင်မယားဖြစ်ကြတော့မှာ၊ စေ့စပ်တယ်ဆိုကတည်းက လူသိရှင်ကြား ပိုင်ဆိုင်မှုကိုစတင်ပြသတာပဲ၊ မင်းရော ကျောင်းကကောင်မလေးတွေကို စိတ်ဝင်စားလား၊ ဒါပဲနော် မင်းနားမှာ ကောင်မလေးတစ်ယောက်ယောက်သာတွေ့ကြည့် မသက်ကတော့ မရမကခွဲမှာပဲ"

"အမယ်သူကျတော့ ယောကျ်ား ယူပြီးတော့"

"ဒါကစိုးရယ် မသက်က ဘဝပေးအခြေအနေ မကောင်းခဲ့တာကိုး"

"အခုကြည့်စိုးနဲ့ တွေ့ပြီးနောက်ပိုင်းမှာ အိမ်ထောင်ရေးကို မသက်စိတ်ဝင်စားနေလို့လား။ တကယ်တော့ကွာ လူ့ဘဝကြီးရဲ့ အနှစ်သာရဟာ ငွေကြေးပေါ်မှာ တည်တယ်လို့ပြောရမလားပဲ။ အိမ်ထောင်သားမွေးတယ် ဆိုတာ အဲဒီငွေကြေးကိစ္စကြောင့် ရှစ်ဆယ့်ကိုးနှစ်နှုန်းလောက် ဖြစ်ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အကြောင်းအရာတစ်ခုကို ဆွေးနွေးကြပြီဆိုလျှင် အမြဲလိုပင် အလွန်နီးကပ်တတ်နေကြသည်။ အခုလည်းကြည့် မသက်က သူ့လက်မောင်းပေါ်တွင် မှီနွဲ့ကာနေသည်။ သူ၏လက်ချောင်းများကတော့ မသက်နားသပ်စပ်စ ဆံနွယ်များကို အကြောင်းမဲ့ ထိုးဖွပေးနေ၏။

"အဟမ်း"

အသံရှင်က တမင်တကာ လုပ်ကြံဖန်တီးပေမယ့် မသက်ရော သူပါအနေအထား ပျက်မသွားကြပေ။

"လာလေသူရအောင်"

နွဲ့မှီနေလျက်ကပင် မသက်လှမ်းခေါ်လိုက်သည်။ သူရအောင်သည် ရှေ့တည့်တည့်ဆက်တီတွင် ဝင်ထိုင်လိုက်၏။

"ဒေါ်သက်ကို အရေးတကြီးကိစ္စ ပြောချင်လို့"

"ပြောလေ"

သူရအောင်သည် သူ့ကို သေချာကြည့်ရင်းက စကားမစဘဲနေသည်။ အဓိပ္ပါယ်က သူ့ကို မသိစေချင်သော အကြောင်းအရာကို ရွေးချယ်ပြောချင်၍ ထင်သည်။

"ပြောပါ၊ မင်းစကားက နှစ်ယောက်တည်းပြောလဲဒီစကားပဲနေမှာ။ စိုးကွယ်ရာမှာပြောစရာ မင်းနဲ့ငါကြားမှာ ဘာကိစ္စမှမရှိဘူး"





"ဒီလိုပါဒေါ်သက် ဟို . . လေးလေးကိစ္စ"

"ပြောပါလို့ မင်းကိုခွင့်ပေးပြီးသားပဲ"

ဒါကြောင့်ကိုး ဟုသူသက်ပြင်းမသိမသာချမိသည်။ သူ့အတွက်ကတော့ နည်းနည်းစိတ် အနှောင့်အယှက် ဖြစ်သွားပေမယ့် တင်နိုင်အောင်ဆိုသောစကားသည် မသက်အဖို့ နည်းနည်းမှ မှုပျက်ဟန်မပြပေ။

"လေးလေးမိုးကုတ်မှာ အသက်ရှင်လျက်ရှိဆဲပါ ဒေါ်သက်ဒါကလည်း သူနဲ့အတူထွက်သွားတဲ့ လူကပြောတာပါ. . ဒါ . ."

"ဘာဖြစ်လဲသူရအောင်"

"ဒေါ်သက် လေးလေးနဲ့ဆက်သွယ်ရင် ကောင်းမလားလို့"

"မလိုအပ်ဘူး သူရအောင်၊ သက်သက်မိုးဟာ ယောကျ်ားတစ်ယောက်ကို အဲဒီလောက်ထိ အောက်ကျခံတဲ့ မိန်းမမျိုးမဟုတ်ဘူး၊ သူတောင် ငါးနှစ်ကျော်ပစ်သွားခဲ့တာပဲ။ ငါကဘာလုပ်ရမှာလဲ"

"ကျွန်တော်က နှစ်ယောက်စလုံးအတွက်ပြောတာပါ"

"တော်ပြီသူရအောင် မင်းသွားတော့ ဒီကိစ္စငါကိုယ်ရေးကိုယ်တာကိစ္စ၊ အလုပ်ကိစ္စမဟုတ်ဘူး သွားတော့"

အောင့်သက်သက်နှင့် သူရအောင်ထွက်ခွာသွားရသည်။

"စိုး မသက်ပြောတာမှန်တယ်နော်၊ တွေ့လား စိုးရှိနေလို့မသက်ဘဝထဲကို ဘယ်ယောကျ်ားမှ အဝင်မခံနိုင်ဘူး။ စိုးလဲ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှင်းရမယ်နော်။ ဒါမှမသက်ရဲ့ စိုးဖြစ်မှာ”

သူစိတ်တွေပျော်သွားတာလည်း ဖြစ်နိုင်သည်။

မသက်၏ ဆံစများကို သူနမ်းမိလေသလား။ ဒီထက်ပိုပြီး သူ့စိတ်ရိုင်းတွေကို မမွေးသင့်ပါလေ။ အစွန်းအထင်း မပါသော သံယောဇဉ်များနှင့်သာ မသက်ကိုတွယ်တာချင်သည်။

rrr

နောက်ဆုံးစာမေးပွဲရက် ပြီးသွားသည့်အထိ ဘာသာရပ်များကို ကောင်းမွန်စွာဖြေနိုင်ခဲ့သည်။

နောက်ဆုံးနေ့၏ အဖြေလွှာအပ်ပြီးချိန်မှာတော့ သူ၏ ကျောင်းသားဘဝကုန်ဆုံးပြီဟု သိလိုက်ရသည်။ ခန်းမပြင်သို့ ထွက်ချိန် မှာတော့ မျက်နှာသိများ၏ နှုတ်ဆက်မေးမြန်းသံများကို နမြောချင် သလိုလိုရှိသွားခဲ့သည်။

နောက်ရက်များ ၊ နောက်စာသင်နှစ်များဆိုသည်မှာ သူ့ အတွက် ရှိနိုင်မည်မဟုတ်တော့ပေ။

ဝမ်းနည်းခြင်းဖြစ်လာသောသူ့ရင်သည် မသက်အပြုံးကို





တွေ့လိုက်ရသောအခါ ရုတ်ခြည်းအပြောင်းအလဲဖြစ်သွားခဲ့သည်။

သူလည်းမသက်ကို အနှောင်မဲ့စွာဖြင့် ပြန်ပြုံးလိုက်သည်။

“အိုကေပဲ မဟုတ်လား”

“အိုကေပဲ မသက်”

“မင်းရဲ့ စိတ်လွတ်လပ်ခြင်း အတွက်မသက်တို့ တစ်နေရာ ရာကို သွားကြရအောင်။ နေဦးကွ . . မင်း စာမေးပွဲချိန်နီးလို့ ပိုက်ဆံ ချေတာတောင် မစောင့်နိုင်ဘူး။ ပိုက်ဆံနည်းနည်း ကျန်ခဲ့ သေးတယ်။ အဲဒါ ကျောက်မြောင်းမှာ ဝင်ယူပြီးမှ တစ်နေရာရာကို သွားကြတာပေါ့နော်”

သူခေါင်းငြိမ့်ပြလိုက်သည်။

မသက်လွတ်လပ်စွာပင် မသက်ဘေးမှ လိုက်ပါလာခဲ့သည်။ လွတ်လွတ်လပ်လပ် အနေဖြင့် တစ်နေရာရာကို သွားချင်သည်ဟု မသက်ဆိုသည်။ ကျောက် မြောင်းခရီးစဉ်အပြီးတွင် မသက်ဘယ်ကို သွားမည်နည်း။ မသက်နှင့် ဆိုပါက ဘယ်နေရာဘယ်ဒေသမဆို သူလိုက်ရဲသည်။

rrr



www.burmeseclassic.com

www.burmeseclassic.com



၁၀။

ကျောက်မြောင်းမှ ငွေချေပြီးသည့်အခါ မသက်သည် စားသောက်စရာများ အချိုရည်ဘူးများကို တပွေ့ကြီး ဝယ်လိုက်သည်။

ကားလေးသည် အရှိန်ပြင်းစွာဖြင့် သာကေတမြို့နယ်တွင်းသို့ ဝင်ရောက်လာခဲ့သည်။

"မသက်ဘယ်လဲ"

"ကိုယ်တို့ကျောက်တန်း ရေလယ်ဘုရားကို သွားရအောင်" ထိုစကားကိုပြောတော့ သန်လျင်တံတားကို လှမ်းမြင်နေ





ရပြီ။ ကွင်းပြင်၏ ကျယ်ပြန့်ခြင်း။ အဆောက်အဦးများပြွတ်သိပ်မှုမှ ကင်းလွတ်ခြင်းတို့ကြောင့် သူလည်းစိတ်ပေါ့ပါးမှုကို ခံစားရသည်။

"ကြည့်စမ်းပါဦး စိုးရယ် ဒီလိုကျတော့လဲ လောကကြီးဟာ သာယာစရာ အပြည့်ပါလား။ မျက်စိရှုပ်နားရှုပ်တဲ့ သံသရာကြီးထဲမှာ အမြဲကျင်လည်နေရလို့ထင်ပါရဲ့ကွာ"

သန်လျင်တံတားကို ကားဖြတ်စဉ်မှာပင် ပတ်ဝန်းကျင်ရှုခင်းကိုကြည့်ရင်း မသက်ပြောလိုက်သည်။ မသက်ပြောလည်း ပြောလောက်စရာပါလေ။

"ကိုယ်လေ ဟိုးငယ်ဘဝက နေလာခဲ့တဲ့ လွင်ပြင်ဒေသ ကိုယ်တို့နေရာကို လွမ်းမိလာတယ် သိလားစိုး"

သံလျင်မြို့အထွက်နားတွင် အပေါ်စီးမှ မြင်နေရသော လယ်ကွင်းပြင်ကြီးကို ကြည့်ပြီး မသက်ပြောနေသည်။

"ကွင်းပြင်ဟာ အရိပ်မဲ့မယ်၊ လေပူတွေရှိကောင်းရှိနေမယ် ဒါပေမယ့် အမြဲတော့မဟုတ်ဘူးစိုး . . သူ့မှာသဘာဝ အာရုံအပြည့် ရှိနေမယ်။ အေးချမ်းမှုလဲရှိမယ်။ နေပူတယ်ဆိုပေမယ့် နားကိုမဆူစေဘူး၊ လူသူမဲ့နေပေမယ့် စဉ်းစားတွေးတောစရာတွေ အများကြီး ကြည့်စမ်းစိုး ဒီလိုမျိုးမှ မိုးကောင်းကင်ကိုကြည့်ရတာပို အဓိပ္ပါယ်ရှိသလို ပဲ"

သူသည်မသက်စကားများကိုသာ နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလှောင်တမံတစ်ခုအရောက်မှာတော့ ကားကိုခဏရပ်ပြီး ရေကာတာ ပေါ်လျှောက်ကြည့်ကြသည်။

"ကိုယ်တို့ရွာပြန်ကြအောင်နော် ကိုယ်လေ အမြဲလိုလိုပဲ အရှုပ်တွေ ကြားထဲမှာနေခဲ့ရတယ်။ ကိုယ်ဘဝဟာအမြဲမှောင်နေခဲ့တယ်၊ ကိုယ့်ရိုးသားမှုတွေဟာ တစစ အဝါးမြိုခံခဲ့ရတယ်။ ငွေတွေရတယ်၊ ဒါပေမယ့် ကိုယ်ပေးလိုက်ရတာတွေက အများကြီးပဲ။ ဒါကလည်း လူတစ်စုအတွက်ပဲ။ ကိုယ်ရဲ့ဘဝ ကိုယ်ရဲ့စကားတွေ မျက်ရည်တွေဟာ၊အတ္တစွန်းတဲ့ လူအချို့ကိုသာ ပေးလိုက်ရတာ။ ဒီဘဝကို ညည်းငွေ့ပြီ။ အေးအေးချမ်းချမ်းနဲ့ ဘဝကို ဖြတ်ကျော်ချင်ပြီ"

ကျောက်တန်းမြို့သို့အဝင်မှာတော့ မသက်ငြိမ်သက်သွားခဲ့သည်။ သူလည်းစဉ်းစားစရာတွေရှိသည်။

ဘဝဆိုတာလှုပ်ရှားမှုတွေကြားမှာ ရှင်သန်ရခြင်းလား။ ဒါမှမဟုတ်ရင် ငြိမ်ငြိမ်သက်သက်နှင့်ပင် ထွက်သက်ဝင်သက်ပျောက် ဆုံးချိန်ကို စောင့်ဆိုင်းနေရခြင်းလား။

"စိုးရေ လှေအဆင်းမြင်းအတက်တဲ့နော် သတိထားဦး ပြီးတော့ မသက်ကိုလဲ တွဲဦးနော်"

ရေလယ်ဘုရားသို့ ကူးခါနီးမှာ မသက်သတိပေးစကား ပြောသည်။





"မသက်ရယ် တစ်လှေတည်းစီး တစ်ခရီးထဲ တူတူသွားနေတာပါဗျာ"

မသက်ကရယ်သည်။ ပြီးတော့မြစ်ရေဖြင့် သူ့မျက်နှာကိုလှမ်းဆော့သည်။ သူ့ရှောင်တိမ်းခြင်းမပြုမိ၊ မသက်လွှတ်လပ်ပါစေလေ။

၊၊၊

"ဟယ်ငါးကြီးတွေကြည့်စမ်းပါဦး စိုးရေ ဟိုဘက်ကို များများချပေး။ ပေးကွာ မသက်ကိုလဲ ပေါက်ပေါက်ဆုပ် တစ်ထုပ်ပေး"

သူ့ရောမသက်ပါ ငါးစာကျွေးရသည်ကို သဘောကျနေမိသည်။ ရှုံးဖွင့်ရက်မို့လားမသိ၊ ရေလယ်ဘုရားတွင် လူရှင်းလှသည်။

"စိုးရေ ဘဝဆိုတာ မြစ်တစ်ခုလားကွယ်။ ကြည့်စမ်းပါဦး မြစ်မျက်နှာပြင်ဟာ ဘယ်အခါတည်ငြိမ်တယ်လို့ရှိလို့တုန်း ရေလှိုင်းတွေများများထန်တာနဲ့ နည်းသွားတာပဲရှိမယ်နော်"

"မသက်ရေ လှုပ်ရှားရတယ်ဆိုပေမယ့် ပြင်းထန်လွန်းတဲ့လှိုင်းတွေဂယက်တွေကိုတော့ လက်ခံချင်တယ်။ ဒါပေမယ့် ဝဲတွေကိုတော့ မလိုချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ လှိုင်းရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ ဒီလောက် ဒုက္ခမပေးဘူး၊ ဝဲဂယက်တွေကသာ ဒုက္ခပေးတာ၊ မသက်တော့ကွာ ဘာပြောပြော ရွာပြန်ချင်စိတ်အရမ်းဖြစ်တာပဲ"

"ပြန်မှာပေါ့ မသက်၊ အေးချမ်းမှုဆိုတာ လူ့ဘဝမှာ အရှိသင့်ဆုံးပါပဲ။ အမြဲတမ်း စိုးရိမ်ပူပန်ပြီး လှုပ်ရှားနေရတဲ့ ဘဝမှာတော့ ငြိမ်းချမ်းအေးချမ်းမှုဆိုတာ လိုအပ်ရမယ်"

ကျောက်တန်းမှ အပြန်မှာတော့ မသက်ရင်မှာ တမျိုးတမည် ဖြစ်လာရသည်ထင်၏။ ဒါကတော့ လက်ရှိဘဝကို ငြီးငွေ့ပြီး အေးအေး လူလူ နေချင်သည့်သဘော ပါပဲ။ ဒီအချက်ကိုတော့ သူများစွာ ထောက်ခံပြီး တိုက်တွန်းရပေလိမ့်မည်။ သူတို့နှစ်ယောက်၏ နေ့ညများသည် အေးချမ်းသော ဘဝမျိုးမှာဆိုလျှင် ဒီထက်ပိုပြီး ပျော်စရာကောင်းမှာ သေချာ၏။

r r r

မသက်ပြောလည်းပြောစရာပင်။ ဒီလောကသည် အနည်းနှင့် အများတော့ ဦးနှောက်စားစရာတွေ ရှိနေ၏။





ငွေပုံတွေကိုမြင်နေရသည်။ ငွေသိန်းဂဏန်းရဖို့ သောင်းဂဏန်းရဖို့ လူတွေနှင့် စကားအမျိုးမျိုးပြောကြသည်။ စကားတစ်လုံးသည် သောင်းနှင့်ချီပြီး တန်ကြောင်းတန်မည်။

အနုလည်းငွေများလက်ခံယူရန် သူရအောင်နှင့် လိုက်ခဲ့ရသည်။ သူရအောင်နှင့် ဒီလိုနှစ်ယောက်တည်းရသောအခါ တမျိုးတော့ ဖြစ်ရသည်။ မသက်ရှေ့မှာတော့ သူရအောင်သည် သူ့ကို များစွာလို လားမှုပြသပြီး ခေါ်ဆောင်လာခဲ့သည်။ လုပ်ငန်းကိစ္စချောမောပြီးသည် အထိ သူရအောင်သည် သူ့ကို စိတ်ညစ်ညူးအောင်ဘာတစ်ခွန်းမှ မပြောသေးပေ။

အပြန်လမ်းရောက်သည်အထိပင် သူရအောင်သည် ချစ်စရာကောင်းနေသေးသည်။

"ခင်ဗျားက ကားမောင်းကျင်လည်သားပဲ"

"ကျွန်တော်လဲ အိမ်ကကားကို မောင်းနေကျလူပါပဲ။ မောင်းသက်တော့များပြီ"

"ကျွန်တော်သိပါတယ်။ ခင်ဗျားက ဆွေကြီးမျိုးကြီး ရာထူးကြီးထဲကဆိုတာ။ ပြီးတော့ ဒေါ်သက်နဲ့ပတ်သက်ပြီး ခင်ဗျားကို အမွေပြတ်ကြော်ငြာတာလဲ ကျွန်တော်သိတယ်"

ဇာတ်လမ်းစပြီဟု သူထင်လိုက်သည်။ သူစကားမပြောမိစေရန် ကြိုးစားနေလိုက်သည်။ သို့သော် သူရအောင်သည် ပွဲစားပီပီပင်



www.burmeseclassic.com

www.burmeseclassic.com



စကားနှိုက်ပြီး သူ့ကိုတိုက်ခိုက်မှုပြုတော့သည်။

"ဒီမှာ ခင်ဗျား အင်ဂျင်နီယာတစ်ယောက်ပဲဗျာ၊ အခုလို ယောက်ျားတော်တော်များများနဲ့ ဆက်ဆံဘူးတဲ့ ဒေါ်သက်နားမှာ ဘာလို့ကပ်နေရတာလဲ။ ပြီးတော့ ဒေါ်သက်တို့က ရှင်းရှင်းလင်းလင်း ပြတ်သေးတာမဟုတ်ဘူး"

"ကျွန်တော်တို့က ဘာဖြစ်နေလို့လဲဗျ။ လင်မယားလဲ မဟုတ်ဘူး။ ပြီးတော့ ကျွန်တော်နေတယ်ဆိုတာကလည်း မသက်ကို သံယောဇဉ်ရှိလို့"

"ခင်ဗျားတို့က ပြောင်ညာနေကြတာပဲ။ တစ်အိမ်ထဲမှာ အခန်းခွဲနေတယ် ဆိုပေမယ့် ခင်ဗျားတို့ကိုဘယ်သူက မိုးလင်းထိ အောင်လိုက်ကြည့်နေမှာလဲ။ တကယ်ဆိုခင်ဗျားက ကြာသမား သက်သက်ဖြစ်နေတယ်ဆိုတာကို သိလား"

"ဘာပြောတယ်"

"ခင်ဗျား ဗုဒ္ဓဘာသာမဟုတ်လား၊ ဒုဿနသောဆိုတာကို သိတယ် မဟုတ်လား"

"ခင်ဗျားတို့ထင်သလိုမဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

"အေးပေါ့လေ။ ငရဲဆိုတာ ချက်ခြင်းကြီးတာမှ မဟုတ်ဘဲ ဒီမှာ ကြာသမားဆိုတာ ပညာတတ် လူငယ်တစ်ယောက်နဲ့ မသက် ဆိုင်တဲ့ အလုပ်ဗျ။ ခင်ဗျားသိလား ကျုပ်လေးလေးက အသက်ရှိ





ရှင်နေတုန်းနော်"

ဩဝထဲရောက်သည်အထိပင် သူ့ရအောင်ပြောလိုက်သေးသည်။ သူ့ရအောင်စကားများသည် သူ့ရင်ကိုလာထိသည်။ သူစိတ်မကောင်းကြောင်းကို မသက်မသိစေချင်။ ပျက်တတ်တတ်ဖြစ်ချင်သော မျက်နှာကို ပြင်လိုက်ရသည်။

သူ၏ငွေလမင်းကတော့ ပြုံးရွှင်စွာဖြင့် အသင့်ဆီးကြိုနေလေ၏။

ГГГ



www.burmeseclassic.com

www.burmeseclassic.com



၁၁။

သူ့ရင်ထဲတွင် မတင်မကျဖြစ်မှုကြီးသည် ရက်သတ္တတစ်ပတ်မျှထိအောင် ပြေလျော့ခြင်းမရှိသေးပေ။

မသက်နှင့် မျက်နှာချင်းဆိုင်တိုင်း မသက်၏ကိုယ်ငွေ့များကို အနီးကပ်မိန်းမောမိလေတိုင်း သူရအောင်၏ စကားတချွေသည် သူ့အသိကို ထုံထိုင်းမှုဖြစ်စေ၏။ မသက်ကတော့ သူ့အလုပ်နှင့် သူလုံး ချာလိုက်နေသောကြောင့် ပတ်ဝန်းကျင်၏ စကားများကို





သိနိုင်မည် မထင်။ သိစေကြားစေဦးတော့ ပတ်ဝန်းကျင်ကို ဂရုမိုက်ဘတ်ခြင်း မသက်မှာ မရှိချေ။

မသက်လိုစိတ်ထားမျိုး သူထားကြည့်ချင်သည်။

သူစဉ်းစားကြည့်သည်။ ဝန်းကျင်ကပြောသည်များသည် သဘာဝကျနေသည်လား။

"ဟော့စိုး ပန်းခြံထဲမှာ တစ်ယောက်တည်း ဘာငိုင်နေတာလဲ မှန်းစမ်း နေမကောင်းဘူးလား၊ ရာသီကလဲ ဆိုးလိုက်တာကွယ် မသက်တောင် ခေါင်းအုံပြီး ကိုယ်နွေးနွေး ရှိတာနဲ့ သူရအောင်ကို ပဲလွှတ်လိုက်တော့တယ်"

သူ့နဖူးကို စမ်းပြီးလက်ကောက်ဝတ်၏ သွေးတိုးမှုကို မသက်စမ်းသည်။ တကယ်တော့ သူသည် သာမန်အခြေအနေတွင် ရှိသည်။ သူ့ကို စိုးရိမ်နေသော မသက်လက်ဖျား၏ အတွေ့များသည် သာ နွေးတေးတေးနိုင်နေ၏။

"မသက်ကသာပြောနေ၊ မသက်ကိုယ်ပူချင်နေတယ်၊ မဖြစ်ဘူး မသက် ဆေးခန်းပြမှ ထင်တယ်။ ပြီးတော့ မသက်မျက်နှာ နည်းနည်း ကျချင်သလိုပဲ"

"အမလေးစိုးရယ်။ ဖျားတာနာတာကို ရေးကြီးခွင့်ကျယ် လုပ်လို့ကွယ်၊ မသက်ဘယ်တုန်းက အင်္ဂလိပ်ဆေးသောက်ဘူးလဲ။ ပြီးတော့ ဆေးထိုးခံရမှာကို သေမလောက်ကြောက်တာ မင်းဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com



သွားမယ် ပြောလိုက်မှ ချွေးလေးတွေတောင် စို့ချင်ချင်ဖြစ်သွားပြီ။ ဗမာဆေးသောက်ရင် ပျောက်ပါတယ်ကွယ်။ တကယ်ဆို ဆေး သောက် ဖို့တောင် လိုမယ်မထင်ဘူး"

မသက်ကို သူအနိုင်ယူကာ ပြောလို့ရမည်မဟုတ်ပေ။

ကျောက်တန်းကပြန်လာပြီးကတည်းက မသက်ကြည့်ရကာ တမျိုးတော့ တမျိုးပင်။

"စိုးရေ မသက်တော့ ဒီအလုပ်တွေက နားချင်ပြီကွယ် ဒါကြောင့်များ ဖျားချင်နာချင်ဖြစ်တာများလား မသိဘူး"

"နားလေမသက်။ စိုးတို့စိတ်ပြေလက်ပျောက် ခရီးထွက်ကြတာပေါ့"

"နားမယ်ဆိုတာ အခိုက်အတန့်ကို ပြောတာမဟုတ်ဘူး စိုးရဲ့။ ဒီအလုပ်ကို ငြီးငွေ့တာ၊ အပြီးမလုပ်ချင်တော့တာ"

သူ့အထင်တွေကို သက်သေပြသည့်စကား။

မသက်အလိုကျဖြစ်စေရမည်ပေါ့။

"နားလေ။ အပြီးနားလဲကောင်းတာပဲ။ ဒါမှ မသက်ကို စိုးတလှည့်ရှာကျွေးတာပေါ့"

"မင်းက စကားအရမ်းတတ်တဲ့ ကလေးပဲ"

မသက်သည် ယုယစွာပင် သူ့ခေါင်းကို ပွတ်သပ် ပြီး သူ့ပါးပြင်ကို လျှပ်တပြက်ဆိမ်းလိုက်သည်။ မသက်ကို





သူတစုံစုံပြုမည် ကြံလိုက်ပြီးမှ သူရအောင်၏စကားများကို ကြားယောင်မိသည်။ သူကိုယ်သူ မုံ့ရှာမှုဖြစ်သွားလောက်သည် အထိပင် ခံစားရလိုက်သည်။

သူ၏အိပ်ရာထခြင်းသည် တမျိုးတမည်ဖြစ်သောအခါမှ မသက်ကို စိုးရိမ်စိတ်ဖြစ်သွားသည်။ နာရီကိုကြည့်သောအခါ နံနက် ခုနစ်နာရီခွဲနေပြီ။ ဒါဆိုနာရီဝက်ကျော်ကျော်ပိုပြီး အိပ်စက်နေခြင်းပဲ။

သူအိပ်ရာမှ ကမန်းတကမ်းထလိုက်ပြီး မသက်အခန်းရှိရာ သို့ အပြေးလာခဲ့သည်။ ညကအတော်ညနက်မှပင် မသက်ဆီမှ သူပြန်လာခဲ့သည်ပဲ။

အခန်းဝသို့သူရောက်သွားချိန်၌ မသက်သည် ဓာခြင်ထောင် ထဲ၌ အိပ်စက်လျက်ပင်ရှိနေသေး၏။ ဒါကြောင့်သူ၏ အိပ်ယာထ ခြင်းကို မသက်မပြုနိုင်ခြင်းပဲ။

ဓာခြင်ထောင်အပြာနုကို မတင်လိုက်သည့်တိုင် အိပ်စက်ခြင်းမှ မသက်မနိုးသေးပေ။

မသက်မျက်နှာကို သူသေချာကြည့်မိသည်။

နံ့သာလိမ်းခြယ်ခြင်းမဲ့သော ပါးပြင်တစ်ခုလုံးသည် ပကတိဖွေးနနေ၏။ မျက်တောင်ကော့များ၏ အိပ်မောကျနေပုံသည် တကယ် တော့ အလွန်ကြည့်ချင်စဖွယ်ပင်။ ဆေးသားမရှိသော ပကတိ နှုတ်ခမ်းနှစ်လွှာသည် ရင်ကိုအတိုင်းမသိဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

မျက်တောင်ကော့များ၏ လျှပ်တပြက်နီးထခြင်းကြောင့် သူ့နှလုံးသားတို့လိပ်ပြာလန့်သွားသည်။

သူ့နှုတ်ခမ်းပေါ်တွင် မသက်၏ လက်ဖဝါးတို့ ပိတ်ကာရံထား၏။

"သူခိုးလေး မိပြီ"

"မသက်မကောင်းဘူးဗျာ"

သူနှုတ်ခမ်းစုလိုက်သောအခါ အိပ်ရာမှထပြီး သူ့ကိုကြည့်ကာရယ်မောတော့၏။

"ကဲထ မျက်နှာသွားသစ်မယ်။ မသက်ညတုန်းက အဖျားတက်တယ်သိလား။ အနှိုက်ဆာတယ်ကွာ။ ပြီးရင်လေ မနက်စာကို မသက်အခန်းထဲကိုသာ စိုးယူလာခဲ့နော်"

မသက်ကိုယ်ငွေ့တွင် အဖျားရှိနေသေးကြောင်း သူသိသည်။ တကယ်တော့ မသက်လမ်းလျှောက်ခြင်းကိုပင် သူတွဲနေရသေးသည်။ မသက်သည်စိတ်ဓာတ်ခိုင်သူ တစ်ဦးပေတကား။

။။။





နံနက်စာအဆာပြေစားသောက်ပြီးစီးသွားသည့်တိုင် မသက်မျက်နှာကို သူသေသေချာချာ မကြည့်ရဲသေးပေ။

မသက်ကတော့ သူ၏ငြိမ်သက်နေသောအမူယာကို အကဲဖမ်းနေမည်ထင်၏။ သူကငြိမ်သက်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

"ကျွန်တော်တော့ မသက်ထမင်းစားချင်တာကို မကြိုက်ဘူး အဖျားရှိနေတော့ ဒီလိုတွေကရာတွေ မစားပဲ ဆန်ပြုတ်သောက်စေချင်တယ်"

"အမလေး နေပါစေစိုးရယ်။ ရှိနီးပါရဲ့၊ ဆန်ပြုတ်တော့ မသောက်ပါရစေနဲ့၊ သေရင်သေပါစေနော်"

မသက်၏ခေါင်းမာမှုကို စိတ်မသက်မသာဖြစ်ရသည်။

"စိုးရေ ညကမသက်အိပ်မက်မက်တယ် သိလား။ မသက်နဲ့ စိုးလေ လယ်ကွင်းပြင်ထဲမှာ ပြေးလွှားနေရတာ မောမှန်းတောင် မသိပါဘူးကွယ်။ ကောင်းကင်ပြာကြီးကလဲ ကျယ်လွန်းပါဘိ။ ပြီးတော့လေ လေပြေလေညင်းတွေကလည်း ချွေးစို့ပြေအောင်တိုက်နေလေရဲ့၊ မသက်ဖြင့် ပျော်မဆုံးပါပဲစိုးရယ်။ ဒါပေမယ့်စိုးရေ မသက်လန့်နိုးတော့ အဖျားတက်ပြီးအိပ်မက်မက်နေတာထင်ရဲ့ ချွေးတွေစိုတာနဲ့ အဝတ်တွေတောင် ထလဲရသေးတယ်"

"ကဲစိုးမပြောလား၊ အနားမှာ စောင့်အိပ်ပါမယ်ဆိုကာမှ"

"စိုးရေ"



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်လေသံဖြင့် မသက်ခေါ်သည်။ သူမရဲတရဲ မော်ကြည့်သည်။

အကြည့်ချင်းဆုံမိုက်မှာတော့ စိုလဲ့နေသော မျက်ဝန်းတို့က သူ့ကိုတောင်းဆိုမှုတစ်ခု ပြုနေသလိုပင်။

"စိုးကို မေးစရာရှိတယ်။ ပြီးတော့လေ ပြောစရာလဲရှိတယ် သိလား"

ထူးထူးခြားခြားစကားဦးသန်းနေသောကြောင့် မသက်ပြောမည့်အကြောင်းအရာကို သူစိတ်ဝင်တစားရှိသွားသည်။

"ဒေါ်ချမ်းမြကတော့ တရားဝင်မေးတာပါ။ ဒီလိုမေးကြသူတွေများတော့ များတယ်။ ဒီထဲမှာ ဒေါ်ချမ်းမြက အကောင်းမြင်နဲ့ မသက်ကိုပြောတာ"

"ပြောပါမသက်၊ စိုးနားထောင်နေတယ်"

"လူတွေက ပြောကြတယ်တဲ့စိုး။ စိုးနဲ့မသက် တိတ်တိတ်ပုန်းညားနေကြတာတဲ့။ သူတို့အမြင်ကို မသက်ဂရုမစိုက်ပါဘူး။ ဒေါ်ချမ်းမြစကားအရဆိုရင် စိုးကလင်ငယ်နေရာမှာ အလိုလိုရောက်နေတာတဲ့။ မသက်တို့ရိုးသားကြပါတယ်ပြောလဲ ဘယ်သူကမှ ယုံကြည်ကြမှာမဟုတ်ဘူး။ ဒီတော့ ဒေါ်ချမ်းမြက ပြောတယ်၊ မင်းတို့ချင်း သံယောဇဉ်ကလဲ နည်းနည်းနောနောမှတ်လို့တဲ့၊ တရားဝင်လက်ထပ် ပေါင်းသင်းလို့ ဘာဖြစ်မှာလဲတဲ့၊ ဒါမှ





စိုးအတွက်ရော မသက်အတွက် ရောကောင်းမှာတဲ့ စိုး"

စကားရှည်ကြီးပြောလိုက်ရ၍ မသက်မောသွားပုံရသည်။

"စိုးကိုလဲ သူရအောင်က ဒီလိုပဲစွပ်စွဲတယ်။ ပြီးတော့ စိုးကိုကြာသမားတဲ့"

"သူကများ . . တောက်"

မသက်သည်ဒေါသဖြစ်လွယ်တတ်သူတစ်ယောက်လည်းဖြစ်၏။

"သူတို့ပြောတာ သဘာဝများကျနေလား မသက်"

"မင်းဘယ်လိုမြင်လဲ ပြီးတော့လေ။ မင်းကိုမေးစရာရှိတယ်ဆိုတာက နောက်နောင်များ မင်းမှာ စွဲစွဲလန်းလန်းဖြစ်ရမဲ့ မိန်းကလေး တစ်ယောက်များ ပေါ်လာနိုင်သေးလားဟင်"

ထိုစကားစုသည် သူ့နှလုံးသားကို မြားနှယ်စူးရှ နစ်ဝင်သွားစေ၏။ သူ့ရင်တို့လှိုင့်ထွက် ပေါက်ကွဲကုန်ပြီထင်၏။ သူသည် မသက် ကိုယ်ကိုသိမ်းကျုံးဖက်ရင်း ပြောပြလိုက်သည်။

"မသက်ရယ် စိုးဘဝမှာ နောက်လဲမရှိဘူး။ အရင်တုန်းကလဲ မရှိခဲ့ဘူး။ စိုးလေ မသက်ကလွဲလို့ဘယ်သူ့ကိုမှ စွဲစွဲလန်းလန်း မဖြစ်ခဲ့ဘူး သိလားမသက်"

"မသက်လဲဒီလိုပါပဲကွယ်။ မသက်လေစိုးရှိနေရင် နေပျော်တယ်ကျေနပ်တယ်သိလား။ စိုးကသာရင်ကို ဆွဲဆောင်နိုင်သူ



www.burmeseclassic.com

www.burmeseclassic.com



ပါကွယ်"

သူတို့နှစ်ယောက်သည် ခေတ္တမျှငြိမ်သက်သွားကြသည်။

နှစ်ဦး၏ ထွက်သက်ဝင်သက်သံများကို ပီပီပြင်ပြင် ကြားနေရသည်။

မသက်ကျောပြင်မှာသော်လည်းကောင်း၊ သူ၏ကျောပြင်မှာသော်လည်းကောင်း မျက်ရည်တို့စွန်းထင်းရစ်ပြီ။

"ထွက်သက်ဝင်သက်တို့ချုပ်ငြိမ်းသည်အထိ ရင်ထဲမှာ အမှတ်ကရ ဖြစ်စေဖို့ စကားတစ်ခွန်းပြောရမှာလား စိုးရင်ရဲ့လမင်း စိုးရင့်ရဲ့မွေ့ရာ စိုးရင်ရဲ့တမ်းမက်ရာတွေနဲ့ ဒီစကားကို စီရင်ပြုလိုက်မယ်၊ သံယောဇဉ်နဲ့ ပတ်သက်ရာမှန်သမျှကိုလဲ ဒီစကားရဲ့အနက်တွေအဖြစ် ဖြည့်စွက်ချင်ရဲ့၊ အဲဒီစကားကို စိုးရင်နဲ့ပဲပြောမယ် သိ လား"

မသက်ကို ဖက်ထားရာမှ ခွာလိုက်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"မသက်ကို စိုးချစ်တယ်။ တကယ်တော့ အချစ်ဆိုတာ ရင်ချင်းဆက်သွယ်ရာဖြစ်တဲ့ နိမိတ်ပုံပါပဲ"

"စိုး မသက်လဲ စိုးရင်ထဲမှာ ဖြစ်ပေါ်နေသလိုပါပဲ။ မသက်တို့ လက်ထက်ကြရအောင်။ လူတွေအမြင်ကြောင့်စိုး နစ်မွန်းရမှာကို စိုးရိမ်တယ်ကွယ်"





"စိုးနဲ့မသက်တို့ တစ်ဘဝလုံးမခွဲ အတူနေရဖို့ဆိုရင် စိုးအားလုံးကိုလုပ်ရဲတယ်။ စိုးဘဝမှာ မသက်သာအဓိကကျဆုံးပဲ။ မသက်ပြောသလိုပဲ စိုးတို့လက်ထက်ကြရအောင်"

သူသည် မသက်ကို လွတ်လပ်စွာနမ်းမည်ပြင်လိုက်၏။

"စိုး ၊ မသက်နေမကောင်းဘူးလေ။ ပြီးတော့ စိုးနဲ့မသက်တို့က တရားဝင်မှ လက်မထပ်ရသေးတာ"

သူရယ်မောပြီး လုပ်ဆောင်မှု မှန်သမျှကို ရပ်ဆိုင်းလိုက်သည်။

မသက်ကတော့ သူ့ကို မှီနွဲ့ပြီးနေသည်။ အတန်ကြာငြိမ်သက်ပြီးမှ မသက်စကားဆိုသည်။

"ရုပ်ထွေးပွေလီတဲ့ မြို့ပြမှာတော့ ကိုယ်တို့စုံတွဲ မထင်မရှားပဲဖြစ်မှာစိုး။ ပြီးတော့ကိုယ်တို့မင်္ဂလာအခမ်းအနားကလည်း သိပ်ပြီးအထူးအဆန်းဖြစ်လာမှာ မဟုတ်ဘူး။ ကိုယ့်ရွာမရောက်တာ စိုးနဲ့အတူတူလောက်ပဲ။ ကိုယ်တို့စုံတွဲကို လူတိုင်းငေးကြမှာသေချာတယ်။ သူတို့အားလုံးက ကိုယ်တို့ကို အားကျချီးကျူးကြမှာလဲ သေချာတယ် စိုး"

"အခုတော့ စိုးနေသားတကျနေဦး။ မသက်နေကောင်းတာနဲ့ ရွာသွားကြမယ်။ ဒီလုပ်ငန်းတွေကို အကုန်ရပ်စဲပြစ်မယ်။ ဟိုမှာပဲ အခြေချမယ်ကွယ် လယ်ကွင်းပြင်တဆုံး စိုးနဲ့မသက်တို့ လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါးနိုင်မယ်။ ပြီးတော့လေ ရာသီဥတုကအစ ကိုယ်တို့နှစ်ယောက်အတွက် အကောင်းဆုံးအနေအထားပဲ ဒါမှလဲ ကိုယ်တို့မင်္ဂလာဦးညတွေဟာ ပိုပြီးအဓိပ္ပါယ်ရှိသွားမှာပေါ့ စိုး"

သူတို့နှစ်ယောက်သည် တင်းကျပ်စွာ ဖက်နှောင်မိပြန်သည်။

မျက်နှာချင်းဆိုင်ရင်း၊ နွဲ့မို့ရင်းက စကားတွေအများကြီးပြောဖြစ်ကြသည်။ ထိုနေ့ညက မသက်ရင်ခွင်ကိုနွဲ့မို့က အိပ်စက်ခဲ့သည်။

သို့သော် သူ၏စိတ်နှင့်တကွ အရာအားလုံးသည် ရိုးသားဖြူစင်နိုင်ခဲ့သည်။

မသက်အားပွေ့ဖက်နွေးထွေးစေချင်ခြင်းကလွဲ၍ သူဘာမှအထ မြောက်အောင် ကြံစည်ကြိုးစားခြင်း မပြုခဲ့ရပါ။

ɪɪɪ





၁၂။

မသက်အတွက် ကြာဇံဟင်းခါး ဝယ်ယူပြီးကားပေါ်ပြန်တက်ခဲ့သည်။ ဝယ်ရောင်းတစ်ဦးထံမှ ငွေကျန်များကို သူတစ်ယောက်တည်း ယူရန်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုလူ၏ ဇည့်ခံစကားပြောဆိုနေမှုကြောင့်ပင် အချိန်လင့်သွားသည်။ ကားမောင်းရင်းက မသက်မကျန်းမာသည်မှာ သုံးရက်မြောက်ရှိသွားသည်ကို သတိရသည်။

အိမ်ပြန်ရောက်ပါက ကြာဇံဟင်းခါးတိုက်ရင်းနှင့် ဆေးခန်းပြဖို့ မသက်အားဖျောင်းဖျရမည်။

ဒါမှလည်း သူတို့၏ လက်ထပ်မည့်အစီစဉ်သည် မြန်မြန်အကောင်အထည် ပေါ်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝသို့ရောက်သောအခါ မြို့တံခါးသည် အကြောင်းမဲ့ ပွင့်နေ၏။

အိမ်ရှေ့သို့ကားထိုးရပ်လိုက်သောအခါ ကားရှိရာသို့ သူရအောင် လျှောက်လာသည်။ သူရအောင်ကားလိုချင်သည် အထင်ရှိ၍ ကားသော့တန်းလန်းပင်ထားပစ်ခဲ့သည်။

အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်သည်နှင့် သူရအောင်လက်တားလိုက်သည်။

"ဟော့ကောင် မင်းဝင်စရာမလိုဘူး။ လေးလေးနဲ့ဒေါ်သက်စာရင်းရှင်းနေကြတယ်"

သူခြေတို့တုန့်ခနဲရပ်သွားရသည်။ လေးလေးဆိုသော အမည်နာမကြောင့် သူတွေသွားရသည်။ ဒါဆိုရင် ဦးတင်နိုင်အောင်အိမ်ပေါ် ပြန်ရောက်နေပြီပေါ့။

"မလိုဘူး တင်နိုင်အောင် ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး"

"အံမယ် ငါလက်ပါလိမ့်မယ်နော်"

တစ်စွန်းတစ သဲ့သဲ့ထွက်လာခြင်းကြောင့် သူဝုန်းခနဲ လှုပ်ရှားမှုပြုလိုက်သည်။

"ဟော့ကောင်မင်းမသွားရဘူး"

"သွားမယ် ဘာဖြစ်လဲ။ ဒီမယ်သူရအောင်၊ မသက် မကျန်းမမာ ဖြစ်နေတာကွ"





"မင်းနဲ့ဘာဆိုင်လဲ။ သွေးမတော် သားမစပ်ကွာ၊ သူ့ဘာသာသူလင်မယား စကားများနေကြတာ"

"မင်းကွာ"

"ရမလား မင်းလိုငပိန်ညောင်ကများ "

သူ့လက်ကို ချုပ်ကိုင်ပြီး အရှိက်ဆီသို့ ထိုးလိုက်ခြင်းကြောင့် လက်ထဲမှ ကြာဇံဟင်းခါးထုပ် ဖိတ်စင်ကျကုန်သည်။

ကြာဇံဟင်းခါးဆီသို့ အာရုံအရောက်တွင် သူရအောင်ဒုတိယအချက်ဆင့် ထိုး၏။

"အား"

သူနောက်သို့လန်အကျတွင် သူရအောင်က မျက်နှာကိုဆီးပြီးကန်သည်။

"ဟော့ကောင်သူရအောင် "

ဦးထွန်းလူဝင်ရောက်လာခြင်းကြောင့်သာ သူသက်သာရာရသွားသည်။ ဦးထွန်းလူ ဇလကိုတော့ သူရအောင်မယှဉ်နိုင်တော့ပေ။ ဦးထွန်းလူ၏ ထိုးနက်ချက်ကို ခံရပြီးနောက် သူရအောင်ဘာတစ်ခွန်း မှ ဝင်မပြောတော့ပေ။

"လာစိုး၊ ဦးလေးတို့အထဲဝင်ရအောင်"

"မြန်မြန်ဝင်မှဦးလေး မသက်ကနေကောင်းတာမဟုတ်ဘူး"

တံခါးမကိုတွန်းဖွင့်ပြီး အလျင်စလိုဝင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်နိုင်အောင်နှင့် မသက်တို့၏ စကားစစ်ပွဲသည် တော်တော်လေးပြင်းထန်နေ၏။

rrr

သူနှင့်ဦးထွန်းလူ ဝင်လာသည်ကို မြင်သောအခါ ဦးတင်နိုင်အောင် စကားခဏဖြတ်လိုက်သည်။

သူ့ကို စူးစူးဝါးဝါးကြည့်ပြီး အခဲပြင်းဆုံးစကားကို ရွေးပြောလိုက်၏။

"ဘာလဲ စိုးဆိုတာသူလား။ မင်းလင်ငယ်လေးက ခပ်သေးသေးကွေးကွေးလေးပဲ"

"ရှင်နော် ဒါကတော့တရားလွန်နေပြီ"

မသက်သည် ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်ပြီး ဦးတင်နိုင်အောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဘာလဲ၊ မင်းကလင်ငယ်ကိုထိလို့ နာတာလား။ ငါနဲ့မကွာသေးတဲ့ မိန်းမတစ်ယောက်ဟာ နောက်ယောကျ်ားတစ်ယောက်နဲ့ ပေါင်းသင်းနေရင် အဲဒီလူကို လင်ငယ်လို့မသတ်မှတ်လို့ ငါက





ဘယ်လိုသတ်မှတ်ရမှာလဲ"

"ဒီမှာ တင်နိုင်အောင် ရှင်နဲ့ကျွန်မကိစ္စမှာ ကြားလူဝင်ပါဖို့ မလိုဘူးထင်တယ်။ ရှင်ဘာဖြစ်ချင်လဲ။ ဖြစ်ချင်တာကိုပဲ ပြောပါ"

"အေးဖြစ်ချင်တာကတော့ ငါနဲ့ ၊ကွာရှင်းမပြီးသေးမှ မင်းတို့နှစ်ယောက် ပေါင်းသင်းခြင်းဟာ တရားဝင်မဖြစ်ဘူးဆိုတာ မင်းသိထားဖို့လိုလိမ့်မယ်"

"အဲဒီတော့ ရှင်ပြောချင်တာက"

"မင်းအနုပိုင်ဆိုင်နေတဲ့ ပစ္စည်းတွေအားလုံးကို အိမ်ထောင်ခွဲရအောင်။ ငါကတော့မင်းကို စတင်ပြီး မပြတ်ချင်ဘူး။ မင်းက မပေါင်းသင်းချင်တာဆိုတော့ ငါ့ကိုတစ်ဝက်ထက် နည်းနည်းသာပေးရင် ပိုကျေနပ်လိမ့်မယ်"

မသက်သည် ဦးတင်နိုင်အောင် မျက်နှာကိုကြည့်ရင်က မျက်နှာလွှဲကာ တံတွေးထွေးလိုက်သည်။

"တော်တော်ရွံဖို့ကောင်းတဲ့ ယောကျ်ားပဲ"

သူနှင့်ဦးထွန်းလူသည် သူတို့နှစ်ယောက်၏ မျက်နှာအမူအယာနှင့် အရိပ်အကဲကို ကြည့်နေရုံမှတပါး ဘာမှတတ်နိုင်ခြင်းမရှိပေ။

သူတို့နားသို့ သူရအောင်လာရပ်သည်။ သူ့အနေနဲ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



သူရအောင်ကိုသတိထားဖို့ လိုပေလိမ့်မည်။

"အေးလေ အခုတော့ မင်းကရှုံတော့မှာပေါ့"

"ဒီမှာရှင်ဘာမှပြောနေစရာမလိုဘူး။ ရှင်ဘာသာလေးငါး ခြောက်နှစ်လုံး ဘယ်မှာသွားပြီး မယားငယ်တွေတပျော်တပါးနဲ့ ပေါင်းသင်းနေတာ။ ရှင်ရန်ကုန်မှာရှိစဉ်ကကော ရှင်နဲ့တွဲတွဲနေတဲ့ ကောင်မလေးတွေရော"

"ဘာလဲ သက်သက်မိုး မင်းကောင်ရှေ့မှာ ငါ့သိက္ခာကို ချပြီး မင်းကိုယ်မင်း သူတော်ကောင်းမကြီးလို့ သက်သေပြတာလား ငါမရှိတဲ့ ငါးနှစ်ကျော်ကာလမှာ မင်းတွဲဘူးတဲ့ ယောကျ်ားတွေက ဒီကောင်လေးတစ်ယောက်ထဲကလို့လား"

"ဒါကအလုပ်သဘောပဲ စိတ်သန့်တယ် ကျွန်မဆက်ဆံရေး ဟာ ကိုယ်ကာယမပါတဲ့ လူမှုဆက်ဆံရေးပဲ"

"ဒီလိုပဲမင်းပြောတော့မှာပေါ့၊ အခုတောင်မှ မင်းတို့ကင်းရှင်း ကြတယ်လို့ ပြောနေသေးတာပဲ"

ဦးတင်နိုင်အောင်ကို သူပါရောပြီး ရွံရှာမိတာတော့ အမှန် ပင်။

ဒီစကားရပ်ဖို့တော့ သူဝင်ရှင်းမှတော်မည်။ သူနှင့်တိုက်ရိုက် ပတ်သက်မှုရှိနေသည်။

"ဒီမှာဦးတင်နိုင်အောင်၊ မသက်နဲ့ကျွန်တော် လက်ထပ်ဖြစ်





ဖို့အစီစဉ်ရှိတာတော့ ဟုတ်တယ်။ ဒီနေ့အထိ ကျွန်တော်တို့နှစ် ယောက်ဟာ ဘာဆွဲဆောင်မှုမှ မပါတဲ့ ပကတိသံယောဇဉ်နဲ့ ဆက်ဆံ နေကြတာ။ ဒီတော့ ဦးတင်နိုင်အောင်ဖွပ်ဖွဲ့နေတဲ့ လင်ငယ်ဆိုတဲ့ စကားလုံးကို အခုချက်ခြင်း ရုပ်သိမ်းပေးပါ"

ဦးတင်နိုင်အောင်သည် သူ့ဘက်သို့ခြေလှမ်းတိုးလာသည်။ သူနှင့်မျက်နှာချင်းဆိုင်ရပ်ပြီး သေချာကြည့်သည်။ မသက်သည် စိုးရိမ် တကြီးနှင့် နောက်ပါမှာကပ်လျက်ရပ်နေ၏။

"အေး မင်းမဆိုးဘူး။ စကားတော့တတ်သားပဲ။ ငါ့မယား လဲကြာမိသေးတယ်။ ငါ့ကိုလဲ ရာဇသံပေးသေးတယ်။ အဲဒီတော့ ရော"

ဦးတင်နိုင်အောင်ထိုးနက်ချက်ကြောင့် အားလုံးရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

"ဒါရှင်မရားတာ ရှင်အခုချက်ခြင်းထွက်သွားရှင်လိုချင်တဲ့ အရာကို ရှင့်ရှေ့နေကတဆင့်ပြော။ ရှင်ဒီထက်ပိုပြီးရဲတင်းလာမယ် ဆိုရင် ရဲစခန်းအကြောင်းကြားရလိမ့်မယ်"

"မင်းငါတောင်းဆိုမှုကို လိုက်လျောမယ်လို့ ကတိပေးလား"

"ပေးတယ် ဒါပေမယ့် ပြတ်ပြတ်စီးစီးဖြစ်အောင်ရှင့် ရှေ့နေ တစ်ယောက်ယောက်ကတဆင့် ဆက်လုပ်ပါ။ ကျွန်မသုံးရက်အတွင်း ပြီးပြတ်အောင် လုပ်ပေးမယ်။ ရှင်လိုတာ ရှင်ပြောချင်တာကို ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကပဲ ပြောပါ။ တောင်းဆိုပါ ဒါပဲ"

"မင်းကတိတည်ရင် ပြီးတာပဲ။ ငါလူမသတ်ချင်ဘူး"

"ရှင်ထွက်သွားပါ။ ကျွန်မဘက်က အမြန်ဆုံးဖြစ်အောင် စီစဉ်ပေးမယ်"

"လေးလေး သွားကြရအောင်"

သူရအောင်ဆွဲခေါ်သည်နှင့် ဦးတင်နိုင်အောင်တို့ထွက်ခွာသွားသည်။

မသက်သည် သူ့နားသို့ တိုးကပ်လာသည်။

သူ့ပါးပြင်ကို ကိုင်တွယ်ရင်းက မျက်ရည်တို့ ဝဲလာ၏။

"မသက်တို့ ဒီကိစ္စကို မြန်မြန်ပြီးအောင် ဖြတ်မှပဲ"

"စိုးတစ်နေရာကို ရှောင်နေရင်ကောင်းမယ် ထင်တယ်"

ဦးထွန်းလူက စိုးရိမ်တကြီးဖြင့် ဝင်ပြောလိုက်သည်။

"ကျွန်မလည်းဒါကို စဉ်းစားနေတာ"

မသက်နှင့် ဦးထွန်းလူတို့၏ ရှေ့နောက်ထွက်လာသော စကားများကြောင့် သူလှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

"ဒါကတော့မဖြစ်ဘူး။ မသက်တစ်ယောက်ထဲ စိုး စိတ်မချဘူး"

"မသက်တစ်ယောက်တည်း သူနဲ့ရင်ဆိုင်ရလို့ဘာမှမဖြစ်ဘူးစိုး။ စိုးရှိနေရင်သာ စိုးကိုရမ်းမှာ စိုးရတယ်"





"ဟုတ်တယ်စိုး။ ကိစ္စပြီးပြတ်အောင်အထိတော့ စိုးတစ်နေရာရာကို သွားနေစေချင်တယ်"

သူခပ်တွေတွေဖြစ်သွားရသည်။ သူတို့ပြောသည်ကလည်း ဟုတ်နေသည်။ သူသက်ပြင်းချလိုက်သည်။ သူ့စကားကို မသက်တို့ စောင့်နေကြသည်။

"မသက်ဘာလုပ်စေချင်လဲ"

"ဒီလိုလုပ်စိုး။ အဓိကကတော့ သူနဲ့ကွာရှင်းကြောင်း လက်မှတ်ထိုးဖို့ပဲ။ ဒါမှလဲ မသက်တို့ရဲ့ နှစ်ယောက်နေထိုင်မှုကို သူနှောင့်ယှက်လို့မရမှာ"

"မသက်နေမကောင်းဘူး မဟုတ်လား"

"စိုးကကွာ။ အခုချိန်မှာ မသက်ရင်ထဲမှာ နေမကောင်းဘူးဆိုတဲ့အသိတောင်မရှိတော့ဘူး။ သူနဲ့ဖြေရှင်းရမဲ့အကြောင်းအရာတွေကိုပဲ ခေါင်းထဲမှာတွေးနေတာ။ ရှင်းကြလင်းကြရင်လဲ ကိုယ်ဘက်က နစ်နာမှုမရှိအောင်တော့ ကြံစည်ရမှာပဲ"

မသက်သည် ပြောဆိုရင်းနှင့် မျက်နှာနီတက်လာသည်။ ဒီလိုအကျပ်တည်းမျိုးကို မသက်ဖြေရှင်းနိုင်မည်ကိုတော့ သူယုံသည်။ ဒါပေမယ့် မသက်နံဘေးမှာ သူရှိနေပြီး ဖြစ်စဉ်အားလုံးကိုလည်း သူကြည့်ချင်သည်။

"မသက်ဆီမှာရှိတဲ့ အပေါယံပစ္စည်းလောက်သာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အောင် သိမှာ ဒီတော့ ဒီကိစ္စကို အမြန်ပြတ်အောင်ရှင်းမယ်။ စိုးက ရှာကိုမနက်ဖြန်ပြန်နှင့်။ အခုစက်တင်ဘာနစ်ဆယ့်ခုနစ်ဆိုတော့ မသက်ကအောက်တိုဘာ တစ်ရက်နေ့ ရောက်အောင်လာခဲ့မယ်"

မသက်ကို သူယုံကြည်သည်။ မသက်၏ အရည်အချင်းနှင့် စိတ်ဓာတ်ကို သူသိသည်။

သို့သော် မသက်ကို သူစိတ်မချနိုင်။ သေချာသည်ကတော့ မသက်နှင့် ခွဲမနေနိုင်ခြင်းပါပဲ။ သို့သော် မသက်ကတော့ သူ့ထွက်ခွာသွားဖို့ နိုင်းစေနေပြီ။





၁၃။

သူ့စိတ်တို့သည် အိပ်ရာဝင်ချိန်မှတိုင် အရဏ်တက်သည့်အထိ လှုပ်ရှားနေမိသည်။

အဝေးကိုသွားရမည်ဆိုသော အသိကြောင့်ပင် ရင်တို့လေးလံနေရသည်။ ပြီးတော့မသက်ကို ပြဿနာများနှင့် ထားခဲ့ရမည်။ သူထွက်ခွာလာသည့် ခရီးကလည်း သူ့အတွက် ထိခိုက်မှုမရှိစေရန် ရှောင်နေသောခရီး။

ဘူတာသို့လာရာလမ်းတွင် သူစကားမပြောဖြစ်။ သူကဲ့သို့ပင် မသက်သည် ငြိမ်သက်လွန်းအားကြီးနေသည်။ သူ၏ သက်ပြင်းချသံများမှတပါး နံနက်လင်းခြင်းသည် မင်္ဂလာရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာဆင်ဝင်သို့ရောက်သောအခါမှ မသက်၏နေမကောင်းခြင်းကိုဂရုထားဖြစ်တော့သည်။

မသက်ကို သူကြည့်လိုက်ချိန်မှာတော့ လူကောင်းတစ်ဦးကဲ့သို့ပင် သွက်လက်မှုကိုပြနေသည်။ နေမကောင်းသူတစ်ဦး၏ လက္ခဏာများ ပေါ်ပေါက်နေခြင်းမရှိပေ။ အနည်းငယ်ချောင်ကျနေသော မျက်နှာမှတပါး ကျန်အရာအားလုံးသည် မသက်၏ နဂိုအလှအတိုင်းရှိနေကြသည်။

"မသက်ကိုပေး စိုး"

သူ့လက်ထဲမှ ခရီးဆောင်အိပ်ကိုပင် လျင်မြန်စွာယူလိုက်သေးသည်။ ဒီလိုအနေအထားမျိုးကျတော့လည်း တစ်ယောက်တည်းထားခဲ့ရမည်ကိုနည်းနည်းတော့ စိတ်သက်သာရသည်။

"စိုးရေ ပြတင်းပေါက်ကြီးအမြဲဖွင့် မထားနဲ့ဦးနော်။ ပြီးတော့ မြစ်အကျုံးကျရင်လဲ ဂရုထားဦး။ အရမ်းတွေးမနေနဲ့ အောက်တိုဘာ တစ်ရက်နေ့တော့ ရွာထိပ်ဆီကမျှော်နော်"

မကြာမီမှာ ရထားတွဲထိုးလာတော့သည်။

သူစကားပြောလို့မရတော့ပေ။ အထက်တန်းတွဲများရှိရာသို့ မသက်ပင်ဦးဆောင်သွားသည်။

"စိုး ရေသန့်ဗူး ပါတယ်နော်။ ပြီးတော့မနက်စာကိုလည်း မသက်ထည့်ပေးထားတယ်။ စိုးကရေအပြောင်းလဲတို့ အစားသောက်





အပြောင်းဆို ဗိုက်သိပ်ကောင်းတာမဟုတ်ဘူးနော်"

သူ့အလင်းရောင်ဖျော့ဖျော့အောက်မှာပင် မသက်ကိုကြည့်မိသည်။ အဝေးသို့သွားသူနောက်ဆံတင်းမှုမရှိစေရန် အားငယ်စိုးရွံ့သော အသွင်ပြင်များကို ဖျောက်ကွယ်၍ ထားသည်။

ရင်ချင်းတော့ သိသည်ပေါ့လေ။ တစ်နာရီ တစ်မိနစ်မျှ ဝေးကွာမှုကိုတောင် နှစ်ယောက်သား သည်းသည်းလှုပ် ဖြစ်ခဲ့ကြလေရဲ့။ ဒီလိုနာရီနှင့် ချီပြီးဝေးကြရမည် ဆိုတော့။

"မသက်"

သူ၏လျှပ်တပြက်ခေါ်သံကြောင့် နည်းနည်းတော့ မသက် တုန်လှုပ်သွားသည် ထင်၏။

"ပြောလေ စိုး"

"စိုးကို အိပ်မက်မက်နော်"

သူ၏ တောင်းဆိုလိုက်မှုကြောင့် ခပ်ထွေထွေလေးဖြစ်သွားသည်။ အခြေအနေကို ချက်ခြင်းဆိုသလို ပြန်လည်ပြုပြင်ရင်း လေပြေထိုးတော့သည်။

"အိပ်မက်ဆိုတာ စိတ်စွဲလန်းလို့ဖြစ်တည်ရတာ။ မင်းစိတ်နဲ့ ကိုယ့်စိတ်ဟာတစ်ခုသော စွဲလန်းခြင်းကြောင့် မိုးကောင်းကင်ထဲမှာ ဆုံဖြစ်တာ။ မင်းကပဲဖြစ်ဖြစ်၊ ကိုယ်ကပဲဖြစ်ဖြစ် အရမ်းသတိရ ဖြစ်ပြီး အိပ်ပျော်သွားတဲ့ အချိန်မျိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိုးလေ မသက်နဲ့ခွဲရမှာကို အားတော့ငယ်တယ်။ စိုးအတွက်တော့ အပြင်းအထန် လွမ်းရမဲ့ကာလပဲ"

"အဲဒီကာလလေးဟာ တိုတိုလေးပါစိုးရယ်။ ဒီအဖြစ်တွေကလွန်မြောက်ပြီးတာနဲ့ ကိုယ်တို့ဘဝလေးကို တွေးကြည့်လိုက်စမ်းစိုး။ စိုး ရင်မှာလွမ်းတိုင်း မသက်တို့နေထိုင်ရမဲ့ နှစ်ယောက်ဘဝလေးကို စိတ်ကူးယဉ်ထားစမ်းစိုး"

မသက်ကသူ့ကို နှစ်သိမ့်စကားပြောသည်။

"မသက် ရထားထွက်ခါနီးပြီ"

သူပြောလိုက်မိသောစကားကြောင့်ပင် မသက်ထိုင်ရာမှ ထသည်။

ဆုပ်ကိုင်ထားသော စကားကြောင့်ပင် မသက်ထိုင်ရာမှ ထသည်။

ဆုပ်ကိုင်ထားသော လက်တို့သည် ပြေလျော့ကုန်ပြီ။

"မသက်စိုးနားကို ခဏလေးတိုးပေးပါ"

ပြောပြောဆိုဆိုပင် လူတွေအလစ်မှာ မသက်ပါးပြင်ကို နမ်းလိုက်သည်။

"ဒီတစ်ခါတော့ မသက်ထက် စိုးအကြံဦးသွားတယ်"

မသက်ကိုထွေးပွေ့ထားချင်သည်။

အရပ်ဒေသကြောင့်ပင် သူ့စိတ်တွေကို ရပ်တန့်ထားရသည်။





သူ့အနားမှမသက်ထွက်ခွာလေပြီ။

မသက်၏အဝေးသို့သွားသော ခြေလှမ်းတို့ကို သူမကြည့်ရဲသေးပေ။

သူ့မျက်စိကိုမှိတ်ထားလိုက်သည်။

ခဏအကြာမှာတော့ ပြတင်းဘောင်ပေါ်တင်ထားသော သူ့လက်ကို မသက်လာကိုင်၏။ မျက်စိဖွင့်လိုက်သောအခါ သူ့အကြည့်အောက်တွင် မသက်ရောက်နေရသည်။

မသက်၏ လက်ဖျားလေးများကို သူဆုပ်ကိုင်ထားလိုက်သည်။

"မင်းသတိရသလို မသက်လဲသတိရနေမှာပါ"

မသက်ပြောသောစကားက သူ့ဝမ်းနည်းမှုကို ခြေချလေတော့၏။

"နေကောင်းပြီဆိုပြီး မသက်မပေါ့နဲ့ဦးနော်။ အအေးမခံနဲ့ဦး ပြီးတော့လေ ညနေဖက်ကို ခေါင်းမလျှော်နဲ့ မသက်ကို ကြည့်ပေးမဲ့စိုးမရှိတော့ဘူး"

"စိုးလဲ အိပ်ပျက်ခံပြီး လျှောက်တွေးမနေနဲ့ဦး"

မသက်စကားသည် စောစောကလောက် အားပါးတရမရှိတော့ပေ။

"ရှိ . . ရှိ"



www.burmeseclassic.com

www.burmeseclassic.com



ခရာမှုတ်သံက သူတို့ခွဲခွာမှုအတွက် အမင်္ဂလာအသံဖြစ်နေမည်လား။

"ဘော် . . ဘူ"

"သွားတော့ စိုးရေ"

ဆုပ်တွယ်ထားသော သူ့လက်ကို ဖြေလျော့ပေးလိုက်သည်။

စကြဲ့လွှန်သည်နှင့် ရထားသည်အမြန်နှုံးပိုလာ၏။

မသက်ကျန်နေခဲ့ပြီ။

ဝေးပြီ ဟုသိရချိန်မှာတော့ နလုံးသားသည် တင်းခံနိုင်စွမ်းမဲ့ချေပြီ။

ဒီကမ္ဘာအတွက်
ငါနှစ်သက်ရာ
ငါတွယ်ဖက်ရာရေ . . .
မေ့မရခြင်းကောင်းကင်
သံယောဇဉ်တောင်တန်းတွေနဲ့
မင်းရဲ့သစ္စာပန်းတစ်ပွင့်
ငါ . . .
မျှော်လင့်ပါရစေ . . . . . ။

၊၊၊





၁၉၉၇ ခုနှစ်
အောက်တိုဘာလ
သုံးရက်
သောကြာနေ့

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာသုံးရက် နေမွန်းတည့်ခါနီးမှာတော့ သူနေထိုင်မရဖြစ်လာသည်။

ချိန်းဆိုထားသော ရက်ထက် မသက်နောက်ကျနေပြီ။

မနေ့ညက ရထားမီးချုပ်တယ်ထားဦး။ အောက်တိုဘာသုံးရက် မနက်ဦးပိုင်းမှာတော့ မသက်ရောက်သင့်သည်။

အန္တရယ်တစ်ခုခုနှင့် ကြုံနေပြီလား ဟု စိတ်မှာ ထင်လာသည်။

အချိန်ဆွဲမနေတော့ဘဲ မြို့ပေါ်တက်ပြီး အဆက်သွယ်လုပ်ရန်ဆုံးဖြတ်လိုက်သည်။

“ဒေါ်လေး စိုး မြို့ပေါ်တက်ပြီး ဖုန်းဆက်ကြည့်ဦးမယ်။ ရန်ကုန်မှာ အခက်ခဲ တစ်ခုခုနဲ့မသက် ကြုံနေရပြီထင်တယ်”

သူကစိုးရိမ်တကြီးပြောနေပေမယ့် အားလုံးကအေးစက်စက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြသည်။ သူ့ကိုသနားစရာ သတ္တဝါလေးပမာ ကြောင်စီစီနှင့် ကြည့်နေကြသည်။ အားလုံးကို ရှင်းပြနေမည့်အစား သူ့အစီစဉ်ကိုသာ အမြန်အကောင်ထည်ဖော်ရန် စတင်လိုက်သည်။

အဓိကအကျဆုံးကတော့ မသက်နှင့် အဆက်အသွယ်ရဖို့ပဲဖြစ်သည်။

မြို့ကို အလွယ်တကူသွားနိုင်ရန်အတွက် ကိုမော်က စက်ဘီးအဆင်သင့် လုပ်ထားပေးသည်။

"လိုက်ဖို့လိုဦးမလားစိုး"

"ရတယ် ကိုမော် ၊စိုးတစ်ယောက်တည်းသွားမယ်"

ဒီလမ်းခရီးကို သူတစ်ယောက်တည်းသာ သွားချင်သည်။ သူ့စိတ်တို့၏ စိုးရိမ်ကြောင့်ကျမှုများကို မည်သူတစ်ယောက်မျှ အသိခံလို့ မဖြစ်ပေ။

rrr

မြို့နားနီးကာမှ နားချင်စိတ်ပေါ်လာသည်။

ရေနံမြေကိုဖြတ်သန်းစဉ်တုန်းကလည်း ကျင်လည်ခဲ့ရာ မွေး





ရပ်မြေကိုကြည့်ချင် စိတ်ပေါ်လာသေး၏။

မသက်ဆီကို စိတ်ရောက်သွားသည်နှင့်ပင် နားမနေတော့ပဲ တောက်လျှောက်နင်းလာခဲ့သည်။

အောင်မြေဘုံသာ ဘုရားနားအရောက်တွင် တာကြီးအတိုင်း ကျောင်းရှေ့မှ မဖြတ်တော့ ပဲ...မြို့ပတ်ကားလမ်းအတိုင်းပင် ကမ်းနား ဘက်မှနင်းသည်။

ဆက်သွယ်ရေးစခန်းရှေ့သို့အရောက်မှာတော့ သူရင်တွေ ပိုခုန်လာသည်။ အရိပ်ရသစ်ပင်အောက်တွင်စက်ဘီးကို သော့ခတ်လိုက်သည်။

"ရန်ကုန်ဖုန်း ခေါ်ချင်လို့ပါ"

"ဖုန်းနံပါတ်ပြော"

ဆက်သွယ်ရေးအမှုထမ်းအမျိုးသမီးက ချက်ခြင်းဆိုသလို ရန်ကုန်ကို ဆက်သွယ်ပေးဖို့ ကြိုးစားလိုက်သည်။

အမျိုးသမီး၏ လှုပ်ရှားနေပုံကိုကြည့်ရင်းသူ့စိတ်တွေ မတည်မငြိမ်ဖြစ်လာသည်။ အတတ်နိုင်ဆုံး စိတ်ကိုလျှော့ချကြည့်သည်။

အခုချိန်မှာ သူ့စိတ်တွေ တည်တည်ငြိမ်ငြိမ် ထားဖို့လိုအပ်သည်လေ။

အမျိုးသမီး၏ 'ရပြီ' ဆိုသောအသံကြောင့် သူဝမ်းသာသွား၏။ သူနားဆီသို့ တယ်လီဖုန်းအရောက်မှာတော့ လူခေါ်သံ

www.burmeseclassic.com

www.burmeseclassic.com



မြည်နေတုန်းပင်ရှိသေး၏။

"ဟဲလို အမိန့်ရှိပါရှင်"

တစ်ဖက်မှ စတင်ပြောလိုက်သောအသံကြောင့် သူတမျိုးဖြစ်သွားရသည်။ ချက်ခြင်းဆိုသလို ဖုန်းနံပါတ်မှားသွားသည်ထင်၍ သူမေးလိုက်သည်။

"ဒေါ်သက်သက်မိုး အိမ်ကပါလား ခင်ဗျာ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ကျွန်တော်နယ်က ဆက်နေတာပါ။ ဒေါ်သက်သက်မိုးနဲ့ စကားပြောချင်လို့ပါ"

နေရာကိုမေးသဖြင့် ချက်ခြင်းဆိုသလို သူအမြန်ဖြေလိုက်သည်။ သူ့အဖြေစကားကြောင့်ပင် အမျိုးသမီးက ပျာပျာသလဲဖြင့် ပြန်ပြော ရှာသည်။ တစ်ခုခုတော့ အကြောင်းထူးပြီဟု သူရိပ်မိလိုက်သည်။

"အောက်တိုဘာ တစ်ရက်နေ့ မတိုင်ခင်အထိတော့ ဒေါ်သက်သက်မိုး ရဲ့အိမ်ပါပဲ။ အခု ဒေါ်သက်သက်မိုးက ကျွန်မတို့ကို အပြီးရောင်း လိုက်ပါပြီ"

"ခင်ဗျာ"

သူ၏ အာမေဋိတ်သံကြောင့် အမျိုးသမီးစကားသံတိတ်သွားသည်။ ဖုန်းချလိုက်မည်စိုးသောကြောင့် သူအမြန်မေးလိုက်သည်။





"သူအခုဘယ်မှာရှိနိုင်သလဲခင်ဗျာ"

"အောက်တိုဘာတစ်ရက်နေ့မှာ ရှင်အခုဆက်တဲ့ မြို့နားကရွာကိုအရောက်သွားမယ်လို့ပြောပါတယ်။ ဒီမျိုးသမီးကိုကြည့်ရတာနေ ကောင်းပုံမရဘူး။ ဆေးခန်းပြဖို့တိုက်တွန်းလဲ ခပ်ပြုံးပြုံးပဲငြင်းတယ်။ ခရီးသွားဖို့သာ သူစိတ်စောနေတာ။ သူ့ခမျာသနားစရာပါရှင်"

ဒီထက်ပိုပြီးဘာမှ ထူးထူးခြားခြားမသိရတော့ပေ။ ကျေးဇူးစကားပြောပြီး သူဖုန်းချလိုက်သည်။

အမျိုးသမီး၏စကားအရ မသက်ရန်ကုန်မှ ထွက်လာတာ သေချာသွားပြီ။ သူဘာဆက်လုပ်ရင်ကောင်းမလဲ။

နီးစပ်ရာဖုန်းနံပါတ်တစ်ခုကို သူထပ်ခေါ်နိုင်းသည်။

ဒုတိယမြောက်ဆက်သွယ်မိသူကလည်း ဖြစ်ရပ်ကို အနည်းငယ်သာ ထပ်မံပြီးပြောပြသည်။

ဦးတင်နိုင်ကျော်နှင့် တရားဝင်ပြတ်စဲပြီးကြောင်း။ ဘယ်ကိုထွက်သွားသည်ကိုသိချင်က အိမ်ဝယ်လိုက်သူကို စုံစမ်းရန်လမ်းညွှန်လိုက်ပြန်သည်။

ဘယ်သူ့ထံမှ ထပ်မံဆက်သွယ်ရန် မလိုအပ်တော့ပေ။

ဆက်သွယ်ရေးအမှုထမ်းအား ကျသင့်ငွေကို ပေးချေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ...တွေးစရာတစ်ခုသာ ကျန်တော့သည်။

"ဒီနေ့တော့ မသက်ရောက်လာမှာပါ"

ဦးတင်နိုင်ကျော်နှင့် ကြီးကြီးကျယ်ကျယ်ပြဿနာ မဖြစ်သည်ကတော့ သေချာသလောက်ရှိသွားပြီ။

ဒါဆို ကိစ္စတစ်ခုခုကြောင့် မသက်ရွာကိုအရောက်နောက်ကျနေတာဖြစ်နိုင်သည်။

နေ၏အပူရှိန်ကို အခုခါမှ သူသတိထားမိတော့သည်။ အညာဆန်သော ရာသီဥတု၏ အပူသည် ကြောက်ခမန်းလိလိဖြစ်နေ ၏။

သူရွာသို့ချက်ခြင်းမပြန်သေးဘဲ အထက်တန်းကျောင်းဘက်ကိုသွားရန် ဦးတည်လိုက်သည်။ ကျောင်းကိုအလွမ်းပြေကြည့်ရင်းကနေခိုရန်ဆုံးဖြတ်လိုက်သည်။

၊၊၊

ကျောင်းအဝင်လမ်းသို့ စက်ဘီးတွန်းဝင်လိုက်ကတည်းက ယူကလစ်ပင်တန်းတို့၏ လေတိုးသံက သူ့ကို ခရီးဦးကြိုပြု၏။





သူတို့ရှိခဲ့စဉ်က ယူကလစ်ပင်တန်းတို့မှာ ပင်ပျိုမဖြစ်တဖြစ်ဘဝသာရှိသေး၏။ အခုတော့ ပင်စည်ထွားထွား အရွက်များဝေဝေဆာဆာဖြင့် ကြည့်ကောင်းနေသည်။

မသက်နေခဲ့သော အပေါ်ထပ်ထောင့်စွန်းခန်းလေးကို သူလှမ်းကြည့်မိသည်။ ကျောင်းသူကျောင်းသားအချို့က သူ့ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်သည်။ ဆရာဆရာမများက အစမျက်နှာသိဟူ၍ တစ်ယောက်တလေမှ မတွေ့ရပေ။

ကျောင်းအပြင်ပတ်လမ်းအတိုင်းပတ်ကာ ကျောင်းနောက်ပေါက်သို့ ဦးတည်လာခဲ့သည်။

ကန်ဘောင်ရိုးပေါ်တွင် စက်ဘီးကို သော့ခတ်လိုက်သည်။ သော့ခတ်နေရင်းက ဘုရာကြီးဆီသို့ အကြည့်ရောက်သွားသည်။

အို ကြည့်စမ်းပါဦး။

အရင်ကာလများကအတိုင်းပင် အုံ့မှိုင်းမှိုင်းပါပဲလား။

မြင်ကွင်းထဲတွင် အသုဘချလာသည်ကို မြင်သည်။

လူသူနည်းပါးလွန်းလှသော အသုဘအခမ်းအနားတစ်ခု။ ရှေ့မှထမ်းပိုးသွားသော အရာကိုလှမ်းမမြင်ရပါက အသုဘဟု ပြောနိုင်မည် မထင်ပေ။

လိုက်ပါပို့ဆောင်ကြသူများမှာ အလွန်နည်းပါးလှသည်။ ကားသုံးစီးရပ်ထားသည်ကိုလည်း တွေ့ရသည်။ ထိုကားတို့သည်



www.burmeseclassic.com

www.burmeseclassic.com



အသုဘအခမ်းနားနှင့် သက်ဆိုင်မှု ရှိချင်မှရှိပေလိမ့်မည်။

အုံ့မှိုင်းနေသော စေတီကြီးကို ဒုတိယမြောက်ကြည့်မိချိန်မှာတော့ သူ့ခေါင်းထဲသို့ 'မြတ်သူ'ဆိုသော အမည်နာမဝင်လာသည်။ ငယ်စဉ်ကအကြောင်းရာများကို စဉ်းစားရင်းက သူတစ်ယောက်တည်း ပြုံးနေမိသည်။

ကန်ထဲသို့ သူဆင်းကြည့်သည်။

အုတ်လှေခါးထစ်များမှာ အလွန်အိုမင်းနေပြီ။

ပဒုမ္မာကြာဖူးများ၊ ကြာပွင့်များဖြင့် ကန်တစ်ခုလုံး ကြည့်လို့လှနေသည်။ ဒီကန်မှာ မသက်နှင့်ထိုင်နေရင်းက ကိုမြတ်သူက ဘုရားကြီးအကြောင်းကို ပြောပြသည်။ ကန်ဘောင်ဘေးနားမှ ကျိန်စာရုပ်ထုများအကြောင်း။ ဘုရားကြီးမှ သူယောင်မယ်များ၊ နာနာဘာဝများအကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ကိုမြတ်သူ ပြောပြသောအခါ မသက်က ဟန့်တားခဲ့သည်။

ရေစပ်တွင် ထိုင်နေရင်းကပင် ဘုရားကြီးဆီသို့သွားရန် ဆန္ဒပေါ်လာသည်။

ထိုင်ရာမှထရင်းက ကန်ရေပြင်ကို သူတစ်ချက်ကြည့်သည်။

အိုမင်းရင့်ရော်သော အုတ်လှေကားထစ်များ အတိုင်းပင် ကန်ဘောင်ပေါ်သို့ပြန်တက်ခဲ့သည်။

ဘုရားကြီးဆီသို့ရောက်ရန် ကွင်းပြင်တစ်ခုကိုသာ သူဖြတ်





သန်းရမည်။ စက်ဘီးစီးချင်စိတ် မရှိသောကြောင့် ဒီအတိုင်းပင် တွန်း လာခဲ့သည်။ ကွင်းပြင်၏ဘယ်ဖက်အဆုံးတွင် အုံ့မှိုင်းနေသော ခင်တန်းငယ်ရှိသည်။ ခင်တန်းငယ်နှင့် ခပ်လှမ်းလှမ်းတွင် သုသာန်တစပြင်ရှိ၏။

"စိတ်မကောင်းစရာဗျာ"

"ကောင်မလေးက ကံကိုဆိုးလွန်းပါတယ်"

မျက်နှာချင်းဆိုင်မှဖြတ်လာသော တစ်ယောက်စ နှစ်ယောက်စ၏ အသံဗလံများကို သူနားထောင်မနေဘဲ ကြားနေရ၏။

စောစောက အသုဘကိုပို့ပြီးပြန်လာကြသူများ ထင်ရဲ့။

စောစောကမြင်လိုက်ရသော ကိုယ်ပိုင်ကားနှစ်စီးလည်းနေရာမှ ထွက်ခွာလာသည်။ ကားများကသူ့လာလမ်းအတိုင်းဦးတည်နေ၍ လမ်းဘေးကပ်ပေးလိုက်သည်။

ရှေ့မှလာသော ကိုရိုလာကားလေးသည် အရှိန်မပျက်မောင်းနှင်သွားသော်လည်း ဟိုင်လပ်လေးကျိပ်သည် သူ့အနားရောက်သည်နှင့် တုန့်ခနဲရပ်ဆိုင်းသွား၏။

"စိုး"

နံမည်ခေါ်သံ။

ကားတံခါးဖွင့်သံတို့သည် ဆက်တိုက်ထွက်ပေါ်လာသည်။

ကားပေါ်မှဆင်းလာသူကိုကြည့်ပြီးသူလည်း အံ့အားသင့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းသာအားရစွာပင် သူနှုတ်ဆက်လိုက်သည်။

"ခင်ဗျားကိုမြတ်သူ မဟုတ်လား"

"သိတ်ဟုတ်တာပေါ့ စိုး"

"အေးဗျာ တိုက်တိုက်ဆိုင်ဆိုင် စောစောကကန်ထဲဆင်းကြည့်ရင်းက ခင်ဗျားအကြောင်းကို တွေးနေဖြစ်သေးတာ"

"အဖြစ်အပျက်တွေကို တိုက်ဆိုင်မှုလို့ ကိုယ်မပြောချင်ဘူး စိုး။ ဒီနယ်မြေမှာ ကိုယ်တို့ဆုံခဲ့ကြတယ်၊ ပြီးတော့ကိုယ်တို့ခွဲခဲ့ကြတယ်။ အခုလဲဒီနယ်မြေမှာပဲ ပြန်ဆုံတွေ့ကြရပြန်ပြီ"

ကိုမြတ်သူ၏ လေသံမှာ ငယ်စဉ်ကအတိုင်းပင် စကားကြီးစကားကျယ်များဖြင့် တည်ဆောက်ထားဆဲ ဖြစ်နေ၏။

"စိုးကဘယ်သွားမလို့တုန်း"

သူ့ကို ကိုမြတ်သူမေးလိုက်သည်။ အားကျမခံပင် ကိုမြတ်သူကို သူပြန်ပြောလိုက်သည်။

"သူယောင်မယ်တွေ၊ ဥစ္စစောင့်တွေကို ဘုရားကြီးမှာ လာရှာတာလေ"

သူကရယ်သွေးလွှမ်းပြီးပြောသေမယ့် ကိုမြတ်သူက ဟန်မပျက်ရှိနေသည်။

စောစောကမောင်းသွားသော ကိုရိုလာလေးပြန်လှည့်လာ၍ ကိုမြတ်သူလှမ်းပြောလိုက်သည်။





"ခင်ဗျားတို့ပြန်နှင့်ကြဗျာ။ ဒီမှာညှိသည်တွေလို့ ကျွန်တော်တော့ ကျန်ခဲ့ဦးမယ်"

ကိုမြတ်သူစကားကြောင့်ပင် ကိုရိုလာကားလေးသည် လာလမ်းအတိုင်းပြန်မောင်းထွက်သွား၏။

"ကိုမြတ်သူ လာဗျာ ဥစ္စာစောင့်တွေ၊ သူယောင်မယ်တွေ ဘုရားကြီးမှာ သွားရှာရအောင်။ ဒီအခေါက်တော့ မသက်မပါဘူးပေါ့ဗျာ။ နောက်ရက်တွေဆိုရင် မသက်ပါ ပါမှာဗျာ။ ခင်ဗျားလဲမသက်ကိုမတွေ့ရတာ နှစ်နဲ့ချီပြီးကြာမယ်ထင်တယ်"

"မင်း မသက်ကိုမျှော်နေတာ မဟုတ်လားစိုး"

လှမ်းမည်ပြင်နေသော သူခြေတို့သည် ကိုမြတ်သူ၏ အမေးစကားကြောင့် တုန့်ဆိုင်းသွားရသည်။

"ခင်ဗျားပြောတာမှန်တယ်ဗျ။ ဒီနေ့ပဲရောက်မလား။ ဒါမှမဟုတ် မနက်ဖြန်ပဲရောက်မလားတော့ မသိဘူး။ စိုးကိုပြောတုန်းကတော့ အောက်တိုဘာတစ်ရက်နေ့ရောက်မယ်လို့ပြောတာဗျ"

ကိုမြတ်သူက စကားမပြောဘဲ သူ့ကိုတွေကာ ကြည့်နေသည်။ နေရင်းထိုင်ရင်းက သူစပ်စုလိုက်သည်။

"ဒါနဲ့ ကိုမြတ်သူအိမ်ထောင်ကျပြီလား"

"ကိုယ် ကလေးတစ်ယောက်အဖေတောင် ဖြစ်နေပြီစိုး"

ကိုမြတ်သူစကားကြောင့် သူစိတ်သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်သူသည် မသက်နှင့် ပတ်သက်ခဲ့ဖူးသည်လေ။ အနုအခြေ အနေ မှာတော့ မသက်နှင့်သူ့အကြောင်း ပြောပြဖို့ မျက်နှာပူစရာ မလိုတော့ပေ။

"ဘုရားကြီးထဲကို သွားရအောင်ကိုမြတ်သူ။ စိုးမှာပြောစရာ အများကြီးရှိကယ်။ လာဗျာ ကိုမြတ်သူ"

"ဘုရားကြီးကိုနောက်မှသွားစိုး။ ပြီးတော့ မင်းပြောပြချင်တဲ့ စကားတွေကို ခဏထားလိုက်ဦး။ ကိုယ်တို့တွေဒီထက်အရေးကြီး တဲ့နေရာကို သွားကြစို့ စိုး။ မင်းမိနစ်ပိုင်းပဲနောက်ကျသွားတာပါ"

သူ့လက်ကို ဆွဲခေါ်သောကြောင့် ကန့်လန့်ကန့်လန့်နှင့် လိုက်ပါသွားရသည်။ ကိုမြတ်သူပြောသော စကားတွေနှင့် ပြုမူပုံ တွေကို သူနားမလည်နိုင်တော့ပေ။ ကိုမြတ်သူခေါ်လာသော အရေးကြီးသည်ဆိုသည့် နေရာမှာ သုသာန်ဖြစ်နေသည်ကို တွေ့ရ၏။

"မင်းကိုပြောပြချင်တယ်။ မင်းစိတ်တွေနုနယ်နေမလားစိုး။ ဒါပေမယ့်ကွာ။ ဒီအကြောင်းအရာတွေကို မင်းမသိလို့မှ မဖြစ်ဘဲ။ သိပ်မကြာခင်လေးက ပြီးဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ နောက်ဆုံး ခရီး။ အဲဒီအုတ်ဂူလေးကို သေချာကြည့်စမ်းစိုး"

အုတ်ဂူလေးမှာ အပြာနုရောင်ဆေးတို့ စသုတ်စပင် ရှိသေး၏။ အလုပ်သမားများသည် သူတို့အနားသို့တိုးကပ်လာခြင်းကြောင့် လုပ်လက်စများကို ခေတ္တရပ်လိုက်ကြသည်။ အုတ်ဂူကို ပတ်ချာလည်





သူကြည့်သည်။

အုတ်ဂူပေါ်ရှိ စာတန်းဆီသို့သူအကြည့်ရောက်ချိန်မှာတော့ မျက်လုံးတို့ပြာဝေသွားရတော့သည်။ သေဆုံးသည့် နေ့ရက်၊ အမည် နာမတို့သည် သူ့မျက်ရည်ကို အလိုလိုဖြစ်တည်ပေတော့၏။ ဝမ်းနည်း ဖွယ်အဖြစ်ပျက်များကို စီကာပတ်ကုံး ကိုမြတ်သူပြောပြ တော့၏။ ကြားရသောစကားသံများက သူ့ရင်ကို အခံခက်စေ သည်လေ။

၊၊၊



www.burmeseclassic.com

www.burmeseclassic.com



ငါ၏ သတ္တဝါသမီးပျက်စီးခြင်းကြောင့် ငါ့မျက်စိသည်
မြစ်ရေဖြစ်၍ စီးဆင်းလျက်ရှိ၏
ငါ့မျက်စိသည် ငါ့နှလုံးကို ပူဆွေးစေတတ်၏
ဝမ်း၌ဆူလှိုက်ခြင်းရှိ၍ အသည်းသည်လည်း
မြေပေါ်မှာ သွန်းလျက်ရှိ၏

(သမ္မာကျမ်းစာ)

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဘဝကူးမှာ မျက်ရည်ပူတွေနဲ့ ဆုမတောင်းစေချင်ဘူး။

ဝမ်းနည်းလွန်းရင်လေ ရင်ထဲမှာပဲ တင်းခံလိုက်ကြရအောင်။

သူ့ရဲ့လားရာအတွက် မျက်ရည်တွေကို အဆစ်မထည့်ပေးချင် ပါနဲ့စိုး။

မျက်ရည်ဆိုတာ နှလုံးသားကို လောင်မြိုက်ရာက ဖြစ်ပေါ်လာတာ။

မျက်ရည်တွေကို သိမ်းလိုက်ပါစိုး။

သူ့ရဲ့နောက်ဆုံးအချိန်တွေကို စိုး မသိခဲ့ဘူး။

အောက်တိုဘာ တစ်ရက်နေ့ ဝေလီဝေလင်း အချိန်ကစပြီး အောက်တိုဘာတစ်ရက်ည (၁၀) နာရီအထိ သူ့ရဲ့အဖြစ်အပျက်တွေ၊ သူပြောခဲ့တဲ့စကားတွေကို စိုး မသိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရင်မှာ ပြောစရာတွေပြည့်နှက်နေတယ်။

နားထောင်ကြည့်ပါစိုး။

ကိုယ်မှာအကျင့်တစ်ခုရှိတယ်။

ခရီးတစ်ခုသွားပြီဆိုတာနဲ့ ကောင်းကောင်းအိပ်တတ်တဲ့ အကျင့်ရှိတယ်။

ရထားထွက်ခါနီးမှာပဲ အထက်တန်းတွဲပေါ်တက်ခဲ့တယ်။ နေရာထိုင်ခင်းရှိရာမှာ ပစ္စည်းတွေ စံနစ်တကျချပြီးတာနဲ့ အိပ်ဖို့ ကြိုးစားပြီ။

ရထားစထွက်ပြီး မကြာခင်မှာပဲ ထုံးစံအတိုင်းကိုယ်အိပ် ပျော်သွားခဲ့တယ်။

အဲဒီနေ့အဖြစ်ပျက်ကတော့ တကယ့်ကို အထူးအဆန်းပဲစိုး။

နေရောင်က မျက်နှာကိုထိုးလို့ အိပ်နေရာက နိုးသွားတယ်ဆို တာ ကိုယ့်ရာဇဝင်မှာ မရှိဘူး။

ကိုယ့်အိပ်မောကျသွားချိန်ဟာ အများဆုံးနာရီဝက်လောက်ပဲ ရှိမယ် ထင်တယ်။

လန့်နိုးလာပြီး ကိုယ်ဆက်မှိန်းလို့ မရတော့ဘူး။

အနီးအပါးကို မျက်စိကစားလိုက်တယ်။

ကိုယ်နဲ့ခါးလွယ်ခုတ်ခုံဆီ အကြည့်ရောက်သွားတယ် ဆိုရင်





ကိုယ့်နှလုံးသားတွေ ပြောင်းဆန်သွားတယ် ထင်ပါရဲ့စိုး။

ဒီမျက်နှာလေးပေါ့။

ကိုယ်ရင်ထဲကနေ အချိန်တော်တော်ကြာ ပျောက်ဆုံးသွားတဲ့ သံယောဇဉ် မျက်နှာလေး။

ကာလသက်တမ်းအတွေ့အကြုံတွေရဲ့ သင်ကြားမှုကြောင့် သာ မျက်နှာထားဟာ တည်ရင်တည်နေမယ်။ ဒါပေမယ့် ချစ်စရာ မျက်နှာဘေးနဲ့ သူ့ရဲ့မျက်တောင်ကော့တွေကတော့ အရင်ကာလများ ကလိုပဲ ချစ်မက်စရာ ကောင်းတုန်းပါပဲ။

ကိုယ်ပတ်ဝန်းကျင်ကိုတောင် အမှတ်မထားနိုင်တော့ဘူး။

မှိန်းပြီးအိပ်စက်နေတဲ့ သူ့မျက်တောင်ကော့တွေရဲ့အလှကို ကိုယ်ဖျက်ဆီးလိုက်မိတယ်။

"သက်သက်မိုး"

ရုတ်တရက်မျက်လုံးဖွင့်ကြည့်ပြီး အံ့သြသွားတယ်။ သူ့ရဲ့ အံ့သြမှုက လတ်ဆက်တက်ကြွ မနေဘူး။ အဲဒီကတည်းက သူ့မျက် နှာညိုးနွမ်းနေမှုကို သတိထားမိတယ်။

"ရှင်ကိုမြတ်သူပဲ"

ဖြူတော့တော့ဖြစ်နေတဲ့ သူ့ရဲ့နှုတ်ခမ်းအစုံဟာ လေတိုးတဲ့ ဒါဏ်ကြောင့် ခြောက်သွေ့နေရှာတယ်။

"သက်သက်မိုး ကိုယ်လက် မအီမသာဖြစ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



စကားနဲ့မဖြေပဲခေါင်းညိတ်ပြရှာတယ်။ သူ့ရဲ့အမူအယာကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိတယ်။ သူနဖူးပြင်နဲ့ အသားတွေ ကိုစမ်းကြည့်တော့ ပူခြစ်နေတာပဲ။ ပြတင်းတံခါးကို ပထမဆုံး ကိုယ်ပိတ်လိုက်တယ်။ မျက်နှာချင်းဆိုင်က လူနဲ့ ခုံချင်းလဲထိုင်လိုက်တယ်။

နီးစပ်ရာခရီးသည်တွေဆီက ပါလာတဲ့ ဆေးကိုသောက်ဖို့ပြောတော့ သူကတွင်တွင်ငြင်းတယ်။

ဆေးနန်းမပြဘူးလား။ တစ်ယောက်တည်းဘာကြောင့်ထွက်လာရသလဲ။ ဘယ်သွားမှာလဲ။ စသည်ဖြင့် မေးခွန်းတွေဆက်တိုက် သူ့ကိုမေးမိတယ်။

"ကျွန်မအဖျားက ယာယီပါရှင်။ အခုကျွန်မ. . .ကိုမြတ်သူတို့ရဲ့မြို့ကိုသွားမှာပေါ့။ ပြီးမှ ကျွန်မတို့ရွာကိုသွားမယ်။ ဟိုမှာစိုးကကြိုပြီး ကျွန်မကိုစောင့်နေတယ်"

"ကော်ဖီနဲ့ပေါင်မုန့် သောက်လိုက်ပါလား"

"ဟင့်အင်း . . ကျွန်မ ခဏခဏအန်နေလို့"

သက်သက်မိုးဟာ တော်တော်ခေါင်းမာတဲ့ အမျိုးသမီးလို့ပြောရမယ်။

သူ့ဘဝကပဲ သူ့ကို ဒီလိုစိတ်ဓာတ်မျိုးတွေဖြစ်အောင် ဖန်တီးပေးခဲ့သလားမသိဘူး။





ခဏနေတော့ ကိုယ်နဲ့သူပြောတယ်။ ပြီးတော့စိုးအကြောင်းကိုပြောတယ်။

စကားပြောရင်းက သူအန်ပြန်တယ်စိုး။

r r r

"ရှင် အိမ်ထောင်ကျနေပြီလား"

"ကလေးတောင်ရနေပြီ"

"အခုအချိန်မှာ ရှင်ကျွန်မကို ဘယ်လိုထင်လဲ"

"ကံကြမ္မာရဲ့ တဖက်တသတ်ဆန်တဲ့ မတရားမှုကို သက်သက်မိုး ခံရတာပါပဲ။ နှစ်ကာလကြာသွားပြီဆိုတော့ သက်သက်မိုးတော့ ယုံချင်မှယုံကြည်။ သံယောဇဉ်ကြောင့်ပဲ ဒီအကြောင်းတွေကိုတွေးမိတိုင်း စိတ်မကောင်းဖြစ်ရတယ်"

သူကပြုံးတယ်။ သူ့အပြုံးက မလတ်ဆက်ပါဘူးစိုး။ ဒီနောက်မှာတော့ သူခဏငြိမ်ကျသွားတယ်။

သူကစကားတွေကို နားနားပြီး ပြောချင်နေပုံပဲ။ ဒါကို

www.burmeseclassic.com



ကိုယ်ရိပ်မိတော့ သူ့ကို စကားအစမခံဘဲ ကိုယ်ကဦးအောင် ပြောပြောနေမိတယ်။

"သက်သက်မိုး တစ်ယောက်လေလွင့် နေတယ်ဆိုတဲ့ အကြောင်းတွေကို ကြားရတိုင်း ကျွန်တော်အိပ်မက်တွေမှာ အမြဲကြောက်လန့် နေမိတယ်။ ကျွန်တော်ရှာသေးတယ်။ အိမ်ထောင်နဲ့ကွဲ သလို လိုကြားလို့ပေါ့။ သတင်းက အစနသာရတာ။ သက်သက်မိုးနဲ့ မတွေ့ပါဘူး။ ဒီနောက်ပိုင်းတော့ သတင်းတွေမရဘဲ အဆက်သွယ် အရှမ်းကိုပြတ်သွားခဲ့တာ"

"အခုလဲ ကျွန်မ အိမ်ထောင်နဲ့ အပြီးအစီးပြတ်ဆဲပြီး ထွက်လာတာ"

ကိုယ်ကတော့ စိုးစောင့်နေမယ် ဆိုတာကို ရိုးရိုးပဲထင်ခဲ့တယ်။

ကိုယ်က နှစ်ပေါင်းများစွာတုန်းက သူ့ကိုချစ်မြတ်နိုးခဲ့တယ်။ အဲဒီသံယောဇဉ် အကြွင်းအကျန် သူ့မှာရော ကိုယ့်မှာရော ရှိကြလိမ့်မယ်လို့ ထင်ခဲ့တယ်။

သူစကားတွေကြားရတော့ ကိုယ်ရဲ့အတွေးဟာ မှားယွင်းသွားရတယ်။

"ကျွန်မဘဝမှာ အချစ်ဆုံးတစ်ယောက်ပဲရှိခဲ့တယ် ကျွန်မနှလုံးသားမှာ တစ်ယောက်ဆို တစ်ယောက်ထဲပဲ"





"ဘယ်သူလဲဆိုတာ ကျွန်တော်မသိရဘူးလား"

ကိုယ်များဖြစ်လေမလားလို့ မရဲတရဲမေးမိတယ်။

"ရှိ"

စိုးရဲ့အမွှေပြတ်ကြော်ငြာတွေလိုက်တုန်းက သက်သက်မိုးနဲ့ ပတ်သက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ အဲဒီစကားကို ကြားရတော့ အရှမ်းလဲ အံ့သြသွားတယ်။

"အဟွတ် . . အဟွတ်"

သူ့အရိပ်အခြေကိုကြည့်ပြီး အားလုံးက ဆေးခန်းပြဖို့ ကိုက်တွန်းကြတယ်။ ကိုယ်သဘောကလည်း နီးစပ်ရာမြို့တစ်မြို့မှာ ဆင်းပြီး ဆေးခန်းပြဖို့ပါပဲ။

သူကတော့ မြို့ကိုအမှီရောက်ချင်တာနဲ့ ငြင်းတယ်။ သူ ဓါင်းမာပြီဆိုရင် စိုးသိသားပဲ။

ဘယ်လိုဖျောင်းဖျ ဖျောင်းဖျ နားမဝင်တော့ဘူး။

သူအိပ်မယ်ဆိုပြီး ခဏမှေးတယ်။ ခဏကြာတော့ သူအိပ်ပျော်သွားတယ်။ သူ့ရဲ့အသက်ရှူပုံကို ဘဝင်မကျတာတော့ အမှန်ပဲ။ သူ့ရဲ့ရင်ခုန်မှုတွေက ကိုယ့်အပူကို တစ်ဆင့်တိုးစေတယ်။

ကိုယ်ရင်တွေပူလာတယ်။

အဆုံးအထိတော့ ကိုယ်မတွေးမိဘူး။ သူနဲ့ပတ်သက်လာရင် ကိုယ့်ဦးနှောက်တွေကိုပဲ အပြစ်တင်ရမလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ ချိတုံချတုံဖြစ်မှုဟာ သူ့ကို ထိခိုက်စေမယ်မှန်း မသိခဲ့ဘူး။

ကံကြမ္မာက သူ့အပေါ်အငြိုးကြီးလွန်းတယ်။

ဒီတစ်ခါ အဖြစ်အပျက်ကတော့ ကိုယ်တို့အတွက် ကမ္ဘာပျက်ခြင်းပါပဲစိုး။

။ ။ ။

ဝိဉာဉ်တစ်ခုဖြစ်နဲ့ ကောင်းကင်မှာ ပြန့်လွင့်နေမယ် ဆိုရင်ပေါ့။

ကိုယ့်ရင်ဆီမှာ ခေတ္တပူးကပ်ပြီး စိုးကိုပြောပြနေတာ ဖြစ်ကောင်းဖြစ်နိုင်မယ်။

သူရဲ့ချစ်ခြင်း။ ပြီးတော့ စိုးရဲ့ချစ်ခြင်း။

မျက်ဝါးထင်ထင် တွေ့ရပြီး ရင်နင့်စရာကောင်းတဲ့ စိုးတို့ရဲ့ချစ်ခြင်းကို ချီးကျူးမိတာအမှန်ပဲ။

ကိုယ့်စကားတွေ အဆုံးမရောက်သေးဘူးစိုး။

မျက်ရည်တွေကို အဝေးဆုံးဆီ လွင့်လိုက်စမ်း။





အခုမင်းကြားရမဲ့ စကားတွေက သူ့ရင်က စကားတွေပါ။

ချစ်သူရဲ့စကားတွေကို မျက်ရည်တွေနဲ့ နားမထောင်ကောင်းဘူးစိုး။

မင်းနှလုံးသားတွေ နာကျင်နေမယ်ဆိုတာကို သိတယ်။

မင်းရင်ထဲမှာ

မင်းရဲ့ ရက်များစွာမှာ

မင်းရဲ့နှလုံးသားမည်နေသရွေ့ ရှိနေကြားယောင်နေနိုင်မဲ့စကား။ ဒီကမ္ဘာမှာ ဒီစကားကလွဲလို့ မင်းအတွက်ဘာလိုအပ်ဦးမလဲ စိုး။

မင်းရဲ့ရှိုက်သံတွေကို တိုးနိုင်သမျှ တိုးပေးစမ်းပါ။

ဒါမှ ကိုယ့်ရဲ့နောက်ကြောင်းပြန်စကားရပ်တွေကို ပြတ်သားပီသစွာ မင်းကြားနိုင်မှာပေါ့။

။ ။ ။

"ကျွန်မလေ စိုးအတွက်ပူပန်မိတယ်။ သူကျွန်မကို မျှော်နေရှာမှာ။ စိုးက မေတ္တာနဲ့ပတ်သက်ပြီး အရမ်းငတ်မွတ်ခဲ့ရသူ။ ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတွေကို သူ့ကို ပုံအောပြီးပေးခဲ့ပြီးပြီ။ ဒီအတွက်ကြောင့်ပဲ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို ဘယ်သူမှ မဖျက်ဆီးနိုင်တော့တာပေါ့"

ရထားကခရီးအဆုံးကို ရောက်ခါနီးပြီ။

ကိုယ်တို့မြို့ကိုလဲ ဝင်ခါနီးနေပြီ။

သူ့အနေအထားက အဆိုးဘက်ကို တဖြည်းဖြည်းကူးလာခဲ့တယ်။ မြို့ကိုအမြန်ရောက်ချင်နေမိတာ အမှန်ပါပဲ။

"စိုးနဲ့ကျွန်မက ဒီနေ့အထိ ဖြူဖြူစင်စင် နေခဲ့ကြတာ။ ကျွန်မတို့လေ ဟိုးငယ်ဘဝလေးကစပြီး အခုချိန်အထိပေါ့။ တစ်ယောက်ကို တစ်ယောက် ဖွဲ့ဖွဲ့လန်းလန်း ချစ်နေကြမှန်း သိခဲ့ကြတာ ကြာသေးတာမှတ်လို့။ ချစ်စခင်စမှာ ခွဲရတော့ စိုးတော့ လွမ်းနေမှာပဲ"

ရထားက မြို့ကိုဝင်မှန်းသူမသိဘူးထင်တယ်။

သူဟာ ကိုယ်ရင်ခွင်ကို အမှီပြုနေရရှာတယ်။ ကိုယ်ကတော့ ဆေးရုံကိုသာ မြန်မြန်ရောက်ချင်စိတ် ဖြစ်နေမိတယ်။

ကိုယ့်အင်္ကျီစကို ဆုပ်ကိုင်ထားတဲ့ သူ့လက်တွေဟာ မှုမမှန်တော့သလို။ သူဆက်တိုက်ပြောတဲ့ စကားတွေကလည်း မှုမမှန်တော့ဘူး။

မင်းကိုရည်ရွယ်ပြီး စကားတွေပြောနေလေရဲ့။



BURMESE CLASSIC .com



"စိုးရေ မသက်တို့ကောင်းကင်တစ်ခုကို သီးသန့်ဖန်ဆင်းရအောင်။ အဲဒီကောင်းကင်အောက်မှာ နှစ်ယောက်တည်း ရှိနေမယ်။ ဘာအတင်းစကား၊ ယုတ်မာကောက်ကျစ်မှုတွေ မရောပြွမ်းတဲ့ လေပြေ တွေ၊ ကျေးငှက်သံတွေ၊ စမ်းချောင်းလေးတွေရှိနေရမယ်"

"စိုးရေ ရေအေးအေးလေးကို မင်းလက်ခုပ်နဲ့ကဲ့ပြီး မသက်ကို တိုက်စမ်းပါ။ အေးချမ်းလိုက်တာကွယ်။ ဘဝဆိုတာ ပူလောင်လွန်းပါဘိ။ နှလုံးသားမှာ ချစ်ခြင်းတစ်ခုသာ ထွန်းထင်းပါစေလော။ ကျန်တာတွေကို လုံးဝ အနားအသီမခံလေနဲ့"

ဆေးရုံကိုမြင်နေရပြီ ဆိုကတည်းက ကိုယ်နည်းနည်းတော့ စိတ်အေးသွားမိတယ်။ ဒါပေမယ့် ကိုယ့်ရဲ့စိတ်အေးမှုဟာ ယာယီမျှသာပါ။

ဆေးရုံဆင်ဝင်အောက်ရောက်တယ် ဆိုရင်ပဲ သူဟာလုံးဝ ငြိမ်ကျသွားတယ်။ သူသတိလုံးဝ လစ်သွားတယ်စိုး။

ဒါကို ကိုယ်နောက်မှ သိတာစိုး။

ɪɪɪ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကမလှပေ။

မေတ္တာကလည်း အပြည့်ဝ မရရှိခဲ့

ချစ်ခြင်းတရားတွေနဲ့လဲ ကင်းဝေးနေခဲ့

သူ့ကိုမှ ကံကြမ္မာက ရွေးပြီးနှိပ်စက်ရက်တယ်။

သက်သက်မိုးအတွက်ကြောင့်ပဲ မင်းရင့်တွေ ထပ်ဆင့်ပူလောင်နေပြီမဟုတ်လားစိုး။

မင်းအငိုတိတ်တော့

မင်းမျက်ရည်တွေ အုတ်ဂူမှာ မှုန်းထင်းလို့နေပြီ။

နေဝင်ခါလည်းနီးပြီ

မင်းဘုရားကြီးဆီ သွားချင်သေးတယ်ဆို

ကိုယ့်မှာမင်းကို ပြောဖို့စကားတစ်ခွန်းကျန်သေးတယ်။

ဒီစကားအဆုံးသတ်ပြီးရင် ကိုယ်တို့ဘုရားကြီးဆီသွားကြမယ်။ မင်းပြောသလိုပါပဲ။ ဒီတစ်ခါ သက်သက်မိုးရဲ့သဏ္ဌာန်ဟာ ကိုယ်တို့နဲ့အတူ မပါလာတော့ဘူး။ဒါပေမယ့် သူ့ရဲ့ချစ်ခြင်းတရားတွေတော့ တို့ရင်ကိုယ်စီမှာ တွယ်ငြိလို့ပါလာလေရဲ့။

ဒီအတွက်ဆုတောင်းခြင်းကို ပြုရအောင်။

မင်းဆုတောင်းလိုက်စမ်းပါစိုး။





ဆေးရုံပေါ်ရောက်တော့ ညကိုးနာရီထိုးပြီ

လူနာကို ဒီလောက်ဖြစ်အောင် ဘာဖြစ်လို့အချိန်ကြာကြီးဆွဲထားရသလဲဆိုပြီး ဆရာဝန် ဆရာမတွေက ဝိုင်းပြီးအပြစ်ဖို့ကြတယ်။

ပြီးတော့ ဒီလောက်ခရီးဝေးကြီးကို ဘာကြောင့် လာရသလဲပေါ့။

သူတို့ကလည်း ကရုဏာဒေါသနဲ့ ပြစ်တင်ကြတယ်။

မိနစ်ပိုင်းမှာပဲ ကိုယ်အဖြေသိလိုက်ရပြီ။

လူနာသတိပြန်လည်လာပြီ။

ဒါပေမယ့် နောက်ဆုံးအချိန် ရောက်နေပြီလို့ဆိုတယ်။

ရောဂါကလွန်နေပြီ။

အူရောင်ငန်းဖျား ဖြစ်နေတာကို ပေါ့ပေါ့ဆဆ နေမိလို့ဒီလိုဖြစ်ရတာတဲ့ စိုး။

သက်သက်မိုးရဲ့နောက်ဆုံး မြင်ကွင်းကို စိုးမတွေ့ရလိုက်တာတော်တော်ကံကောင်းတယ်။

ကိုယ့်မျက်လုံးထဲမှာ၊အကြားမှာ အခုထိမြင်ယောင်နေဆဲပါ။

ကိုယ့်လက်တွေကို ဆုပ်ကိုင်ပြီး မင်းအကြောင်းနဲ့ ပြောရှာတယ်။

သူ့ရဲ့နောက်ဆုံးစကား

မင်းအတွက်တစ်သက်စာစကား



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို သံသရာအထိ သယ်ဆောင်သွားပါတော့ စိုး

rrr

"စိုး . . စိုးကို . . ချစ်တယ်"

အတတ်နိုင်ဆုံး စကားလုံးကွဲအောင် ပြောသွားရှာတယ်။

မင်းကတော့ တစ်ဆင့်ကြားရသူ....

နားနဲ့ဆတ်ဆတ်ကြားခဲ့ရတဲ့ ကိုယ်အဖြစ်ကတော့ ဒီတစ်သက် မမေ့ပျောက်နိုင်စွမ်းတော့ဘူး ။

မျက်လုံးတွေက ပြူးကြောင်ကြောင်ဖြစ်မနေဘဲ မျက်တောင်ကော့တွေနဲ့ အတူတစ်ခုခုကို တမ်းတရှာဖွေတဲ့ ပုံစံမျိုးနဲ့ သူ့အသက်ထွက်သွားရှာတယ်။

ပုံပြင်တစ်ခုလိုဆိုရင် ပုံပြင်

လွမ်းစရာတေးတစ်ပုဒ်ဆိုရင် အလွမ်းတေး

မမေ့အပ်တဲ့ချစ်ခြင်းတရားဆိုရင် စံနမူနာအချစ်

အနှစ်နှစ်ကာလတွေအတွက် ဝမ်းနည်းမှုတွေကို ချန်ခဲ့လေသူ

ဝေးရာကို အပြီးထွက်သွားပေမယ့် မမေ့နိုင်ခြင်းတွေနဲ့ ပြူစား





ရက်သူ။

သက်သက်မိုး လောကမှာ မရှိတော့ပြီ ။

rrr

စိုးရေ

မင်းမျက်ရည်တွေကို သုတ်လိုက်တော့ ။

ဘုရားကြီးရှေ့ကို ကိုယ်တို့တွေ ရောက်နေပြီ ။

မင်းရဲ့ချစ်ခြင်း.....

ကိုယ်ရဲ့ချစ်ခြင်း .....

ပြီးတော့ သူ့ရင်ရဲ့ချစ်ခြင်းတွေနဲ့အတူ ဆုတောင်းခြင်းကို ပြုလိုက်ကြရအောင် ။

"ဘာ"

မင်းအနားမှာ သက်သက်မိုးရှိနေတယ် ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဒါများ အဆန်းလားစိုးရယ်၊ ဒီကမ္ဘာအတွက် မင်းချစ်သူမင်း အနားမှာရှိနေတာ အဆန်းမှတ်လို့....။

မင်းစိတ်တို့တည်နေသရွေ့ ဒီလိုအဖြစ်မျိုးတွေကြုံနေရမယ်။

ဆုတောင်းပါစိုး.....။

ကိုယ်တို့တတွေက ခရီးရှည်ကြီးကို ဆက်လက်လျှောက်ကြ ရဦးမှာ....။

ဒီတော့ သံသရာ ဆိုတာကိုလည်း ရင်ဆိုင်ရဦးမှာပေါ့

ပျော်ရွှင်ခြင်းတွေ ရဖို့

သံယောဇဉ်တစ်ခု လွတ်လပ်တဲ့ ကမ္ဘာမှာ နိုးနားနိုင်ဖို့

အတ္တတရားပါးပါးသာရှိတဲ့

ငြိမ်းချမ်းမှုတတဲ့ လောကတစ်ခုမှာ အမှီပြုဖို့

ငြိမ်းချမ်းရာ သီချင်းတေးဆိုရင်း

ပန်းတွေကြိုင်လန်းနေမဲ့ နယ်မြေ

ငိုယိုအံကြိတ်မှုတွေ ကင်းတဲ့ဝန်းကျင်

ချစ်သူနှစ်ဦးရဲ့ လက်တွေ မြဲမြဲစေမဲ့ ဒေသ

ဆုတောင်းလိုက်စမ်း စိုး

ကိုယ်တို့ရင်တွေကို တိုင်တည်ပြီး ဆုတောင်းလိုက်စမ်း





ချစ်ခြင်းတရားတွေရဲ့ ကိုယ်စား

သစ္စာတရားတို့ရဲ့ ကိုယ်စား

ရင်အားရှိသရွေ့ ဆုတောင်းလိုက်စမ်းပါကွယ်။

မောင်ညိုအေး (ပန်းတော)
တိုက် ၆၊ အခန်း ၃
ကြို့ကုန်းရိပ်သာ၊ အင်းစိန်



BURMESE CLASSIC .com
www.burmeseclassic.com